
www.burmeseclassic.com

တက္ကသိုလ် **တင်မြင့်**

# မောင့်အချစ်ဆုံးက မင်း




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

မောင့်အချစ်ဆုံးကမာင်း


စာပုံနှိပ်ခွင့်ပြုချက်အမှတ် - ၅၀၀၈၇၂၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၉၀၇၀၉

၂၀၁၀ ခုနှစ်၊ နှန်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာမာဂေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်
မောင့်အချစ်ဆုံးကမာင်း/တက္ကသိုလ်တင်မြင့်--ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၅၆- စာ၊ ၁၂×၁၈ စင်တီ။
(၁) မောင့်အချစ်ဆုံးကမာင်း


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

တက္ကသိုလ်

# ခင်မြင့်



# မောင်အချစ်ဆုံးကမင်း

www.burmeseclassic.com

www.burmeseclassic.com







၁၉၇၃ – ရှင် ခွန်စ်
ဝန်းကျင်ခန့်

၄ ၀ ထ နု ၁ ၀ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁)

အခေါက်ပေါင်းများစွာတော့လည်း မျက်မှန်းတန်းမိနေကြပါ၏။ မန္တလေးဂေါ်ဝိန်ဆိပ်ကမ်း လမ်းကြမ်းကြမ်းထဲသို့ စိမ်းဖန့်ဖန့်မှန်လုံဆလွန်းကားလေး လူးလူးလိမ့်လိမ့်ဝင်လာခဲ့သည်။

ဆိပ်ကမ်းတွင်ကပ်ထားသော မော်တော်ပေါ်မှ လူရွယ်တစ်ဦးက လှမ်း၍ကြည့်သည်။ ဆလွန်းကားလေးကိုတွေ့သည်နှင့် မော်တော်အမြင့်ပေါ်မှ ကမ်းအနိမ့်သို့ လှမ်းခုန်လိုက်သည်။

ပြီး ကားစိမ်းစိမ်းလေးရှိရာသို့ အပြေးအလွှားတက်ရောက်သွားပါလေ၏။

"ဟော့ကောင်ကောက်ရ ဒါမျိုးကျတော့ မင်းမျက်စိက သိပ်



www.burmeseclassic.com

www.burmeseclassic.com




လျှင်ပါလားကွ။ ဟား ... ဟား ... ဟား ... ဟား ... ကောင်းတယ်။ မင်းက ပါစင်ဂျာရအောင်ခေါ်နိုင်လေ ငါ့မှာ ပိုက်ဆံပိုရလေပေါ့ကွာ။ ဒါပေမဲ့ မင်းဟာက မစားရအညော် ခံ။ အမဲရိုးနဲ့ ဟင်းအိုးဘဝပါလားကွ။ ဟား ... ဟား ... ”

မော်တော်ပဲ့ပိုင်းပေါ်တွင် စောစောစီးစီး ပုလင်းထောင်နေသော မော်တော်ပိုင်ရှင် ဦးဘလင်းက ကောက်ရဆိုသည့် လူရွယ်ကို လှမ်း၍နောက်လိုက်သည်။

ကြားများကြားသွားမလားဆိုသည့် စိတ်ကလေးဖြင့် လူရွယ်က ကားရှိရာသို့ လှမ်းကြည့်မိသည်။ တော်သေးသည်။ အလှမ်းဝေးသေးကာ မှန်အလုံပိတ်ထား၍ ကြားဟန်တော့မရှိ။

လူရွယ် ပြေးမြဲပြေးသည်။ စွပ်ကျယ်လက်ပြတ်ဝတ်ထား၍ လူရွယ်၏ကြွက်သား အမြှောင်းမြှောင်းထနေသည်ကို မြင်နေရပါ၏။ လူရွယ်က နှစ်ဆယ့်ငါးနှစ်ခန့်ပဲရှိလေမည်။ အသက်နှင့် မလိုက်အောင် လူက ညိုမောင်းထွားကျိုင်းလှသည်။ ဆံပင်က လိုသည်ထက်တော့ ပို၍ရှည်နေခဲ့သည်။





www.burmeseclassic.com



"အမေ ... မင်းကွန်းဘက်သွားဖို့ပဲမဟုတ်လားဗျာ ... "

"အေးကွယ် ... ထုံးစံအတိုင်းပဲပေါ့ မောင်ကောက်ရဲ့"

"သယ်စရာပိုးစရာရော ပါသေးလား အမေ ... "

"ဒီအပတ်တော့ သယ်စရာတစ်ပုံကြီးပဲကွယ် ... အမေတို့ မနက်ဖြန် ရန်ကုန်ကိုပြန်တော့မယ် စဉ်းစားတယ် ... ဒါကြောင့် မင်းကွန်းဘိုးဘွားရိပ်သာက ဘိုးဘွားတွေအတွက် ဖိနပ်တွေရော မျက်နှာသုတ်ပဝါ၊ ကွမ်း၊ ဆေး၊ လက်ဖက် စုံလို့ပဲကွဲ့ ... "

"ရပါတယ်အမေ ... ကျွန်တော် အားလုံးထမ်းပိုးပေးပါ့မယ်"

"သာဓုကွယ် ... သာဓု ... သာဓု၊ ဒြော် ... မိသွယ်သွယ် ကားနောက်ဖုံးကို ဖွင့်ပေးဦးလေ။ ပစ္စည်းတွေချရအောင်"

"ဟုတ်ကဲ့ ဘွားဘွား ... "

ထိုအခါကျမှပင် ယာဉ်မောင်းလာသူအမျိုးသမီးအား မောင်ကောက်ရ လှမ်းကြည့်မိတော့သည်။

ဤစိမ်းဖန့်ဖန့်ဆလွန်းကားလေးပေါ်တွင် အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်ငယ်တစ်ဦးသာ ပါလာလေ့ရှိသည်။ အမျိုးသမီးကြီးက ခြောက်ဆယ်တော့ ကျော်လောက်ပေပြီ။

မောင်ကောက်ရ မှတ်မိသေးသည်။

ပထမဦးဆုံးလာခါစက ... ဖီးယက်ကားလေးကို ဂေါဝိန်ဆိပ်ကမ်းသို့ မောင်းချလာသော မြေးအဘွားနှစ်ဦးသည် မင်းကွန်းဘက်ကူးရန် ယောင်လယ်လယ်ဖြစ်နေကြသည်။ သူမတို့ကားကို ဆိပ်ကမ်းတွင် ဘယ်လိုထားရမှန်းလဲမသိ၊ မင်းကွန်းသို့တစ်ခါမှလည်း သွားကြဖူးပုံမပေါ်။

"အမေတို့ မင်းကွန်းဘက်ကူးမလို့လား ခင်ဗျ"

မောင်ကောက်ရ၏အလုပ်မှာ မော်တော်၏စက်ကိုလည်း ကိုင်တွယ်ရသည်။ ခရီးသည်များများရအောင်လည်း ကြိုဆိုရသည်။

မော်တော်နားချိန်ကျလည်း သန့်ရှင်းရေးနှင့် လိုအပ်သောအသေးအဖွဲ့ စက်ပြင်မှုကိုလည်း ဆောင်ရွက်ရသည်။

ကောက်ရသည် နေ့စားအလုပ်သမားတစ်ဦးဖြစ်





သည်။ ရသမျှငွေကိုစုသည်။ မော်တော်မထွက်ရသောနေ့တွင် သူ့မှာငွေမရှိတာထက် ငွေမဝင်ဟု ပြော၍ရသည်။

ကောက်ရ ဆိပ်ကမ်းတွင် မော်တော်အလုပ်သမားအဖြစ် လုပ်ကိုင်သည်မှာ (၅)လမျှသာရှိသေးသည်။ သို့တစေ လူချစ်လူခင်များသည်။ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်အဆုံး နောက်မှပေးမည်ဆိုလျှင် ပြီးသည်။ ယုံကြည်ကြသည်။

"အေးကွယ် ... အမေတို့ မင်းကွန်းကူးမလို့ဘဲ။ ဒါပေမဲ့ မော်တော်ကားထားခဲ့ဖို့က ... "

"မပူနဲ့အမေ၊ စိတ်ချရအောင်စီစဉ်ပေးပါ့မယ်။ အမေတို့ကားဘာမှမဖြစ်စေရဘူး ... "

"ကျေးဇူးပဲမောင်ရင်၊ နောက်တစ်ခုက အမေ့မှာ ဘိုးဘွားတွေအတွက် လှူဖို့ပစ္စည်းတွေ ပါလာသေးတယ်"

"ကိစ္စမရှိပါဘူးအမေ ... အမေ့ပစ္စည်းတွေ မော်တော်ထဲကျွန်တော်ထမ်းချပေးပါ့မယ် ... "

"ဪ ... နောက်တစ်ခုက မောင်ရင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါအမေ ..."

"မောင်ရင့်မော်တော်က ဘယ်တော့ထွက်မှာလဲ ..."

ထိုစဉ်က ကောက်ရ ခေါင်းကုတ်မိသည်။ မော်တော်ပိုင်ရှင် ဦးဘလင်းသည် အလိုရမ္မက်ကြီးသူဖြစ်ပါ၏။ နာရီစေ့၍ ထွက်ချိန်တန်လျှင် ခရီးသည်နည်း၍ ပေတိပေကတ်လုပ်ကာ မထွက်တတ်။

ဦးဘလင်းသည် မိုက်သွေးရှိကာ ကမ်းနားတစ်ဝိုက်ဆိုးပေကျင်လည်လာသူဖြစ်၍ မည်သူမျှမပြောရဲကြ။ ဓားခုတ်မှု၊ ရိုက်မှုများကြောင့် အချုပ်ထဲသို့ ကြိမ်ဖန်များစွာ ဝင်ခဲ့ဖူးသူလည်းဖြစ်သည်။

ထို့ကြောင့်ပင် ဦးဘလင်းထံတွင် လူငှားမမြဲခဲ့ပေ။ ထူးထူးဆန်းဆန်း ဂေါဝိန်ဆိပ်သို့ လွန်ခဲ့သည့်(၅)လခန့်ကမှ ရောက်ရှိလာသူ ကောက်ရနှင့်မှ မြဲနေခဲ့သည်။

"မော်တော်ထွက်ဖို့ နည်းနည်းစောင့်ရဦးမယ် ထင်တယ်။ ခရီးသည်က ဆယ်ယောက်လောက်ပဲရှိသေးတယ်။ ဒီအထဲ





မှာ လမ်းလူ ဘယ်လောက်ပါသေးလဲမသိဘူး အမေ ..."

"လမ်းလူဆိုတာက ..."

"လမ်းလူဆိုတာက ခရီးတိုသမားကိုပြောတာပါ။ ခရီးတိုတော့ ငွေနည်းတယ်လေ ..."

"ဩော် ... ဩော် ... တစ်စီးလုံး ခရီးသည်ပြည့်အောင်စောင့်ရမယ့်သဘောပေါ့။ ဟုတ်လား မောင်ရင် ..."

ဤမှာပင် အမျိုးသမီးငယ်က စိတ်မရှည်နိုင်ဟန်ဖြင့် ဝင်မေးတော့သည်။

"အစ်ကိုတို့မော်တော်က မင်းကွန်းရောက်တဲ့အထိ ပိုက်ဆံဘယ်လောက်ရမှ မောင်းမှာလဲဟင် ..."

"အဲဒါတော့ ညီမတို့နဲ့ မော်တော်ပိုင်ရှင် ဦးဘလင်းတို့ ဆွေးနွေးကြပါ။ ကျွန်တော်က သူ့ရဲ့အလုပ်သမားဆိုတော့ ပြောပိုင်ခွင့်မရှိပါဘူးခင်ဗျာ ..."

သွယ်သွယ်ခေါ် အမျိုးသမီးငယ်လေးက ကောက်ရကို မူးမူးမိုက်မိုက်ကြည့်လိုက်သည်။ လူရွယ်၏ မျက်ခုံး၊ မျက်လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



နှာတံတို့က ဥပမိရှပ်ကောင်းခြင်းကို ပြသနေလျက်ရှိပါ၏။ လူရွယ်၏မျက်နှာထားပုံက သူမဖေဖေ ဦးဘသစ်လို လုပ်ငန်းတစ်ခုလုပ်ရာတွင် ဉာဏ်ရှိပြီး ခွဲကြီးမည့်သူဟု ထင်မိပါလေ၏။

ကောက်ရ၏အကြံပြုချက်အရ ဦးဘလင်းနှင့် သွယ်သွယ်၏အဘွားတို့ စေ့စပ်ကြသည်။ ဦးဘလင်းက ကျေနပ်လောက်သောငွေရသည်မို့ သဘောတူသည်။ ကားကို ကောက်ရက သူ့အသိစိတ်ချရသောထမင်းဆိုင်မှ အမျိုးသမီးလေးထံတွင် အပ်နှံပေးခဲ့သည်။

ပြီးခဲ့သောတနင်္ဂနွေနေ့ ဒုတိယအခေါက်တွင်မှ ဦးဘလင်းသည် ဈေးပိုမိုတောင်းလာခဲ့သည်။ သွယ်သွယ်၏အဘွားက မငြင်း။ ဦးဘလင်းတောင်းသောဈေးကို ပေးသည်။

သည်တွင် သွယ်သွယ် နှုတ်ခမ်းစူပါလေ၏။ ယင်းအခေါက်တွင် သူတို့မြေးအဘွားတွင် ဘာမှပါခဲ့လေသည်မဟုတ်။ အခြားမော်တော်က ဈေးလျှော့ပေးသည်။ ထိုမော်တော်ကို မငှား၍ သွယ်သွယ် နှုတ်ခမ်းစူခြင်းဖြစ်ပါ၏။





"ဟဲ့ ... မိသွယ်သွယ် နင် ဘာနားလည်လို့လဲ။ နင့်မှာဝတ်ထားတာ စိန်နားကပ်၊ စိန်လက်စွပ်နဲ့ စိန်လော့ကတ်မဟုတ်လား။ ဘွားဘွားမှာလည်း စိန်တစ်လုံးနားကပ်၊ ကျားခေါင်းလက်ကောက်ကြီးနဲ့ ရေလမ်းခရီးမှာ ဘယ်လောက်အန္တရာယ်များလဲ။ ဒီမော်တော်က ခတ်သိရပ်သိဆိုတော့ စိတ်ချရတယ်သိလား"

"ဟွန်း ... မော်တော်မောင်းရင်း အရက်သောက်နေတဲ့လူကိုများ ဘွားဘွားမို့စိတ်ချတယ်။ သွယ်သွယ်တော့ ရွံလွန်းလို့"

"ဟဲ့ ... အဲဒီအရက်သမားကို ဘွားဘွားက စိတ်ချတာမဟုတ်ဘူး။ မောင်ကောက်ရကို စိတ်ချတာ ... "

"အို ... ဒီပုပ်ထဲကပဲ ဒီပဲ,ပဲနေမှာပါ ဘွားဘွားရာ ... "

"အေး ... အဲဒါပဲ၊ ညည်းတို့ခေတ်လူငယ်တွေ ကိုယ့်ဟာကိုယ် လည်တယ်ထင်ကြတယ်။ လူကဲမခတ်တတ်ကြဘူး။ လူတွေမှာ ဥပမိရှပ်နဲ့လိုက်ပြီး စိတ်နေသဘောထားရှိတတ်ကြတယ်။ မောင်ကောက်ရရဲ့ဥပမိရှပ်မျိုးဟာ အေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရိုးတယ်၊ တည်တယ်။ သတ္တိရှိတယ်။ မဟုတ်မှလွဲရော ဒီလို လူမျိုးဟာ မဟုတ်မတရားမလုပ်တတ်ကြဘူး။ ပြီးတော့ နိုင်းရင် သိပ်ဖင်ပေါ့တဲ့သူငယ်ကွဲ့။ အေး ... ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာကတော့ ဘဝထိုထိုက ကုသိုလ်ဒါန ကြောင့်ပေါ့ ... "

ဘွားဘွားပြောသည်မှာ ဟုတ်သင့်သလောက်ဟုတ် သည်မို့ သွယ်သွယ် နှုတ်ခမ်းမရှုပါလေတော့။

ယခုအခေါက်သည် တတိယအခေါက်ဆိုလည်းဟုတ် နောက်ဆုံးအခေါက်ဆိုလည်း ဟုတ်သည်။ သန်ဘက်ခါဆိုလျှင် ဘွားဘွားနှင့် သွယ်သွယ်တို့မြေးအဖွား ရန်ကုန်ပြန်ကြတော့မည်။

ဘွားဘွားဆန္ဒအတိုင်း သွယ်သွယ်သည် မန္တလေး တွင် တစ်လနီးပါးခန့် နေခဲ့ရသည်။ မန္တလေးနေစဉ်အတောအတွင်း စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ပြင်ဦးလွင် စသည်တို့သို့ ဘွားဘွား ဘုရားဖူး သွားလိုတိုင်း ဗီးယက်ကားလေးကို သွယ်သွယ်ကိုယ်တိုင်မောင်းပို့ရ သည်။





ကားဆိုသည်မှာ ကြာကြာမောင်းပို့ရတော့ ပင်ပန်း သည့်အပြင် ငြီးငွေ့မိပါ၏။ မြေးမလေးမောင်းမှ ဘွားဘွားကလည်း စီးရဲသည်။ ပြီးတော့ စီးနေကျအိမ်က ဗီးယက်ကားကိုမှ ဘွားဘွား က ကြိုက်သည်။ ဗီးယက်ကားကိုရောင်းပြီး ကားသစ်တစ်စီးဝယ်ပါ ဟု ပြောသော ဖေဖေ့စကားကိုပင် လက်မခံသောဘွားဘွား။

ရန်ကုန်ပြန်ရတော့မည်မို့ ဖေဖေနှင့် မေမေကို လွမ်း လှပြီဖြစ်သော သွယ်သွယ် ဝမ်းသာရသည်။ ယခုအပတ်လည်း ပြန် ခါနီးမို့ မင်းကွန်းဘိုးဘွားရိပ်သာရှိ ဘိုးတွေဘွားတွေကိုပါ မပြန်ခင် နောက်ဆုံးကုသိုလ်လုပ်မည်ဆိုကာ ဝယ်ထားလိုက်သည့်ပစ္စည်းတို့ မှာ စုံမှစုံပါလေ၏။

ကားနောက်ဖုံးအတွင်းမှ ပစ္စည်းမျိုးစုံကို ကောက်ရ ဆမ်း၍ မော်တော်အတွင်းသို့ တစ်ခေါက်ပြီးတစ်ခေါက် သယ်ချပါ ၏။

နံနက်ခင်းဆိုပါလေဦးတော့ မန္တလေးနေခြည်သည် သွက်ပြီပျော့ဆိုကတည်းက ပူလောင်ပါလေ၏။ ကောက်ရ၏တစ်

www.burmeseclassic.com



ကိုယ်လုံးတွင် ချွေးများရွှဲနစ်နေခဲ့သည်။

ဘာရယ်မဟုတ် သွယ်သွယ်သည် ကောက်ရ တက်ချီဆင်းချီဖြင့် သယ်ပိုးထမ်းချနေသည်ကို အရိပ်ခိုကာ ငေးကြည့်နေမိသည်။

"ဩော် ... ငယ်စဉ်အခါက ပညာမရှာမိတော့လည်း လူ့ဘဝမှာ ဒီလိုဖြစ်ရှာရမှာပေ့ါလေဟုလည်း ကြီးကြီးကျယ်ကျယ် သွယ်သွယ်တစ်ယောက်ရယ်က အတွေးနယ်ချဲ့လိုက်မိပါလေ၏။





## အခန်း (၂)

စင်းလုံးငှားမော်တော်ဆိုတော့လည်း ဘွားဘွားရယ်၊ သွယ်သွယ်ရယ်၊ မော်တော်ပိုင်ရှင် ဦးဘလင်း၊ ကိုကောက်ရနှင့် အခြားလိုက်ပါရစေဆိုသည့် တောင်းပလုံးတွေနဲ့ အမျိုးသမီးသုံးဦးသာ ပါလာသည့် မော်တော်သည် ဂေါဝိန်မှခွာပြီး မင်းကွန်းဆီသို့ ဦးတည်လိုက်သည်။

သွယ်သွယ်သည် မော်တော်ဦးပိုင်းဆီသို့ ထွက်လာခဲ့သည်။ သူမ၏ဆံပင်တို့မှာ လေထဲတွင် ဖွာရာကျဲရတော့သည်။ တိုးခင်လာသောလေကြောင့် သူမမျက်နှာမှာ စပ်ဖြီးဖြီးပင် ဖြစ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိသွယ်၊ အထဲမှာလာထိုင်လေ။ လေစိမ်းတိုးပြီး နေမကောင်းဖြစ်ဦးမယ် ... "

"ဟင့်အင်း၊ သွယ်သွယ် အပြင်မှာပဲထိုင်ချင်တယ် ဘွားဘွား။ ရှုခင်းတွေကြည့်ချင်လို့ ... "

ဘွားဘွားသည် နောက်တစ်ခွန်းထပ်မပြောပါလေတော့။ သွယ်သွယ်၏စိတ်ကို ဘွားဘွား သိပ်သိသည်။ သွယ်သွယ်သည် မာပြီဆိုလျှင် သိပ်မာတတ်ပါ၏။ တကယ့်ဖွတ်တရွတ်။ ဒါကြောင့်ပင် ဘွားဘွားသည် သူနှင့်တူပါလေသည်ဆိုပြီး မြေးလေး သွယ်သွယ့်ကို ရင်တနင့်ချစ်တော့သည်။

ရန်ကုန်အိမ်မှာဆိုလျှင် ဘွားဘွား၏သြဇာအာဏာ အထက်မြက်ဆုံး။ သမီးဖြစ်သူ သိန်းသိန်းဆိုလျှင် ဘွားဘွား တစ်ချက်မပြောရ။

"ဟုတ်ကဲ့ပါမေမေ ... "ဟူ၍လည်း ဖြစ်ပါလေ၏။

သမက်ဖြစ်သူ ဦးဘသစ်ကိုကြည့်လိုက်ဦး။ သူ့ရုံးမှာ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်ပါ၏။ မေမေဒေါ်သိန်းသိန်းကို





လည်း မီးသေပါ၏။ တစ်ခါတစ်ရံ ဖေဖေသည် ညည့်ခံပွဲများကြုံလျှင် အရက်နှင့် ဘီယာလေးများသောက်တတ်သည်။

ထိုရောအခါမျိုး၀ယ် မေမေဒေါ်စိမ်းစိမ်းသည် ဘွားဘွားမသိအောင် ဖေဖေ့ကို အခန်းထဲ၀ယ် ဝှက်နိုင်လျှင် ဝှက်ပေတော့။ မလွဲသာ၍များ တိုးမိပါလျှင် ...

"အောင်မယ်မယ် ... မင်းက ဘုရားမကြိုက်တဲ့အလုပ်ကို လုပ်လာခဲ့ပြီပေါ့ ဟုတ်လား။ မောင်ဘသင်် ဒီအရွယ်ကြီးကြမှ ကံငါးပါးကို မင်းမလုံရင် ဘယ်တော့မှလုံမှာတဲ့လဲဟင်။ ငါနေတဲ့ပတ်ဝန်းကျင်မှာ ငါ့ကိုစောင့်ရှောက်နေတဲ့ အထက်ဂိုဏ်းက အစောင့်အရှောက်တွေ အမြဲရှိနေတယ်ကွဲ့။ သူတို့က ကံငါးပါးမလုံတဲ့လူ ရှိနေတဲ့နေရာမှာ မနေဘူး သိလား။ ဒီလိုသာဆိုရင် ငါ့မြေး သွယ်သွယ်နဲ့ ဝင်ဒါမိယာထဲကကိုက်မှာပဲ ပြောင်းနေတော့မယ်။ မင်းနဲ့အတူတူမနေလို့ မဖြစ်တော့ဘူးဟေ့"

ထိုအခါမျိုးဆိုလျှင် ဖေဖေရော မေမေပါ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



ကို ရှိုးမတတ် ချော့ကြသည်။ တကယ်တော့ ဖေဖေဦးဘသစ်သည် ဘွားဘွားကို ကြောက်လှသည်မျိုးတော့မဟုတ်။

အမိကမှာ ဖေဖေသည် မေမေ့ကို တော်တော်ပင် ချစ်ပါ၏။ မေမေဒေါ်သိန်းသိန်းမှလည်း မှဆိုးမဘွားဘွား (မေမေ၏ မိခင်)ကို သိပ်ချစ်သည်။ စိတ်ငြိုငြင်သွားမှာစိုး၏။ ဒီတော့ ဖေဖေသည် ဘွားဘွား၏ဒဏ်ကို အလူးအလဲခံရတတ်ပါ၏။

ဘွားဘွားကို ယှဉ်ပြိုင်တုဆက်ဆံသူမှာ အင်းလျားလမ်းတိုက်ဝယ် သွယ်သွယ်တစ်ဦးတည်းသာ ရှိပါလေ၏။ သွယ်သွယ် မန္တလေးသို့ ရောက်ရှိလာခဲ့ခြင်းမှာ ဖွတ်တရွတ်နိုင်လှသော ဘွားဘွားကြောင့်ပင်။

အသက် (၆၅)နှစ်ပြည့်မွေးနေ့ကိုကျင်းပမြဲ ရန်ကုန်ရှိတိုက်တွင် မကျင်းမချင်တော့ဟု ဆိုလာသည်။ ညှိခန်းတွင် ဘွားဘွားက သူဖြစ်စေချင်တာကို မိသားစုအား တိုင်ပင်သည်ဆိုတာထက် သူ့ဆန္ဒကို ပြောကြားခြင်းပဲဖြစ်ပါလေ၏။

"တို့မြေးအဘွားနှစ်ယောက် မန္တလေးသွားကြမယ်။ ငါ





အသက်(၅၆)နှစ်မြောက်မှာ အညာဘုရားတကာစုံအောင် ဖူးပြီး ငါလှူချင်သမျှလှူမယ်။ နောက်ပြီး မင်းကွန်းဘိုးဘွားရိပ်သာက ငါ့လိုသက်ကြီးရွယ်ကြီးတွေဆီသွားပြီး ဒါနပြုနိုင်သမျှပြုမယ်။ အဲဒါ ငါ့ဆန္ဒပဲ မောင်ဘသစ်"

ဘွားဘွား၏ဆန္ဒဆိုသည်နှင့် မည်သူမျှမပယ်ဖျက်ခဲ့ရဲကြ။ ဆန္ဒအတိုင်းပင် ဘွားဘွား၏အလိုဆန္ဒကို ဖေဖေရော မေမေပါ လိုက်လျောခဲ့ရပါလေတော့သည်။

"ဟော့ ကောက်ရဲ့ သီချင်းဆိုလေကွာ ..."

"ဟာဗျာ ... မဆိုချင်ပါဘူး ..."

ဦးဘလင်းသည် ရှေ့ဦးခန်းမှ မော်တော်လက်ကိုင်ဖြင့် ပဲ့ကိုင်ရင်း အလယ်စက်ခန်းမှ ကောက်ရအား လှမ်း၍ပြောလိုက်သည်။

"ဟ ... ဆိုပါဆိုနေမှ။ ခါတိုင်းလည်း မင်းဆိုနေကျပဲ။ အခုမှ ကလေးမလှလှလေးပါနေလို့ ရှက်နေတာလား"

"ဦးဘလင်းကလည်း ဘာတွေပြောနေမှန်းမသိဘူး။ ညှိ



www.burmeseclassic.com

www.burmeseclassic.com



သည်တွေ အားနာစရာကြီး ... ”

“သီချင်းဆိုတာ အားနာစရာလားကွ။ မင်း အသံရော အဆိုရော ဘယ်လောက်ကောင်းတယ်ဆိုတာ သိသွားရတာပေါ့။ ဘာတဲ့ ... ခါတိုင်း မင်းဆိုနေတဲ့သီချင်းဟာ ဟို ... ဘယ်သောအခါမှ တူနှစ်ကိုယ်နီးရပ့ါမယ် ... မောင်ကြီးရှယ်နတ်ပန်းထက်ပင် ရူးရန်ခက်သေးတယ်ဆိုတဲ့သီချင်းလေကွာ။ ဟား ... ဟား ... အဲဒီသီချင်းက အခုမှ တကယ်ပဲ မင်းနဲ့ လမိုင်းကပ်တာကွ။ ဟား ... ဟား”

ဦးဘလင်းက ရေချိန်ကိုက်နေပြီထင်ပါ၏။ ပါးစပ်ထဲတွေ့ရာစွတ်ပြောတော့၏။

ဦးဘလင်းက မိမိနှင့် သွယ်သွယ်ဆိုသည့် ကောင်မလေးလှလှသည် မတူမတန်ဆိုသည့်အဓိပ္ပာယ်နှင့် ပြောနေမှန်းကောက်ရရိပ်မိပါ၏။

သူ့ သီချင်းဆိုခိုင်းသည်ကို မဆိုဘဲနေသည့် ကောက်ရအား ဦးဘလင်းက မကျေနပ်သည့်အကြည့်ဖြင့် သမင်လည်ပြန်





ကြည့်လိုက်သည်။ ဦးဘလင်း စိတ်ကွက်သွားပုံရသည်။

မင်းကွန်းဆိပ်ကမ်းသို့ မော်တော်ဆိုက်ပါလေပြီ။ ခရီးသည်များဆင်းစေရန် ကုန်းပေါင်ကို ကောက်ရ ထိုးပေးခဲ့သည်။

သွယ်သွယ်က မော်တော်အတွင်းသို့ပြန်ဝင်ရန် ပြင်ခဲ့၏။ ကုန်းပေါင်ထိုးပြီးသည်နှင့် တောင်းတွေပလုံးတွေနှင့် ခရီးသည်အမျိုးသမီးသုံးဦးသည် မနိုင်မနင်းနှင့် တောင်းများကိုပွေ့ကာ ကုန်းပေါင်ရှိရာသို့ အရင်စလိုသွားခဲ့ကြပါလေ၏။

လှေအဆင်း မြင်းအတက်ဆိုသည်မှာ မှန်လှသည်။ ဘွားဘွားသည် မော်တော်ကို စင်းလုံးငှားလာခြင်းပဲဖြစ်သည်။ ကုန်ပစ္စည်းများပါရှိလာခြင်းမရှိ၍ ရေရှူးကမနက်၊ ခရီးသည်အမျိုးသမီးသုံးဦး ယောက်ယက်ခတ်သည်နှင့် မော်တော်က ဂဏှာမငြိမ်ဘဲ လက်ဝဲလက်ယာ လူးသွားတော့၏။

“အို ... အမေ့ ... ဗွမ်း ... ”

“အောင်မယ်လေး ... လုပ်ကြပါဦး ... လုပ်ကြပါဦး။ ငါ့မြေးရေထဲကျသွားပြီ။ သွယ်သွယ် ရေထဲကျသွားပြီ ... ”



www.burmeseclassic.com

သွယ်သွယ်သည် အထဲဝင်ရန် ခါးလေးကိုင်း၍ မော်တော်၏အမိုးကို လက်တစ်ဖက်ဖြင့်ကိုင်တွယ်ရန် လှမ်းလိုက်စဉ်မှာပင် မော်တော်က လူးလိုက်သောကြောင့် ကိုယ်ကိုမထိန်းနိုင်ဘဲ ရေထဲသို့လိမ့်ကျသွားခြင်းဖြစ်ပါ၏။ ဘွားဘွားက အော်နေသော်လည်း ရေထဲသို့သူမဆင်းရဲ။

ဦးဘလင်းက ကြောင်၍သာကြည့်နေမိသည်။ ထိုစဉ်မှာပင် ကောက်ရသည် မော်တော်ဦးနေရာမှ ရေထဲသို့ခုန်ချလိုက်သည်။ ပြီး ရေစုန်ရာဘက်သို့ ကြိုတင်၍ကူးခတ်သွား၏။

ရေနစ်သူသည် နစ်ကြိမ်သုံးကြိမ်ခန့် ပြန်၍ပေါ်စမြဲဖြစ်သည်ကို ကောက်ရ သဘောပေါက်နားလည်ထားသည်။ ထို့ကြောင့် ကောက်ရသည် ပေါ်လျှင်ပေါ်ခြင်း ဖမ်း၍မိအောင် မှန်းဆကာ ကောက်ရကူးသွားခြင်းဖြစ်ပေ၏။

ကောက်ရမှန်းဆထားသည့်အတိုင်းပင် သူနှင့် မနီးမဝေးတွင် လက်ကားရားခြေကားရားနှင့် သွယ်သွယ်ပေါ်လာခဲ့သည်။





သွယ်သွယ် ပြန်၍မနစ်မီမှာပင် လျှင်မြန်စွာကူးသွားကာ အမိအရ ကောက်ရဖမ်းဆွဲလိုက်သည်။

မိပါ၏။

သို့သော် ရေနစ်သူတို့ထုံးစံအတိုင်း သွယ်သွယ်သည် ကောက်ရအား တွယ်မိတွယ်ရာ ဆုပ်မိဆုပ်ရာ လှမ်း၍ဖက်တွယ်ထားခဲ့ပါ၏။ ကောက်ရသည် မလုပ်လျှင်မဖြစ်တော့သည့်အခြေအနေမို့ သွယ်သွယ်၏မျက်နှာလေးကို ခပ်ဆတ်ဆတ်ပင် ရိုက်ချရတော့သည်။

နဂိုကပင် ကြောက်အားကြီးသူမို့ သွယ်သွယ်သည် တစ်ချက်တည်းနှင့်ပင် သတိမေ့သွားပါလေ၏။

ထိုအခါကျမှပင် ကောက်ရသည် သွယ်သွယ်အား လက်တစ်ဖက်ဖြင့် သိုင်းဖက်ကာ ကမ်းဆီသို့မျှောကာ ကူးသွားရသည်။ ကမ်းနှင့်သိပ်ဝေးသည်မဟုတ်သောကြောင့် တစ်ခဏအတွင်းမှာပင် ကမ်းစပ်သို့ရောက်လာခဲ့သည်။

ဘွားဘွားသည် မော်တော်ကုန်းပေါင်မှဆင်းလာ

www.burmeseclassic.com



ကောက်ရရှိရာသို့ ကမ်းတစ်လျှောက် ပြေးလာခဲ့သည်။ ဦးဘလင်း နောက်မှပါလာခဲ့၏။

ကောက်ရမှာ ကမ်းပေါ်သို့ရောက်သည်နှင့် သွယ်သွယ့်အား ပခုံးဖြင့်ထမ်းကာ ကမ်းတစ်လျှောက် အစုန်အဆန်ပြေးလိုက်သည်။ သွယ်သွယ်၏ပါးစပ်အတွင်းမှ ရေများ အန်ထွက်လာခဲ့ပါ၏။

"သွယ်သွယ် ... သွယ်သွယ် ... ငါ ... ငါ့မြေးလေး ကိုယ်ကျိုးနည်းပြီထင်ပါရဲ့ ... "

"အမေ ... စိတ်အေးအေးထိုင်နေပါ။ ဒီညီမလေး ဘာမှမဖြစ်နိုင်ပါဘူး။ ရေတွေအန်လို့ ကုန်သွားရင် သတိရလာမှာပါ။ မငိုပါနဲ့။ ဘာမှမဖြစ်တော့ဘူး ... "

ငိုယိုနေသော ဘွားအေဖြစ်သူကို ကောက်ရပြေးရင်းလွှားရင်း နှစ်သိမ့်စကားပြောဆိုလိုက်သည်။ ကောက်ရပြေးရာသို့ အစုန်အဆန်လိုက်ပြေးနေရာမှ ဘွားဘွား ရပ်သွားခဲ့သည်။ အငိုလည်းတိတ်သွားပါလေသည်။





လေးငါးခြောက်ခေါက် ပြေးလွှားပြီးနောက် ... ကောက်ရသည် သွယ်သွယ်အား မြေပြင်နံ့တွင် ပက်လက်အနေအထားသို့ ချပေးလိုက်၏။

သွယ်သွယ်၏လက်ဖျားကိုအထက်မြှောက် အောက်ချအကြိမ်ကြိမ်လုပ်ပေး၏။

နှုတ်မှလည်း ...

"ညီမ ... ညီမ"

ဟုခေါ်ကာ အသံပေးနေခဲ့သည်။

ဘွားဘွားကလည်း သွယ်သွယ်၏အမည်ကို တဖွဖွခေါ်နေခဲ့၏။

တအောင့်မျှအကြာတွင် သွယ်သွယ် လူးလွန်းလာခဲ့သည်။

အင်း ... အင်း ... ညည်းသံပေးက မျက်လုံးလေးများပွင့်လာခဲ့သည်။

"ဟင် ... ဘွားဘွား ... ဘွားဘွား ... သွယ်သွယ် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးနော် ... သွယ်သွယ်တော့ သေပြီအောက်မေ့တာ”

သတိရသည်နှင့် ထထိုင်ကာ ငို၍ သွယ်သွယ်က ဘွားအေကိုဖက်ရင်း ပြောခဲ့သည်။

ဘွားဘွားကလည်း မြေမလေးကိုဖက်ကာ မျက်ရည်လေးစမ်းစမ်းနှင့် ဖြစ်နေခဲ့သည်။

ကောက်ရက ရေစွဲနေသော သွယ်သွယ်အား ကြည့်လိုက်ပြီး ...

“ညီမ အဝတ်တွေလဲလိုက်ရင် ကောင်းမယ်အမေ။ တော်ကြာ အအေးမိသွားမယ်”

ထို့နောက် ကောက်ရ မော်တော်သို့ပြန်သွားခဲ့သည်။ ဘွားဘွား၊ သွယ်သွယ်နှင့် ဦးဘလင်းတို့ မော်တော်ဆီသို့ ပြန်ရောက်သောအချိန်တွင် ကောက်ရသည် မော်တော်ပေါ်မှပစ္စည်းများ ထမ်းချပေးနေလေပြီ။

မော်တော်ပေါ်မှာ သွယ်သွယ်သည် အဝတ်စိုများကို အဝတ်ခြောက်နှင့် လဲလှယ်ဝတ်ဆင်လိုက်သည်။





ဘွားဘွားက မွေးပွတဘက်ကြီးဖြင့် ငယ်ရွယ်သော ကလေးမတစ်ဦးနှယ် ဆံပင်များကို သုတ်ပေးနေခဲ့ပါ၏။

သွယ်သွယ်သည် ခြင်းကလေးထဲမှ ခတ်ဘူးကို ထုတ်၍ ကော်ဖီပူပူလေးသောက်ရန် ပြင်စဉ်မှာပင် ကောက်ရသည် ကျန်ရှိနေသောပစ္စည်းများ ထမ်းချရန် တက်လာခဲ့သည်။

သွယ်သွယ်က ကောက်ရကိုလှမ်းကြည့်လိုက်သည်။ ကောက်ရတစ်ကိုယ်လုံးမှာလည်း ရေများရွှဲရွှဲစိုနေခဲ့ပါ၏။

“အစ်ကို ... အဝတ်လဲလိုက်ပါဦးလားဟင် ... ပြီးတော့ ကော်ဖီပူပူလေးသောက်ပါဦးနော် ... ”

“ဟာ ... နေပါစေ ... ”

“ဘယ်ကနေရမှာလဲကွယ် ... အဝတ်လဲလိုက်ဦးနော် ... ပြီးတော့ ဘွားဘွားတို့နဲ့ ခဏထိုင်ပါဦး ... လာပါ ... ခဏလေးပေါ့ကွယ် ... ”

ကောက်ရမှာ ဆက်လက်ငြင်းပယ်ရန် အားနာသည့်အလား မော်တော်၏သံချိတ်တစ်ခုတွင် ချိတ်ထားသော သူ၏လွယ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ဆီသို့သွားကာ လွယ်အိတ်ထဲမှအဝတ်များဖြင့် လဲလှယ်ကာ ဘွားဘွားနှင့် သွယ်သွယ်ရှိရာသို့ ရောက်လာပြီး ရိုရိုလေးထိုင်လိုက်၏။

"ရှေ့ အစ်ကို၊ ကော်ဖီသောက်ပါဦး ... "

"ညီမအရင်သောက်ပါ ... ပြီးမှ ကျွန်တော်သောက်ပါ့မယ်"

"သွယ်သွယ်သောက်ပြီးပါပြီ အစ်ကို ... ရှေ့ပါ ... "

ကောက်ရ ကော်ဖီခွက်ကို လှမ်းယူသည်။ သူ ခပ်ဖြည်းဖြည်း ငုံ့ကာသောက်ခဲ့သည်။

လူတစ်ဦး၏ နေမှု၊ ထိုင်မှု၊ စားမှုကိုကြည့်လျှင် ထိုသူ၏သဘောကို သိနိုင်ပါလေ၏။

"သွယ်သွယ်လေ အစ်ကို့ကို သိပ်ကျေးဇူးတင်ပါတယ်။ သွယ်သွယ် ရေမကူးတတ်ပါဘူး။ အစ်ကိုသာမကယ်ရင် သွယ်သွယ်တော့ သေပြီပေါ့ ... "

ကောက်ရသည် ဘာမျှမပြော။ သွယ်သွယ်၏မျက်နှာလေးသည် အနည်းငယ် နီရောင်သန်းကာ ယောင်နေခဲ့ရှာပါ၏။





ရေနစ်စဉ်က ကောက်ရရိုက်ထားခြင်းကြောင့်ဖြစ်သည်။

သူ့လွယ်အိတ်ထဲမှ ပရုတ်ဆီဘူးကိုထုတ်၍ ကောက်ရသည် ဘွားဘွားအား လှမ်းပေးလိုက်သည်။

"ရှေ့အမေ။ ညီမပါးတစ်ဖက်မှာ နည်းနည်းရောင်နေတယ်။ ပရုပ်ဆီလေးလိမ်းပေးလိုက်ပါ ... "

"အေးကွယ် ... သာဓု ... သာဓု ... သာဓု"

ဘွားဘွားသည် ပရုပ်ဆီဘူးကို လှမ်းယူလိုက်သည်။ မြေးမလေးကို ပရုပ်ဆီမလိမ်းသေးဘဲ သူမ၏သားရေလက်ကိုင်အိတ်အတွင်းမှ ငွေစက္ကူများကို ထုတ်ယူလိုက်သည်။ ငွေကိုပင် ဘွားဘွားသည် ရေတွက်ခြင်းမရှိခဲ့ပေ။

"နည်းတယ်များတယ်တော့ မအောက်မေ့နဲ့ မောင်ကောက်ရ။ ရှေ့ ... မောင်ကောက်ရသုံးဖို့ အမေကပေးတာပါ"

ဘွားဘွားလက်မှငွေကို ကောက်ရ လှမ်းမယူခဲ့။ ကော်ဖီကိုသာ အပြီးသတ်မော့ချလိုက်သည်။

"ဟော့ကောင်ကောက်ရ၊ ယူလေကွာ။ အမေကြီးက မင်းကို

သဒ္ဓါလို့ပေးတာပဲဟာ ဒီကောင် မူလကျိုတွေများနေပြန်ပြီ"

ဦးဘလင်းသည် ပွဲပိုင်းတွင်ထိုင်ပြီး ကြည့်နေရာမှ ကောက်ရအား လှမ်း၍ပြောလိုက်ပါ၏။

"ကျွန်တော် ငွေမလိုပါဘူး အမေ၊ ကုသိုလ်ပဲလိုပါတယ်။ ဒီကညီမရဲ့အသက်ကို ကယ်ရတဲ့ကုသိုလ်ပဲ စင်စင်ကြယ်ကြယ် ယူပါရစေ။ ကဲ … အမေ့ပစ္စည်းတွေ ကျွန်တော် တစ်ခေါက် စာထမ်းရဦးမယ် …"

"တောက် … တုံးလိုက်တဲ့ကောင်ကွာ"

ဦးဘလင်းက မကျေမနပ်နှင့် တက်ခေါက်ပြီး ပြောလိုက်သည်။ ကောက်ရ ဘယ်လိုမှအမှုမထားဘဲ သယ်ပိုးရန်ကျန်ရှိနေသေးသည့်ပစ္စည်းကို ထမ်းပိုးကာ မင်းကွန်းဘိုးဘွားရိပ်သာသို့ ဆက်လက်ထွက်ခွာသွားခဲ့တော့သည်။

"ဟုတ်သားပဲ။ ဘွားဘွားက သွယ်သွယ့်အသက်ကို ငွေနဲ့ တန်ဖိုးဖြတ်သလိုဖြစ်သွားပြီ …"

"ဟဲ့ … ငါက စေတနာနဲ့ပေးတာ။ ငါပေးတဲ့ငွေက သူ့အ





တွက် သုံးစမ်းပါအေ။ အေး … သူက ကုသိုလ်ပဲလိုချင်တယ်ဆိုလည်း သူကုသိုလ်ရအောင် ဆုဒတောင်းပေးရမှာပေါ့။ သွယ့်သွယ့်ပါးကို ပရုပ်ဆီ ဘွားဘွား လူးပေးမယ်။ ဟုတ်ပါရဲ့ ရောင်ကိုင်းနေလိုက်တာ …"

ထို့နောက်မှာတော့ ဘွားဘွားသည် မြေမလေး သွယ်သွယ်အား တယတယပင် ပရုပ်ဆီများ လူးလိမ်းပေးခဲ့ပါ၏။

www.burmeseclassic.com









## အခန်း (၃)

ဦးဘလင်း သည်ပြဿနာကို ဖန်တီးခဲ့လေပြီ။

ကောက်ရအား ဦးဘလင်း သိချင်းဆိုခိုင်းသည်။ မော်တော်ပေါ်တွင် အပျိုမလေး သွယ်သွယ်ပါလာခဲ့၍ ကောက်ရ ရှက်ပြီး သိချင်းမဆိုခဲ့။ ပြီးတော့ ဟိုကငွေပေးသည်ကို ကောက်ရသည် သူ့ရဲ့ကောင်းကြီးလုပ်ကာ မယူနေလခဲ့။ သည်တော့ ဦးဘလင်းသည် သူ့အမိန့်ကို ဖီဆန်သည်ဟု ထင်မြင်ခဲ့တော့၏။

ဦးဘလင်းသည် ကောက်ရအား ငွေကို လက်ခံယူစေချင်သည်။ ကောက်ရ ငွေကိုလက်ခံခဲ့လျှင် သူချေးထားမည်။ ကောက်ရအား တစ်ဆယ်ပေး၊ ငါးကျပ်ပေးနှင့် ကျေသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မော်တော်တွင် စက်ပိုင်းဆိုင်ရာ အတိုအထွာလေးတွေ ပြင်စရာ ရှိနေခဲ့၏။

ခုတော့ သည်သို့မဟုတ် မင်းသားက မစားရ အညှော်ခံ အိုက်တင်တွေပေးလွန်းသည်။ မိန်းကလေးလှလှရှေ့မို့ အဘွားကြီးပေးသောပိုက်ဆံကို မယူဘဲနေပြသည်။ တုံးလိုက်၊ ကြောင်လိုက်တဲ့အကောင်။

မင်းကွန်းမှ နေ့လယ်(၂)နာရီခန့်တွင် မော်တော်ပြန်ထွက်သည်။ ဦးဘလင်းသည် ရာသီဥတုသာယာသည်မို့ သက်ကြီးဝါကြီးနှင့် မိန်းမငယ်ရှေ့တွင်ပင် မရှောင်ပြန်။ မော်တော်မောင်းရင်း ပုလင်းထောင်ပြန်၏။ တောအရက်မို့ အရက်နံ့က ပြင်းသည်။ ထိုအနံ့ ကို ... သူ့ဘယ် မခံနိုင်စွာ။

မန္တလေးဝင်ခါနီးတွင် မော်တော်က ဖွဲဖောက်လာ၏။ စက်သံက မမှန်တော့။ ဦးဘလင်း ပြဿနာရှာလေပြီ။

"ဟေ့ကောက်ရ ဘယ်လိုလဲကွ။ မင်းဟာက ... "

"ဆီလိုက်မမှန်တာပဲ ဦးဘလင်း ... "





"မင်းမျက်စိက စက်ကို ဂရုစိုက်ပြီးကြည့်လာတာမှမဟုတ်တာ။ ကြည့်ချင်ရာကြည့်ပြီး စက်ကိုလွှတ်ထားတာကိုး"

"အဲဒီလိုမပြောနဲ့ ဦးဘလင်း။ ဦးဘလင်းဝယ်တဲ့ဆီတွေကိုက ဈေးသက်သာရင်ပြီးရောဆိုပြီး ရေရောထားတဲ့ဆီတွေပဲ"

"အောင်မယ် ... ကြီးကျယ်လိုက်တာ။ ငါ့မော်တော်မှာ တစ်သက်လုံး ဒီလိုဆီကိုပဲ သုံးလာတာ။ မင်းလက်ထက်ကျမှ ဟင်း ... ငါမပြောချင်ဘူးကောက်ရ။ လူကိုက ဘဝမေ့နေတယ်။ ကိုယ့်ကိုယ်ကိုယ် မင်းသားများအောက်မေ့နေလားမသိဘူး ... "

ကောက်ရ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဦးဘလင်းရှိရာ ဦးပိုင်းသို့ကြည့်လိုက်သည်။ ဦးဘလင်း ရေချိုးလွန်နေပြီ။ ဒီတော့ ဆက်၍ ဘာမှမပြောလေပါတော့။

ဦးဘလင်းပြောသမျှသည် အနှောင့်အသွားမလွတ်ပေ။ ဘွားဘွားနှင့် သွယ်သွယ်ရှေ့တွင် ထိုအပြောမျိုးမပြောစေချင်။



www.burmeseclassic.com

www.burmeseclassic.com



သူ အံကြိတ်ငြိမ်ခံလိုက်တော့သည်။ မော်တော်ကို ကောက်ရ ဝိုမောင်းလိုက်သည်။ ရေပေါက်သံတွေထွက်လာပြီး ဆီပြန်လိုက်သွားပါ၏။

သို့သော် မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းတွင် ပြဿနာပေါ်ပြန်ပါလေ၏။

ဦးဘလင်း အချိန်အဆမှားသွားခဲ့သည်။ ဦးဘ လင်း အရက်မူးမူးနှင့် ပွဲကိုင်အချိန်အဆမှား၍ မော်တော်သည် လိုသည်ထက်ပိုကာ ကမ်းသို့ အရှိန်နှင့်ဝင်တော့၏။

"ဟော့ကောင်ကောက်ရ စက်သတ်ပြီး ထိုးဝါးကိုင်မယ်"

ကောက်ရသည် အလျင်အမြန် မော်တော်ဦးပိုင်းသို့ ရောက်သွားကာ ထိုးဝါးကိုယူ၍ မော်တော်အရှိန်ကို တန့်ရန် ကြိုးစားပါလေ၏။

"ပြောင်း ... ဒုန်း ... ဒိုင်း ... "

ကောက်ရကြိုးစားသော်လည်း ထောက်ထားသောထိုးဂါးမှာ ကျွေးညွှတ်ရာမှ ကျိုးသွားခဲ့ပြီး ဆိပ်ကမ်းတွင်ကပ်ထား





သော မော်တော်ကြီးတစ်စင်းကို အရှိန်ဖြင့်တိုက်မိပါလေတော့သည်။

"ဟာ ... တိုက်ကုန်ပြီဟ။ ဘယ်လိုဖြစ်တာလဲဟေ့ ဘလင်း"

မော်တော်ပေါ်မှ လူကြီးတစ်ဦးက ဆီး၍မေးလိုက်သည်။ ထိုလူကြီးအကူအညီဖြင့်ပင် မော်တော်မှာ ကမ်းကို ကျကျနနကပ်၍ရသွားခဲ့ပါ၏။

"ဘယ်လိုဖြစ်ရမှာလဲ။ ဟိုသကောက်မသား ကောက်ရပေါ့ တစ်လမ်းလုံး ငန်းနာထလာလို့ ဒီလိုတွေဖြစ်ကုန်တာပေါ့"

မော်တော်ဦးပိုင်းမှ ဖျတ်ခနဲ အထဲသို့ဝင်ကာ ကောက်ရသည် ဦးဘလင်းနှင့် မျက်နှာချင်းဆိုင်လိုက်ပါ၏။

"ကျွန်တော့်ကို ဘာပြောပြောခံမယ် ဦးဘလင်း။ ဒါပေမဲ့ အမေ့ကိုတော့ မထိခိုက်ပါနဲ့။ အခုတိုက်မိတာလည်း ဦးဘလင်း မူးပြီး အရမ်းထိုးကပ်လို့ တိုက်မိကုန်တာပါ ... "

"ဟား ... ဟား ... မင်းမှာ အဖေမရှိ အမေမရှိ ဒီဂေါ်ဝိန်ဆိပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကလေကချေဖြစ်နေလို့ ငါကောက်ရလို့ အလှန်ပေးထားပြီး ကောက်ရလို့ ငါပဲအမဲညှိမှည့်ပေးခဲ့ရတာပဲ။ အဲဒါမျိုး သကောက်မသားမဟုတ်သေးရင် ဘယ်ဟာမျိုးကို သကောက်မသားလို့ခေါ်ရမလဲကွ ... ”

“တော်ဗျာ ... ခင်ဗျားတော်တော့ ... ”

“အောင်မာ ငါက မတော်တော့ မင်းက ဘာလုပ်ချင်သေးလဲဟင်။ မင်းက လူပါးဝလို့။ သူတောင်းစား ထမင်းဝလို့။ မင်းက ငါ့ကို ကိုင်လားဆွဲလားနဲ့ အာခံတာလားဟင် ... ကဲကွာ ငါ့ကိုကိုင်ဦး ... ”

မခံနိုင်သည့်ကောက်ရက ဦးဘလင်း၏ပခုံးနှစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။ ဒါကိုပင် ဦးဘလင်း ဒေါသူပုန်ထကာ သူ၏အရက်ပုလင်းဖြင့် ကောက်ရ၏ဦးခေါင်းအား ရိုက်ချလိုက်တော့သည်။

လျှင်လိုက်သည့်ကောက်ရ၏ ရိုက်ချလိုက်သည့် ဦးဘလင်း၏ပုလင်းကိုင်လက်အား လက်ဝါးစောင်းဖြင့် ကောက်ရ ခုတ်





ချလိုက်၏။ ပုလင်းကျကွဲသွားခဲ့ပါ၏။

“ခွမ်း ... ”

“ဟော့ ... ဟော့ ... မင်းတို့ဟာတွေက လွန်ကုန်ကြတော့မယ်။ တော်ကြတော့ ... ”

မော်တော်ကြီးပေါ်မှ လူကြီးတစ်ဦးဆင်းလာကာ ကောက်ရနှင့် ဦးဘလင်းကြား ဝင်ရပ်ကာ ဖြန်ဖြေလိုက်သည်။

ထိုလူကြီးကိုတော့ ဦးဘလင်း လွန်ဆန်ရဲပုံမရ။ ကောက်ရ၏ ကျာနားတစ်ကောင်အသွင်သို့ ကူးပြောင်းနေသည်ကို ရိပ်မိ၍ ရပ်ခြင်းလည်းဖြစ်နိုင်ပါ၏။ ဦးဘလင်း ကိုယ်ရှိန်သက်လိုက်သည်။

“ဒီမှာဘလင်း ... မင်းရဲ့မော်တော်ကို ရေဆန်ပြန်ကွေ့ပြီး လာကတည်းက အချိန်အဆမှားနေပြီမှန်း ငါ လှမ်းမြင်နေသားပဲ။ ကောက်ရခမျာလည်း စက်အယူအဆမှန်တာပဲ။ ငါက အူဝဲဆိုကတည်းက မော်တော်ပေါ်မွေးပြီး မော်တော်ပေါ်မှာ ဒီအရွယ်အထိ လုပ်ကိုင်စားလာတာပဲ။ ထိုးဝါးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးလုံးကျိုးသွားအောင် သူ ထိန်းရှာသားပဲ”

ထိုလူကြီးစကားကို ဘွားဘွားနှင့် သွယ်သွယ်တို့ အငေးသား နားထောင်နေခဲ့ကြသည်။

“အိုဗျာ … ဦးနုလေးဖြိုးဝင်ပြီး တရားချမဂနနဲ့တော့။ ဒီကောင့်ကို ကျုပ် မလိုချင်တော့ဘူး။ မြွေပွေးခါးပိုက်ပိုက်ထားရတာနဲ့ ဘာထူးသေးလဲ။ ခုလည်းကြည့်လေ။ ကျုပ်ကို ခံချနေတာ …”

“ဒါတော့ မင်းကလည်း ပုလင်းနဲ့ရိုက်တော့ သူလည်း အန္တရာယ်ကာကွယ်ရမှာပေါ့ ဘလင်း”

“ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို ကျုပ် မနိုင်းတော့ဘူး။ မင်း ငှါ့မော်တော်ပေါ်က ဆင်းတော့ …”

“ဒါတော့ မင်းသဘောပဲ ဘလင်း …”

ဘွားဘွားသည် ဆိုင်းမဆင့်ဗုံမဆင့် ဝင်ရောက်ပြီး ပြောပါလေ၏။

“ရှော့ မောင်ဘလင်း၊ မင်းရဲ့မော်တော်ခ။ ပြီးတော့ မောင်





ကောက်ရကိုလည်း အမေကြီးခေါ်သွားမယ်။ အိမ်မှာလည်း ကားမောင်းတဲ့လူလိုနေတယ်။ ငှါ့မြေးရဲ့အသက်ကိုကယ်တဲ့ လူအနေနဲ့ အမေကြီးကပဲ အလုပ်ပေးမယ်”

မဲ့ပြုံးတစ်ချက် ဦးဘလင်း ပြုံးလိုက်ပါ၏။

“ကောင်းပါပြီ။ ကြွကြွပါ … ကြွကြွပါ …”

ဦးဘလင်းသည် မိမိအား မောင်းထုတ်နေပါလေပြီ။ ရောဝတီမြစ်ပြင်ကျယ်ကြီးကို တစ်အောင့်တစ်ခဏ ငေးကြည့်မိပါ၏။

မတတ်နိုင်ပါလေတော့။ နောက်ဆုံးတော့ ရေနစ်သူသည် ကောက်ရိုးမျှင်ကိုဖြစ်စေ ရှာနှင့် မိရာကို ဖမ်းကိုင်ဆုတ်ဆွဲရလေမည်သာ။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၄)

ဘွားဘွားကတော့ သတိထားမိချင်မှ သတိထားမိ ညည်။ သွယ်သွယ်ကတော့ လူငယ်၏မျက်စိမှ စူးစူးရှရှလေးတွေ မြင်တွေ့တတ်ပါလေ၏။

မော်တော်ပေါ်မှ ကောက်ရသည့် နိုင်ငံခြားလုပ် သားရေသေတ္တာနှင့် ပခုံးတွင် လွယ်အိတ်တစ်လုံးကိုလွယ်ကာ ဆင်း လာခဲ့သည်။ သူကိုင်ထားသည့်သားရေသေတ္တာမှာ မရှိနိုးခိုး မလှစုန်း မျိုး ဆိုရိုးစကားအတိုင်း အဘယ်ပုံ အလစ်သုတ် ရယူထားခဲ့ပါသ ည်းဟု တွက်ဆချင်ဖွယ်ရာကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပို၍မသက်သာဖွယ်ရာကောင်းသည်မှာ သားရေသေတ္တာအနက်ရောင်အပေါ် သဘော်ဆေးအနီနှင့် ကွက်တိသုတ်ထားသည်ကို တွေ့ရသည်။

သေတ္တာပေါ်တွင် စာတန်းရှိခဲ့သည့်နေရာကို သုတ်ထားခြင်းဖြစ်ပါ၏။ သေတ္တာအရောင်မှာ အနီရောင်နှင့် အနက်ကွပ်ထားခြင်းကြောင့် မသိသာလှပေ။

သွယ်သွယ်က ဖီးယက်ကား၏ နောက်ဖုံးကို ဖွင့်ပေးသည်။ ကောက်ရသည် သေတ္တာနှင့် လွယ်အိတ်ကို ထည့်လိုက်ပါ၏။

"မောင်ကောက်ရမှာ ကားလိုင်စင်ရှိပါတယ်နော် ... "

"ရှိပါတယ်အမေ ... "

"ဒါဆိုရင် မောင်ကောက်ရပဲ မောင်းပေ့ါကွယ် ... "

ဘွားဘွား၏ဆန္ဒအတိုင်း သွယ်သွယ်က ကားသော့ကို ကောက်ရ၏လက်ထဲသို့ ထည့်လိုက်သည်။ ကောက်ရသည် ကားနောက်ဖုံးကို ဖြောင့်တန်းစွာပင်ပိတ်လိုက်သည်။





ဘွားဘွားနှင့် သွယ်သွယ်သည် ကားနောက်ခန်းမှာထိုင်လိုက်ကြသည်။ ကောက်ရက ဒရိုင်ဘာနေရာတွင် ဝင်ထိုင်လိုက်ကာ စက္ကန့်ပိုင်းမျှ ကားကို အကဲခတ်သေးသည်။

ပြီးလျှင် သော့ပေါက်သို့ ကားသော့တံသွင်းကာ စက်နှိုးလိုက်သည်။ ၎င်းနောက် ဂေါ်ဝိန်ဆိပ်မှ မောင်းထွက်ခဲ့သည်။

"ဘယ်ကိုမောင်းရမလဲ အမေ ... "

"စံပယ်တည်းခိုရိပ်သာကို မောင်ကောက်ရသိသလား"

"သိပါတယ်ခင်ဗျ ... "

"အေး ... အဲဒီကိုပဲမောင်းပေတော့။ အမေတို့မြေးအဘွားအဲဒီမှာပဲတည်းတယ်ကွဲ့ ... "

ကောက်ရသည် မန္တလေးလမ်းများကို ကျွမ်းကျင်ပါ၏။ သွယ်သွယ်မောင်းသောလမ်းများသည် ချိုင့်များ၊ ကျင်းများဖြင့် ပျက်စီးနေသောလမ်းများဖြစ်သည်။ ကောက်ရမောင်းရာတွင်မူ လမ်းကောင်းကိုရှာ၍ မောင်းနိုင်သည်ကို တွေ့ရပါလေ၏။

ကောက်ရအား ကြည့်ပြီး သွယ်သွယ် ဘဝင်မကျနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အချက်တစ်ချက်ရှိခဲ့သည်။ ကောက်ရအား ဦးဘလင်းက မေးစားသည့်သဘောဖြင့် ကောက်ရ၍ ကောက်ရဟု အမည်မှည့်သည်ဆိုခဲ့၏။

ငယ်စဉ်ကလေးဘဝက ကောက်ရခဲ့လျှင် ကောက်ရသည် အဖေ (သို့မဟုတ်) ဦးလေးဟူ၍ခေါ်လေမည်။ ဦးဘလင်းဟု သူစိမ်းဆန်ဆန် ခေါ်လေမည်မဟုတ်ပေ။

အသက်ဆယ်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အရွယ်ကိုလည်း ဦးဘလင်း မေးစားချင်စိတ်ရှိမည်မဟုတ်။

ဦးဘလင်းအသက်သည် လေးဆယ်ကျော်အရွယ်မျှပဲရှိသည်။ ထိုအရွယ်ရှိလူတစ်ဦးက အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်မျှသာရှိသေးသော လူငယ်တစ်ဦးကို မေးစားခြင်း ဘယ်လိုမျှမဖြစ်နိုင်။

အကယ်၍ မေးစားထားသည်မှန်က ဦးဘလင်း ဘာပဲပြောပြော ငွေခံလေမည်သာ။ ဆက်ဆံပုံကလည်း ဦးဘလင်းက အလုပ်သမားတစ်ဦးပုံစံနှင့်သာ ဆက်ဆံခဲ့သည်။





နောက်ဆုံး သွယ်သွယ် ကောက်ချက်ချမိသည်မှာ ကောက်ရဆိုသည်မှာ ဘယ်နည်းနှင့်မှ သူ၏အမည်ရင်းမဟုတ်နိုင်ဟူ၍ပင်တည်း။

"အစ်ကို့ကို တစ်ခုမေးချင်တယ် ... "

"မေးပါညီမ ... "

အစ်ကို့နာမည်ရင်းက ဘာတဲ့လဲဟင်။ ကိုကောက်ရဆိုတာက နာမည်အရင်းမဖြစ်နိုင်ဘူးထင်လို့ပါ ... "

ကောက်ရထံမှ ချက်ချင်းအဖြေထွက်မလာခဲ့ပါလေ။ ပြီးမှ ဖြည်းလေးစွာဖြင့် ...

"ကျွန်တော့်နာမည်ကို ကောက်ရလို့ပဲ နှုတ်ကျိုးနေပြီပဲ။ ကောက်ရလို့ပဲ ဆက်ပြီးခေါ်ရင် မကောင်းဘူးလား ... "

"ဟုတ်သားပဲ သွယ်သွယ်၊ ဘွားဘွားလည်း မောင်ကောက်ရလို့ခေါ်တတ်နေပြီပဲ ... "

"ဘယ်ဟုတ်မလဲ ဘွားဘွား၊ ရန်ကုန်ကျရင် ဖေဖေ့အကြောင်း ဘွားဘွားသိသားနဲ့။ ဖေဖေက သွယ်သွယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရော ဘွားဘွားသြစာကြောင့်ရော ကားမောင်းနိုင်းတယ် ထား အစ်ကိုရဲ့ယာဉ်မောင်းလိုင်စင်တော့ ယူကြည့်ဦးမှာပဲ။ အဲဒီတော့မှ နာမည်လွဲနေရင် ဖေဖေ တစ်မျိုးထင်နေလိမ့်မယ် ..."

အကျိုးအကြောင်းညီညွတ်သောစကားဖြစ်၍ သူမသိမသာခေါင်းညိတ်သည်။

"ဟုတ်ပါတယ်။ တကယ်တော့ ကျွန်တော့်နာမည် ကောက်ရမဟုတ်ပါဘူး။ အောင်နိုင်ပါ။ ကောက်ရက ဂေါဝိန်ဆိပ်မှာတွင်နေတဲ့နာမည်ပါ"

"မောင်အောင်နိုင် ... ဟဲ့ ... နာမည်က ဘယ်ဆိုးလို့တုန်း။ တနင်္ဂနွေသားများဟာ ထူးချွန်တတ်တယ် မောင်ကောက်ရဲ့ ..."

'ဩော် ... ဘွားဘွားကလည်း မောင်အောင်နိုင်ပါဆို ဘယ်ကကောက်ရလဲ"

"အေး ... အေး ... ဟုတ်သားပဲ"





ဖီးယက်ကားလေးသည် ဈေးကြီးကိုကျော်ဖြတ်နေခဲ့သည်။ မန္တလေးသည် မြင်းလှည်းနှင့်စက်ဘီး အလွန်ရှုပ်ထွေးသောမြို့ ဖြစ်သည်။

ကိုအောင်နိုင်သည် တစ်ချိန်က ဖီးယက်လိုကားမျိုးကို ကိုင်တွယ်ခဲ့ဖူးပုံရှိသည်။ သူသည် ဤဖီးယက်ကားအမျိုးအစားရှိသောအိမ်တွင် အငှားမောင်းခဲ့ဖူးလေသလားမသိ။

"ဩော် ... မောင်ကောက် ... အဲလေ မောင်အောင်နိုင်ရေ ... ဘွားဘွားကို ဈေးမှာခဏရပ်ပေးဦး။ ရန်ကုန်ပြန်အတွက် လက်ဆောင်လေးဘာလေးဝယ်သွားချင်လို့။ နောက်တစ်ခေါက် ပြန်လာချိန်မရှိတော့ဘူး"

"မနက်ဖြန်တစ်နေ့နေဦးမှာပဲ ဘွားဘွား၊ အခုလိုညနေပိုင်းဈေးထဲလျှောက်ရတာ ပူစပ်ပူလောင်နဲ့ပါ"

"မနေတော့ဘူးမိသွယ်။ မနက်ဖြန်မနက်စောစောပဲ ပြန်ကြမယ်"

"ဟွန်း ... ဘွားဘွားကလည်း တစ်မျိုးဖြစ်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိသွယ်၊ ဘွားဘွားဖြစ်ရတာ ညည်းကြောင့်၊ မြေးမလေး ရန်ကုန်ရောက်တဲ့အထိ ကားမောင်းရမယ့်ညည်းကို အနားယူခိုင်းပြီးမှ သန်ဘက်ခါသွားမယ်လို့ပြောတာ။ ခုတော့ မောင်အောင်နိုင်ရှိနေပြီ။ မောင်အောင်နိုင်မောင်းတဲ့ကားကို ဘွားဘွား ရဲရဲတင်းတင်း စိတ်ချလက်ချစီးရဲတယ်။ ဒါကြောင့် ပြန်မယ်ပြောတာ"

ငယ်ငယ်က ပြန်ချင်နေသူမို့ စောဒကမတက်တော့။ ကားကို ဈေးကြီးထောင့်တွင်ရပ်ပေးလိုက်သည်။ သွယ်သွယ်နှင့် ဘွားဘွားတို့ ဆင်းကာ ဈေးထဲဝင်ရောက်သွားခဲ့ကြသည်။

ကားပြတင်းပေါက်မှ သွယ်သွယ်အား ကိုအောင်နိုင် ကြည့်လိုက်မိသည်။ သူ၏စိတ်ထဲတွင် အစွဲအလမ်းတစ်ခုနှင့် တင်းမာသောပေ ကာချက်တစ်ခု ရှိနေခဲ့ပါ၏။

သိပ်လှသောမိန်းကလေးများသည် သိပ်ရက်စက်သည်။ ထို့အပြင် သိပ်လှည့်စားတတ်လွန်းသည်ဟူ၍ပဲဖြစ်သည်။ ထိုကြားထဲကပင် ကိုအောင်နိုင် သွယ်သွယ်၏ ကျောပိုင်းအလှလေးကို ကြည့်နေမိပြန်လေပြီ။





သွယ်သွယ်သည် မျက်နှာကလေးသာ ဖြူဝင်းဝင်းလေးလှသည်မဟုတ်။ နောက်ပိုင်းမှ ကိုယ်လုံးကိုယ်ထည်လေးကခင် ဆန့်ကျင့်ဘက်ဖိုသတ္တဝါများကို စွဲမက်ချင်စဖွယ် ဆွဲဆောင်မှုရှိနေပါလေ၏။

သွယ်သွယ် ရေနစ်စဉ်က သွယ်သွယ်၏ တစ်တစ်ရစ်ရစ်ခန္ဓာကိုယ်လေးကို ပွေ့ပိုက်ခဲ့ရသည်။ ထိုစဉ်က သေရေးရှင်ရေးမို့ ကိုအောင်နိုင့်စိတ်တွေသည် ထူးတွေဆန်းပြားစွာ မလှုပ်ရှားမိပါလေ။

သို့တစေ စိတ်ဆိုသည်မှာ ခက်လှသည်။ စိတ်ဆိုသည်မှာ တမြေ့မြေ့နှင့်လည်း လှုပ်ရှားတတ်လေသည်မဟုတ်ပါသလား။

တစ်နာရီနီးပါးခန့် ကြာမည်ထင်သည်။ ဘွားဘွားနှင့် သွယ်သွယ်တို့ အထုပ်အပိုးတွေတနင့်ကြီးဖြင့် ပြန်လာကြသည်။ ကိုအောင်နိုင် ကားပေါ်မှ သွက်လက်စွာဆင်းကာ ဘွားဘွားလက်ထဲမှ အထုပ်များကို သယ်ပြန်ကာ ကားအတွင်း နေရာချပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ခန်းထဲသို့ ဘွားဘွားနှင့် ငယ်ငယ်တို့ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ကြသည်။

ထိုစဉ်မှာပင် ...

ဖီးယက်ကားလေးဘေးသို့ ဆည်မြောင်းဌာနတံဆိပ်ပါသော မာဇဒါပစ်ကပ် မိုးပြာရောင်ကားလေးတစ်စင်း ထိုးဝင်လာသည်။ ဤကားလေးမျိုးသည် ဆည်မြောင်းလက်ထောက်အင်ဂျင်နီယာ (ဆည်ဝန်ထောက်)များကို လုပ်ငန်းအရ အစိုးရမှပေးထားသောကားဖြစ်မှန်း သွယ်သွယ် သိထားပါ၏။ ထိုကားပေါ်မှ ကားမောင်းသူသည် ဖီးယက်ကားဆီသို့ အာရုံစိုက်ကြည့်လိုက်၏။

မာဇဒါကားပြာလေးပေါ်မှလူသည် ဖီးယက်ကားပေါ်၌ ကိုအောင်နိုင်ကိုတွေ့သည်နှင့် ဝမ်းသာအားရပြုံးကာ အော်ဟစ်နှုတ်ဆက်ပါလေ၏။

"ဟေ့ငမိုး၊ နင့်ကို ဒီမှာ ငါတွေ့ပြီ။ နင် ဘယ်ပျောက်နေတာလဲ။ ငါ မန္တလေးပြောင်းလာတာ နှစ်လရှိပြီကွ။ ဟာ ... ဟေ့ကောင်ငမိုး နေဦးလေကွာ"





ကိုအောင်နိုင်သည် မာဇဒါကားပေါ်မှ ဆည်ဝန်ထောက်ကို တစ်ချက်လှမ်းကြည့်သည်။ ဘာမှပြန်လှန်ပြောဆိုခြင်းမပြုဘဲ ဖီးယက်ကားကို ဂူးခနဲနေအောင် မောင်းထွက်ခဲ့ပါလေ၏။

သွယ်သွယ်သည် ကိုအောင်နိုင်အား အကဲခတ်ကြည့်သည်။ ကိုအောင်နိုင်သည် ဖီးယက်ကားကို အရှိန်ဖြင့်မောင်းရင်း နောက်မှ မာဇဒါကားလေး သူ့နောက်လိုက်လာသလားဆိုသည့်အကြည့်တို့ဖြင့် နောက်ကြည့်မှန်အား ကြည့်နေသည်ကို တွေ့နေရသည်။

သွယ်သွယ် နောက်ပြန်လှည့်ကာကြည့်သည်။ မာဇဒါကားပြာလေး လိုက်လာခြင်းမရှိပေ။

"ကားပြာလေး လိုက်မလာပါဘူးအစ်ကို။ အရှိန်လျှော့မောင်းလည်း ရပါတယ်"

"အဲဒါကြောင့်မဟုတ်ပါဘူး။ မသွယ်သွယ်နဲ့ အမေတို့ အနားယူရအောင် ရန်ကုန်မြန်မြန်ရောက်စေချင်တဲ့သဘောနဲ့ မောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟုတ်လား။ ဒါထက် အစ်ကို့ကိုနှုတ်ဆက်တဲ့လူကို အားနာစရာကြီးနော်။ သူက အစ်ကို့ကို ဝမ်းသာအားရ နှုတ်အဆက်မှာ အစ်ကို ကားမောင်းပြီး မောင်းထွက်လာတော့ သူ ငေးကြောင်ပြီးကျန်ရစ်ခဲ့ရှာတာ"

"သူ့ကိုမှ ကျွန်တော်မသိတာ။ သူခေါ်သလို ကျွန်တော်က ငမိုးမှမဟုတ်ဘဲ"

"အင်း ... ဟုတ်သားပဲ။ အစ်ကိုက အောင်နိုင်ပဲလေ"

သွယ်သွယ် မျက်မှောင်ကြုတ်ကြည့်ရင်း ပြောလိုက်ပါ၏။ မည်သို့ဆိုစေ သွယ်သွယ်ကို ညီမအစား မသွယ်သွယ်ဟု ကိုအောင်နိုင် ပြောင်းလဲခေါ်လိုက်ပါလေ၏။

✌





## အခန်း (၅)

သိပ်ကိုအံ့သြဖို့လည်းကောင်းသည်။ စိတ်မရှည်ဖို့လည်းကောင်းလှသည်။ နံနက်(၄)နာရီမှစ၍ မန္တလေးမှထွက်လာခဲ့ကြသည်။

ကိုအောင်နိုင်၏ ကားမောင်းကျွမ်းကျင်မှုကြောင့် ရန်ကုန်သို့ ည(၈)နာရီသာသာခန့်တွင် ရောက်ရှိခဲ့ပါ၏။ အင်းလျားလမ်းအိမ်သို့ သွယ်သွယ်ကပင် လမ်းပြပေးခဲ့သည်။

အိမ်သို့ရောက်သည်နှင့် ဖေဖေနှင့် မေမေသည် ဝမ်းသာအယ်လဲ ကြိုဆိုကြသည်။ ဖေဖေ့မျက်လုံးအစုံက ကားရှေ့ခန်း



www.burmeseclassic.com

တွင်ရှိသော လူရွယ်ကို မကြာခဏ ကွက်ကြည့်ကွက်ကြည့်ဖြင့် လှမ်းအကဲခတ်နေခဲ့၏။

ဖေဖေသည် မြို့ပိုင်ဘဝကလည်း မြို့နယ်တရားသူကြီးဖြစ်ခဲ့သည်။ ခရိုင်ဝန်ဘဝကျတော့လည်း ခရိုင်တရားသူကြီးဖြစ်ခဲ့သည်။ စိတ်ထဲမသင်္ကာဖြစ်လျှင်မှု အကဲခတ်တော့သည်။ ဒါပေမဲ့ ဖေဖေသည် လူ့ကျင့်ဝတ်ယဉ်ကျေးမှုကိုတော့ ထိန်းသည်။

ဟန်မပျက်ပင် သွယ်သွယ်နှင့် ဘွားဘွားကို ကြိုဆိုခေါ်သွားသည်။ အိမ်၏အဖော်အလှော်တွေက ကားပေါ်မှပစ္စည်းများ ချပေး၏။

ဖေဖေက ဘွားဘွားပြောသံမျှ နားထောင်သည်။ စကားပြတ်မှ အပြင်ဘက် ကားပေါ်တွင်ထိုင်နေသေးသောလူကို မေးဆတ်ပြရင်း မေးပါ၏။

“သူကဘယ်သူလဲ။ သွယ်သွယ် ကားမမောင်းချင်တော့လို့ မန္တလေးက ကားမောင်းဖို့ခေါ်လာတာလား”

“မောင်ဘသစ်ရေ ... အဲဒါ သွယ်သွယ်ရဲ့ အသက်သခင်





ကျေးဇူးရှင်ကွဲ့။ မင်းကွန်းမှာ သွယ်သွယ်လေ မော်တော်ပေါ်ကလိမ့်ကျတာ ကံကောင်းလို့ပေါ့ ... ”

ဘွားဘွား နိဒါန်းချီကာ ပြောပြသည်။ ဘွားဘွားမနားတမ်းပြောသည်။ မိနစ်(၂၀)မျှပင် ကြာသလားမပြောတတ်။

“အဲဒါနဲ့ ငါတာဝန်ယူပြီးခေါ်လာတာပဲ မောင်ဘသစ်။ အိမ်မှာ ကားမောင်းနိုင်းမလားလို့။ မင်းမိန်းမ မိသိန်းက တစ်နေ့ကို ဈေးတစ်ခေါက်သွားရမှကျေနပ်တာ။ နောက်ဆိုရင် မိငယ်ကလည်း ကောလိပ်တက်ရတော့မှာ။ ငါကလည်း ထစ်ခနဲဆိုရင် ငါ့မိတ်ဆွေတွေ၊ ငါ့အမျိုးတွေဆီသွားတာ။ ဒီတော့ အိမ်မှာ မောင်အောင်နိုင်ရှိနေရင် ပိုကောင်းတယ်လို့ ငါတွက်တယ်လေ ... ”

ဘွားဘွား၏စကားမို့ မလွန်ဆန်ချင်သော်လည်း ဖေဖေသည် ကျေနပ်ပုံမရပေ။ သွယ်သွယ့်အား ငယ်စဉ်ကပင် ကားမောင်းသင်ပေးခဲ့သည်မှာ အရွယ်ရောက်လာကတည်းက ဒရိုင်ဘာမောင်းသောကားကို မစီးစေချင်၍ပဲဖြစ်သည်။

www.burmeseclassic.com



"သူ့အရည်အချင်းကိုကြည့်ပြီး ရုံးမှာ သင့်လျော်တဲ့အလုပ်တစ်ခုခု ကျွန်တော် ရှာပေးပါ့မယ် ဒေါ်ဒေါ်။ အိမ်မှာ ဒရိုင်ဘာအဖြစ်ထားဖို့ဆိုတာတော့ ..."

"အိုကွယ် ... မောင်ဘသစ်နဲ့တော့ ခက်နေပါပြီ။ ငါက ကောင်းပြီကောင်းရဲ့လို့ခေါ်လာပြီးပြီ။ အေး ... ကိစ္စမရှိဘူး။ ကောင်လေးရဲ့ ဒရိုင်ဘာလခကို မင်းတို့ လစဉ်ထုတ်နေတဲ့ ငါ့ဘဏ်စာရင်းက ပိုထုတ်ပေါ့"

မေမေသိန်းက ဖေဖေ့ကို ဘွားဘွားဆန္ဒ လိုက်လျောပါဆိုသည့်သဘောဖြင့် မသိမသာလေး မော့ကြည့်သည်။

ဘွားဘွားဆန္ဒပြင်းချိန်တွင် မည်သို့မှပြောမရကြောင်း ဖေဖေသိပါတယ်။ ဖေဖေသည် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သော်လည်း လခမျှသာရသည်။ ဖေဖေ၏လခသည် ဘယ်တုန်းကမျှ မလုံလောက်ခဲ့။

ဘွားဘွားတွင် သိန်းချီသောငွေကြေးများ ဘဏ်တွင်အပ်နှံထားခဲ့သည်။ အင်းလျားလမ်းတွင် တိုက်တစ်လုံး၊ ဝင်ဒါမီယာထဲတွင် တိုက်တစ်လုံးရှိသည်။

ဝင်ဒါမီယာထဲမှတိုက်ကို သံရုံးတစ်ရုံးသို့ ငှားထားခဲ့၏။ ထိုငွေများကို ဘွားဘွားဘဏ်စာရင်းသို့ပဲ သွင်းရသည်။ ဖေဖေတို့မလုံလောက်လျှင် ဘွားဘွားဘဏ်စာရင်းကပဲ ထုတ်၍သုံးခွင့်ရှိသည်။

ဘွားဘွား၏လက်ဝတ်ရတနာ၊ စိန်၊ ရွှေပစ္စည်းစသည်တို့ကိုမူ သမီးဖြစ်သူ မေမေသိန်းအား ပေးထားခဲ့သည်။

ဖေဖေ့တွင် ကိုယ်ပိုင်တိုက်ဟူ၍ တစ်လုံးပင်မရှိခဲ့။ ဘွားဘွားက သူမရှိတော့သည့်အခါတွင် သမီးအတွက် တစ်လုံး၊ မြေးဖြစ်သူ သွယ်သွယ်အား တစ်လုံး ပိုင်ဆိုင်စေရမည်ဟု ဆိုခဲ့သည်။

ထို့ပြင် ဘဏ်အပ်ငွေထဲမှ မြေးမလေးသွယ်သွယ်ကို သုံးချိုးတစ်ချိုး ခံစားစေရမည်ဟု မေမေသိန်းအား မှာထားခဲ့သည်။

ဒါက ဘွားဘွားအသက်ရှင်လျက်ဖြစ်စေ မရှိတော့သည်ဖြစ်စေ ဤအတိုင်းသာဖြစ်ရမည်ဟု ဘွားဘွားပြောခဲ့ပါလေ၏။ ဆိုရလျှင် ဘွားဘွား၏ငွေကြေးချမ်းသာ ကြွယ်ဝမှုကြောင့် ဩဇာ




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညောင်းသည့်ဆိုရမည်ပင်။ ထို့အပြင် ဖေဖေသည် ဘွားဘွားကို မိခင်ပမာ ချစ်ခင်ခြင်းကြောင့်လည်း ဖြစ်ပါလေမည်။

ယခုကိစ္စတွင်လည်း ...

"ဒါဆိုလည်း ဒေါ်ဒေါ်သဘောပါ။ ကျွန်တော် ကျေနပ်ပါတယ် ..." ဟု ပြောလိုက်တော့သည်။

"ဟဲ့ ... ဟဲ့ ... ဒါဆိုရင် မောင်ကောက် ... အဲလေ မောင်အောင်နိုင်ကို အထဲခေါ်လိုက်ပါဦး။ သူ့အတွက် နေရာထိုင်ခင်းတို့ လခတို့က မောင်ဘသစ်စီစဉ်မှုဖြစ်မယ် ..."

အားလုံးပင် အပြင်သို့ပြန်ထွက်ခဲ့သည်။

သို့သော် ...

ကားထဲတွင် ကိုအောင်နိုင်မရှိပါလေတော့။

"ဟဲ့ ... သမီး၊ ကားထဲမှာလည်း အဲဒီမောင်ရင် မရှိတော့ပါလား"

သွယ်သွယ်က ခြံပတ်လည်ရှိမီးများကို ဖွင့်သည်။ ခြံထဲတွင် လှည့်ပတ်ရှာ၏။ ကိုအောင်နိုင်အား အရိပ်အရောင့်မျှပင်





မတွေ့ရပါလေတော့။ သွယ်သွယ်က ကားနောက်ဖုံးကို ဖွင့်၍ကြည့်သည်။ သေတ္တာနှင့် လွယ်အိတ်တို့ မရှိတော့ပြီ။

"သူမရှိတော့ဘူးဖေဖေ၊ သေတ္တာနဲ့ လွယ်အိတ်လည်း မတွေ့ရတော့ တခြားတစ်နေရာ ထွက်သွားပြီထင်တယ်"

ဘွားဘွားက သူထင်တာမြင်တာပြောဝေဖန်၏။

"ငါနဲ့ မောင်ဘသစ် သူ့အကြောင်း အချီအချပြောနေတာကို ကြားသွားတယ်ထင်ပါရဲ့။ ဒီသူငယ်က တစ်မျိုးပဲ။ အလုပ်ရှင်မကျေနပ်ရင် မလုပ်ဘူးဆိုတဲ့မာနလေးရှိတယ်။ သူမလုပ်ချင်လို့ ထွက်သွားတော့လည်း မတတ်နိုင်ဘူးပေါ့ကွယ်"

ညစ်ခန်းတွင် ဘွားဘွားသည် အထက်ဒေသရှိ စေတီအကြောင်း၊ လှူခဲ့တန်းခဲ့သည့်အတွေ့အကြုံများကို ပြောသည်။ ညနေနောက် (၉)နာရီခန့်တွင် အိပ်ရာဝင်သွားခဲ့ပါ၏။ ဘွားဘွား အိပ်ရာဝင်သွားပြီးမှ ကျန်သူများ အိပ်ရာဝင်ခဲ့ကြသည်။

ခရီးပန်းလာခဲ့သော်လည်း သွယ်သွယ်သည် ချက်ချင်းအိပ်မပျော်နိုင်ခဲ့။ ကိုအောင်နိုင့်အကြောင်းကို တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို … ဒီလူက ဘာမှန်းမသိတဲ့လူပဲ။ ဂေါ်ဝိန်ဆိပ်ကမ်းမှာ သူ့နာမည် ကောက်ရတဲ့။ နောက်ကျမှတော့လည်း သူ့နာမည် အောင်နိုင်တဲ့။ ဟိုမာဇဒါကားပြာလေးနဲ့ သူ့ကို အတင်းလိုက်ခေါ်တဲ့သူကျတော့ ကိုစိုးလို့ခေါ်တယ်။ သူ့နာမည်အမှန်ဟာ ဘာများပါလိမ့် … "

သွယ်သွယ် ဆက်စပ်တွေးခေါ်ကြည့်သည်။ သူမှတ်သားမိသရွေ့ လူဆိုးလူမိုက် ဒုစရိုက်သမားတို့တွင် အမည်နှစ်ခုသုံးခု ရှိနေတတ်သည်ကို မှတ်သားဖူးသည်။

ကောက်ရ (ခေါ်) အောင်နိုင် (ခေါ်) ကိုမိုးသည် လူဆိုးလူမိုက် ဒုစရိုက်သမားတစ်ဦးလေလား။

ဒီလိုတော့လည်း မဖြစ်နိုင်ပြန်။ သူ၏ရုပ်ရည်၊ အပြောအဆို၊ အနေအထိုင်တို့သည် လူဆိုးလူမိုက်တစ်ဦး ကျင့်ကြံနေထိုင်ပုံနှင့် မတူပြန်။ သို့သော် သူ့မှာ အိမ်ခြေရာခြေ အတည်တကျ မရှိနိုင်သည်ကတော့ သေချာလှပါ၏။

"အို … ရှုပ်ပါတယ်။ ငါနဲ့ ဘာဆိုင်လဲ … "





သွယ်သွယ်က အတင်းပင် အတွေးထဲမှ သူ့ကို အောင်းထုတ်ပစ်သည်။

"ငါနဲ့ဘာဆိုင်လို့လဲတော့ မပြောနဲ့ မိသွယ်။ မိသွယ် ရေထဲ လိမ့်ကျတုန်းက သူပဲကယ်တင်ခဲ့တာမဟုတ်ဘူးလား။ ဘာပဲပြောပြော သူဟာ မိသွယ်ရဲ့အသက်သခင် ကျေးဇူးရှင် သိလား … "

အိပ်ပျော်ခြင်းသို့တိုင်အောင် သွယ်သွယ် ကြိုးစားနေသည့်ကြားမှ အတွေးများ လွှန်ဆွဲနေမိပြန်သည်။ ဖေဖေသည် အမြဲလို အိပ်ရာဝင်လျှင် အတွေးဖြင့် အိပ်မပျော်တတ်သောမေမေအား ပြောဖူးသည်။

"ဒီမယ် မသိန်း၊ မသိန်းမျက်စိထဲမှာ ခြံခတ်ထားတဲ့ သိုးအုပ်တစ်အုပ်ကိုမြင်လိုက်။ သိုးတွေ အကောင်နှစ်ရာလောက်ရှိတယ်လို့မြင်ပေါ့။ အဲဒီမှာ မသိန်းက သိုးခြံကိုဖွင့်လိုက်၊ ပွင့်သွားတဲ့အပေါက်ကနေပြီး သိုးတွေထွက်လာတယ်ပေါ့ကွာ။ အဲဒီသိုးတွေကို တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင် စသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လိုက်ရေကွာ။ အဲဒီသိုးတွေ အကောင်တစ်ရာမပြည့်ခင် အိပ်ပျော်သွားလိမ့်မယ် ... ”

ဖေဖေ့ပြောဖူးသံကို နားထဲကြားယောင်ရင်း သွယ်သွယ့်မျက်စိထဲတွင် သိုးခြံကြီးကို မြင်မိတော့သည်။

သွယ်သွယ် ခြံတံခါးဖွင့်လိုက်သည်။ သိုးတွေ ခြံပေါက်မှထွက်လာခဲ့သည်။ ဘယ်နှစ်ကောင်မြောက် ရေကြည့်နိုင်မှန်းပင် မသိ။ ရေတွက်ရင်း သူမ အိပ်ပျော်သွားခဲ့တော့သည်။





# ▸ အခန်း (၆) ◂

အင်းလျားလမ်းအိမ်လိပ်စာနှင့်ဆိုတော့ အမှတ်(၂) ဒေသကောလိပ်သို့ သွယ်သွယ်တက်ခဲ့ရသည်။

ဒေသကောလိပ်မှာ မိတ်သစ်ဆွေသစ်တွေ ရလာခဲ့ပါ၏။ သွယ်သွယ့်ဘာသာပင် ဖိုးယက်ကားကိုမောင်း၍ ကျောင်းတက်ခဲ့သည်။

အမှတ်(၂)ဒေသကောလိပ်တက်၍ မကြာမီမှာပင် ခင်မိမိ၊ စိုးစိုးစံ၊ ဆွေဆွေဦးတို့နှင့် သူငယ်ချင်းဖြစ်သွားခဲ့သည်။ ခင်မိမိမှာ တက္ကသိုလ်ရိပ်သာလမ်းတွင်နေသည်။ ဒု–ဗိုလ်မှူးကြီးအောင်ဦးတိတ် (အငြိမ်းစား)၏သမီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးစံက ဘောက်ထော်၊ ကျောက်ကုန်းလမ်းတွင် နေသည်။ ဆည်မြောင်းဌာနမှ (S.E) အင်ဂျင်နီယာကြီး ဦးစိုးမျိုးကျော်၏သမီးဖြစ်သည်။ ဆွေဆွေဦးက (၈)မိုင်ရှိ ဝပ်ရှော့ပိုင်ရှင် ဦးတင်မှောင်ဦး၏သမီးဖြစ်၍ ရှစ်မိုင်ခြံဝန်းထဲ၌ပင် နေသည်။

အားလုံး ကိုယ်ပိုင်ကားနှင့် ကျောင်းတက်သောသူချည်းပဲဖြစ်ပါ၏။ ဒါပေမဲ့ ကိုယ်တိုင်မောင်း ကိုယ်တိုင်အချိန်ပြည့်ယူထားကြသူများတော့ မဟုတ်ကြ။

သွယ်သွယ်မှလွဲလျှင် ကျန်သူငယ်ချင်းသုံးဦးမှာ အိမ်မှလာကြိုကြသောကားကို စောင့်ကြရသည်။ သွယ်သွယ့်မှာတော့ ဤဒုက္ခကင်း၏။ ဖီးယက်ကားလေးက သူမတစ်ဦးတည်းသုံးဖို့ ကားတစ်[illegible]ဖြစ်နေခဲ့ပါ၏။ ကျောင်းရှေ့တွင် အချိန်ပြည့်ထိုးထားခဲ့သည်။

ဖေဖေက ရုံးမှကားကိုပဲသုံးသည်။ မေမေကလည်း သွယ်သွယ်အားမှပဲ ဖီးယက်ကားကို သုံးတော့သည်။

ညနေကျောင်းချိန်ပြီးလျှင် သူငယ်ချင်းလေးဦး တစ်





ဦးကိုတစ်ဦး စောင့်ပေးကြရသည်။ သွယ်သွယ်ပါ ရောစောင့်ပါ၏။

ခင်မိမိ၊ ဆွေဆွေဦး၊ စိုးစိုးစံတို့အထဲတွင် လာကြိုသူနောက်ကျသည်မှာ ခင်မိမိအိမ်မှပဲဖြစ်သည်။ ခင်မိမိ၏ကားက ကျောင်းဆင်းပြီးနောက် မိနစ်လေးငါးဆယ်ထိ နောက်ကျတတ်သည်။

နောက်ပိုင်းတွင်မှ ခင်မိမိမှ ညည်းညည်းတွားတွား ပြောကာ ပြန်နိုင်းတတ်တော့သည်။

"နင်တို့ပြန်ကြတော့ဟယ်။ တို့ကိုစောင့်မပေးကြနဲ့တော့။ ကြာတော့ နင်တို့အိမ်တွေကမိဘတွေဆူတာ မဆန်းပါဘူးဟာ။ ငါ့အစ်ကို ကိုလတ်က သိပ်ခြေရှည်တာ။ သူသွားချင်ရာသွားပြီးမှ လာကြိုတာ။ ဖေဖေလည်း ခဏခဏဆူတာပဲ။ မရပါဘူး။ မေမေက ရှေ့က ကာဆီးကာဆီးလုပ်တတ်တယ်လေ ..."

"နင်က ဆူပေါ့ဟဲ့မိမိ။ အိမ်ကကားအကြိုနောက်ကျရင် ကျောင်းမှာ တစ်ယောက်တည်းကျန်လို့ သရဲခြောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်စိုးရတယ်လို့ ပြောပေါ့ပါ့ဟယ်။ နင့်အနစ်ကိုကလည်း ဘယ်တွေသဝေထိုးပြီး လျှောက်ငမ်းနေသလဲမှမသိတာ"

ပြောရဲသော စိုးစိုးစံက ခင်မိမိကို စိုးစိုးဆတ်ဆတ်ပင် ပြောလိုက်တော့သည်။

"ပြောတာပဲ စိုးစိုး၊ ကိုကိုလတ်က တို့ပြောလည်း ရယ်နေတာပဲ။ အနာအကျင်လည်း ရှိတာမဟုတ်ဘူး။ နင်တို့လည်း မြင်တွေ့နေရသားပဲ ..."

မှန်သည်။ ခင်မိမိ၏အစ်ကို ကိုကိုလတ်ကို သူတို့တွေ့ဆုံကြရပါ၏။ သူနောက်ကျနေလျှင် သူ့ညီမကိုရော သူငယ်ချင်းတွေကိုပါ ရောတောင်းပန်တတ်သည်။ မျက်နှာထားချိုသည်။

သူ၏အမည်ရင်းမှာ ကိုလတ်ဆွေဖြစ်သည်။ ကိုလတ်ဆွေ ဆေး(၁)တွင် ဗိုင်နယ်ပတ်တူး တက်ရောက်နေလေပြီ။

ထိုအခက်အခဲကို သွယ်သွယ်ပင် ဖြေရှင်းပေးသည့်ပမာ ဖြစ်ခဲ့ရ၏။

ကြာလာတော့ ခင်မိမိက အားနာလာခဲ့သည်။ သူ့





အတွက်နှင့် သူငယ်ချင်းများ အိမ်ပြန်နောက်ကျသည်ကို တွက်ပြီး တစ်နေ့တွင် သွယ်သွယ်နှင့် ကားကြုံလိုက်တော့သည်။ ကိုလတ်ဆွေ အကြိုက်တွေ့သွားပါ၏။

"တက်လေ မိမိ၊ ငါက အင်းလျားမြိုင်လမ်းမှာဆိုတော့ နင်တို့နေတဲ့ တက္ကသိုလ်ရပ်သာလမ်းကို ဖြတ်ပြန်ရတာပဲ။ ခြံဝမှာချပေးခဲ့မယ် မိမိ"

နောက်ဆုံးတော့ ကျောင်းအပြန်တွင် ခင်မိမိကိုပါ တင်ခေါ်ကာ သွယ်သွယ် ပြန်ရပါတော့သည်။

ခင်မိမိကို အင်မတန်သဘောကောင်းသော သူငယ်ချင်းမကို သွယ်သွယ်ကူညီဖြစ်ခဲ့ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၇)

ယနေ့မှ ထူးထူးခြားခြား ဘွားဘွားသည် အင်းလျားလမ်းတိုက်၏ ပေါ်တီကိုအောက်တွင် ပက်လက်ကုလားထိုင်ချကာ ပြုံး၍စောင့်ကြိုနေပါ၏။ ခါတိုင်းနေ့များတွင် ဤသို့မကြိုတတ်ခဲ့။

"အယ် ... ဘွားဘွား အပြင်ဘက်မှာ ဘာဖြစ်လို့ထွက်ထိုင်နေတာလဲ။ အသက်ကြီးပြီနော်။ အအေးတွေပတ်နေဦးမယ်"

"ဟင်း ... ဟင်း ... ငါ့မြေးကမှ စိုးရိမ်ဖော်ရသေးတယ်။ မိသိန်းတို့များ ငါ့ကို ဒီလိုစိုးရိမ်ရမှန်းတောင် မသိဘူး။ သူ့လင်လာရင် ထမင်းမြိန်ဖို့ မီးဖိုထဲကမထွက်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကလည်း မေမေ့က ဘွားဘွားကို ဘာမှမပြောရဲ တာ။ မေမေပြောလည်း ဘွားဘွားက ဂရုမှမစိုက်တာ"

"လျှာမရှည်နဲ့ မိသွယ်သွယ်။ လာခဲ့။ ဘွားဘွားနဲ့လိုက်ခဲ့စမ်း"

ဘွားဘွား ပက်လက်ကုလားထိုင်မှထသည်။ ဇီး ယက်ကားပေါ်မှဆင်းလာသော သွယ်သွယ့်အား ကျောင်းလွယ် အိတ်ကိုလွယ်စေကာ လက်ဆွဲခေါ်သွားခဲ့ပါ၏။

သွယ်သွယ်တစ်ယောက် ဘာကိုနားလည်ရမှန်းမသိ ဘဲ ဘွားဘွားခေါ်ရာနောက်သို့ လိုက်လာခဲ့သည်။

ဘွားဘွားက ကားဂိုဒေါင်ရှိရာသို့ ခေါ်ခဲ့ခြင်းဖြစ် သည်။ ကားဂိုဒေါင်သည် ကျယ်ကျယ်ဝန်းဝန်း အုတ်ပတ်ကားသုံးပေ ခန့်တက်ကာ အပေါ်ထပ်ခိုးပါရှိသည့် ဂိုဒေါင်တစ်ခုဖြစ်ပါလေ၏။

ဘွားဘွားက ပိတ်ထားသောကားဂိုဒေါင်တံခါးကို ဖွင့်ပြလိုက်သည်။

"အယ် … ဘွားဘွား … "

"ဟုတ်တယ်မိသွယ်။ အဲဒီကားကို ငါ့မြေးကျောင်းတက်ဖို့





ဒီနေ့ပဲဝယ်ထားလိုက်တာ"

ဘာမပြောညာမပြောဖြင့် ဘွားဘွား၏ကိုယ်လုံးကို အားရပါးရဖက်ပြီး ဘွားဘွား၏ပါးပြင်ချိုင့်ချိုင့်ကို သွယ်သွယ် ဖက် နမ်းတော့၏။

"ဟယ် … ဒီကောင်မလေး ကလေးမဟုတ် သူငယ်မဟုတ် နဲ့ … "

ဘွားဘွားက ရှန်းကန်သည်လည်းမဟုတ်သော တွန်းထိုးဖယ်ရှားမှုမျိုးဖြင့် တွန့်ကာ သွယ်သွယ်အား ပြုံး၍ပြောရှာ ပါလေ၏။

"ဘွားဘွား … "

"ဟေ … "

"ဒါ သွယ်သွယ့်ဖို့ ဘွားဘွားဝယ်ပေးတာနော်"

"အဲဒါ ဘာဖြစ်လဲ"

"ကားလေးရဲ့အရောင်က ဆင်စွယ်နှစ်ရောင်လေးနော်။ သိပ် လှတာပဲ … "



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့။ ငါ့မြေးလေးရဲ့အသားရောင်လေးနဲ့ လိုက်ဖက်တယ်ဟုဆိုပြီး ဝယ်လိုက်တာလေ။ ကားက သဘော်ကချ ခါစလေ"

အင်မတန်ချစ်ရှာသော ဘွားဘွားပင်ဖြစ်ပါလေ၏။ သားအချစ် မြေးအနှစ်ဆိုသည့် ဆိုရိုးအတိုင်း သွယ်သွယ့်ကို ပုံအောကာချစ်ရှာပါ၏။ ကားအမျိုးအစားက ဟွန်ဒါပဲဖြစ်ပါလေသည်။

မြေးအဘွားနှစ်ဦး တစ်ဦးကိုတစ်ဦးကြည့်၍ ပြုံးခဲ့ကြသည်။ ဘွားဘွားက မြေးမလေးပျော်နေတာတွေ့၍ဖြစ်ပြီး သွယ်သွယ်ကမူ အလိုဆန္ဒကို အမြဲဖြည့်ဆည်းပေးတတ်သော အဘွားကို ကြည့်၍ ပြုံးကြခြင်းပဲဖြစ်ကြသည်။

"လာ ... ဘွားဘွား တက်"

"ဟော ... "

"တက်ပါဆိုနေမှ သွယ်သွယ် လျှောက်မောင်းကြည့်မလို့"

ဘွားဘွားသည် မငြင်း။ ရှေ့တံခါးဖွင့်ကာ မြေးမလေးသွယ်သွယ့်ဘေးတွင် ဝင်ထိုင်ပါလေ၏။





ပြီးနောက် ကားလေး၏ဦးခေါင်းကို ကွေ့ကာ ရပ်ထားသော ဗီးယက်ကားလေးဘေးမှ ပွတ်ရောင်ကာ ခြံပေါက်သို့ မောင်းထွက်လာခဲ့သည်။

ခြံထဲမှာ ပန်းလှေးများကိုခူးရင်း ဖေဖေရုံးမှပြန်အလာကို စောင့်ကြိုနေသော မေမေနှင့် တိုးပါလေတော့သည်။

"ဟဲ့ သွယ်သွယ်၊ စိုးရှုပ်တော့မယ်။ ဒါက ဘယ်လျှောက်သွားမလို့လဲ"

သွယ်သွယ် မဖြေသေးမီ ဘွားဘွားက ကားပြတင်းပေါက်မှ ခေါင်းပြူပြီး ...

"ငါ့မြေးက ကားသစ်လေးကို စမ်းမောင်းကြည့်မလို့တဲ့ဟ။ ငါကိုယ်တိုင် ဘေးကပါနေသားပဲ။ ဘာမှစိုးရိမ်မနေနဲ့"

မေမေသိန်း ဘာမှဆက်မပြောပါလေတော့။

သွယ်သွယ်က ကားလေးကို မောင်းကောင်းကောင်းနှင့် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း မောင်းလာခဲ့သည်။ အင်းလျားဆောင်ရှိသော လမ်းဘက်သို့ ကွေ့ချိုးကာ ထိုလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်၍ မင်္ဂလာဒုံလမ်းဘက်သို့အရောက်တွင် မင်္ဂလာဒုံဘက်သို့ ကွေ့ချိုးမောင်းပြန်သည်။

"ဟဲ့ သွယ်သွယ်၊ ဘယ်ထိအောင်မောင်းမလို့လဲ"

"အိုး ... ဘွားဘွားကလည်း မင်္ဂလာဒုံလမ်းကြီးက ရှင်းလည်း ရှင်းတယ်။ လမ်းလည်းကျယ်တယ်။ လမ်းလည်းချော တယ်။ ဒီကားလေး ဘယ်လောက်ပြေးသလဲလို့ သွယ်သွယ် မောင်းကြည့်ချင်လို့"

သွယ်သွယ် စက်ရှိန်ကိုမြှင့်ကာ မောင်းလိုက်သည်။

မရမ်းကုန်းမီးပွိုင့်ကျော်လာသည်။ နမ့်စင်းဟိုတယ် အရောက်တွင် ကားလေးသည် တုံ့ခနဲ တစ်ချက်ဖြစ်သွားသည်။ သူမ စိတ်ထဲ ကားလေး ဘာဖြစ်၍များ တုံ့သွားပါလိမ့်ဟု တွေးလိုက်မိ သည်။

သို့သော် လီဗာကို တစ်ချက်၊ နှစ်ချက်ပုတ်လိုက် သည်နှင့် ကားလေး အဆက်မပြတ် လိမ့်နေပြန်သည်။ ယင်းအချိန် ဝယ် ...





နမ့်စင်းဟိုတယ်ရှေ့တွင် ကားလေးတုံ့သွားခိုက် နမ့် င်းဟိုတယ်ပေါက်မှ ထွက်လာသော တိုယိုတာ အဝါပုပ်ရောင်တစ် သည် လက်ဝဲလက်ယာကို မကွေ့သေးဘဲ သွယ်သွယ့်ဟွန်ဒါကား သစ်လေးကို အထဲမှလူများက ငေးစိုက်ကြည့်ခဲ့ကြသည်။

သွယ်သွယ် ဆက်မောင်းလာသော မင်္ဂလာဒုံလမ်း တိုင်း တိုယိုတာကားအဝါလေးက နောက်မှလိုက်ပါမှန်း သွယ် ယ်မသိသေးခဲ့။

(၇)မိုင်ကျော်ကျော် (၈)မိုင်မရောက်မီလေးတွင် န်ဒါကားလေးသည် တုံ့ခနဲ၊ တုံ့ခနဲဖြစ်လာပြန်သည်။ ထိုးရပ်တော့ ည့်ပမာ ဖြစ်လာခဲ့သည်။

သွယ်သွယ်သည် လီဗာကိုဖိနင်းရင်း ကားဘီးဆက် မိမ့်ဖို့ ကြိုးစားသေးသည်။

သို့သော် မရပါလေတော့။ ကားကိုရပ်ပစ်လိုက်ရပါ ။

"ဟဲ့ ဘာဖြစ်တာလဲ သွယ်သွယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ဆီကုန်သွားတာပဲ ဘွားဘွား"

ဓာတ်ဆီအိတ်တွင် မြှားတန်းလေးသည် အီးအကွာ သို့ ပြနေခဲ့လေပြီ။

"ဘွားဘွားက ကားထဲမှာ ဓာတ်ဆီနည်းနေမှန်း သွယ်သွယ် ကိုမှ ကြို့မပြောတာ"

"ဟဲ့ ငါသိမတဲ့လား။ ကားဝယ်ပြီးကာနဲ့ ဂိုထောင်ထဲထည့် နိုင်းထားပြီး ညည်းလာတဲ့အထိ ဘွားဘွားစောင့်နေတာပဲ ဟာ"

"ခက်တော့နေပြီ ဘွားဘွား။ ဒီနေရာနဲ့ ဒီအချိန်ကြီးမှာ ဓာတ်ဆီဘယ်လိုရမတဲ့လဲ။ ကားရောင်းသွားတဲ့လူတွေကလည်း ကားတစ်စီးလုံးရောင်းသွားပြီးမှ ဓာတ်ဆီဖင်ကပ်လေးထား ပစ်ခဲ့တယ်"

သွယ်သွယ် ညည်းညူရင်း ကားအောက်သို့ဆင်းလိုက်သည်။ ပြင်ပလက်ဝဲလက်ယာနှင့် ရှေ့နောက်သို့ သွယ်သွယ် ဝေ့၍ကြည့်လိုက်သည်။





ဆည်းဆာညနေက အမှောင်ဆီသို့ ဦးတည်နေပြီ။ အင်းလျားလမ်းအိမ်ပြန်ရောက်တော့ ညနေ(၆)နာရီထိုးရန် မိနစ်အနည်းငယ်သာလိုတော့သည်။ ကားသစ်လေးကို ဘွားဘွားပြသသောအခါ သွယ်သွယ်သည် ဝမ်းသာအားရဖြင့် မောင်းလာခဲ့မိ၏။ ဓာတ်ဆီအိတ်ကို သူမ သတိမထားမိခဲ့ပါလေ။

ထိုစဉ်မှာပင် တိုယိုတာကားအဝါပုပ်တစ်စီးသည် မီးနှစ်လုံးကိုထွန်းကာ သွယ်သွယ်တို့၏ ဟွန်ဒါကားလေးနောက်တွင် ရပ်လိုက်ပါ၏။

ကားရပ်ပြီးသည်နှင့် ကားပေါ်မှ လူရွယ်သုံးယောက်ဆင်းလာကြသည်။ လူရွယ်သုံးယောက်လုံးသည် ဆံရှည်ကြီးများနှင့်ဖြစ်ကြသည်။ ဘောင်းဘီကိုယ်စီဝတ်ထားကြ၏။

"ဟေး ... ညီမ၊ ညီမကား ဘာဖြစ်လို့လဲ။ တို့ ဘယ်လိုကူညီရမလဲ ပြော"

လူရွယ်သုံးဦးထဲမှ ကားမောင်းလာသူ လူရွယ်က နှုတ်သွက်လျှာသွက်ဖြင့် သွယ်သွယ်အား မေးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခတ်ဆီကုန်သွားလို့တဲ့ကွယ်"

ဘွားဘွားက ကြားဝင်၍ ထိုလူရွယ်အား ပြောလိုက်သည်။

"ဟုတ်လား။ ခတ်ဆီကုန်သွားတာဆိုရင်တော့ မလွယ်ဘူး အမေကြီး။ ဒီအနီးအနားမှာ ခတ်ဆီပန့်မရှိဘူး"

ဘွားဘွား ခေါင်းကုတ်ရတော့သည်။

လူရွယ်သုံးဦးလုံး၏မျက်လုံးများသည် သူတို့တိုယို တာ ကားမီးဖွင့်လျက်သားရှိသည့် မီးရောင်ဖြင့် ဟွန်ဒါကားဘေး တွင်ရပ်နေသော သွယ်သွယ့်ကိုသာ စူးစူးရဲရဲကြည့်နေကြ၏။

သူတို့ထံမှ အရက်နံ့သည် လေအခင့်ခိုင်း သွယ်သွယ် ရှူရှိုက်နေရပါ၏။

"ဟေ့ကောင်ထွတ်ထွတ်၊ မင်းကားထဲက ခတ်ဆီထုတ် လေကွာ။ ပြီးရင် အဲဒီကားလေးထဲ ထည့်ပေးလိုက်ပေါ့။ ဒါ ဆိုရင် ဒီအမေကြီးနဲ့ ညီမလေး အဆင်ပြေသွားမှာပေါ့"

"ဟုတ်တယ်ကွယ်။ အဲဒီလိုကူညီပါလား ငါ့မြေးတို့ရယ်"





ဘွားဘွားက တောင်းပန်သံဖြင့် ပြန်ပြောလိုက်သည်။

"ဒီမှာ ဆန်နီ၊ မင်းပြောတာက လွယ်တယ်။ ကဲ … ငါ့ကား ထဲက ဆီထုတ်ပေးမယ်ကွာ။ ဘယ်မှာလဲ စုပ်ဖို့ပိုက်လုံး။ ငါ့မှာတော့ ပိုက်မပါလာဘူး။ အဲ … ညီမတို့မှာ ခတ်ဆီစုပ် ဖို့ ပိုက်ပါလာသလားဟင် … "

ထွတ်ထွတ်၏ ရီဝေနီကြောင်နေသော မျက်လုံးအစုံ က သွယ်သွယ့်အား စိုက်ကြည့်ရင်း မေးပါလေသည်။

"မပါဘူး။ ဒီကားက ဒီနေ့မှဝယ်လိုက်တာ။ ဒါကြောင့် ကား ရဲ့အထာသိချင်လို့ မောင်းကြည့်ရင်း ဆီပြတ်သွားတာ"

သူတို့အပြုအမူနှင့် သူတို့အထာကို သွယ်သွယ် ကွက် ခနဲမြင်မိတော့သည်။ သူတို့သုံးဦး ဝတ်စားထားသည်မှာ အကောင်း စားချည်းပဲဖြစ်ပါလေသည်။ သည်တော့ ပိုက်ဆံရှိသားသမီးတွေမှန်း သိသာသည်။ သူတို့က ဘာကိုမှဂရုမစိုက်ပုံ ရှိနေကြသည်။

ဘွားဘွားကတော့ ယနေ့ခေတ်လူငယ်တွေ၏



www.burmeseclassic.com

www.burmeseclassic.com



အထာကို ဘာမှသိပုံမပေါ်။ ဓာတ်ဆီရဖို့လောက်ပဲ အာရုံစိုက်နေပုံရသည်။

သွယ်သွယ် မျက်လုံးလေးများ ဝိုင်းစပြုတော့သည်။ ရင်ဆိုင်နေရသော အနေအထားက မကောင်း။ အချိန်က မှောင်စပြုနေသည့်အချိန်။

ဒေသက လူပြတ်သော (၇)မိုင်ခွဲ။

ဘေးပတ်ဝန်းကျင်မှာ တိုက်တာအဆောက်အအုံတွေရှိပေမယ့် ခြံဝန်းကြီးတွေက ကျယ်ဝန်းလှသည်။ အရေးအကြောင်းရှိ၍ အကူအညီတောင်းလျှင်ပင် ကြားနိုင်ဖို့က လွယ်မည်မဟုတ်။

ထွက်ပြေးရန်ကလည်း ဟွန်ဒါကားလေးမှာ ဆီမရှိတော့။

အခြေအနေက လူရှမ်းကားလေးသုံးဦးအတွက် ပံ့ပိုးကူညီနေခဲ့သည်ပဲဖြစ်ပါ၏။

"အင်း … ဒီနေရာမှာ အမေကြီးတို့ကားထားခဲ့ရင်တော့





အလစ်သမားတွေဖြုတ်တာနဲ့ ကုန်သွားမှာပဲ။ ဒီတော့ ပေ့ာဒီကညီမကို ကျွန်တော်တို့နဲ့ ထည့်ပေးလိုက်။ အမေကြီးက ကားစောင့်နေခဲ့။ ညီမအိမ်ကို ကျွန်တော်တို့ လိုက်ပို့ပေးမယ်။ အိမ်ကျမှ ညီမက အစီအစဉ်တစ်ခုခုလုပ်ပေါ့"

ဘွားဘွားက ခေါင်းခါပြသည်။

"မဟုတ်တာကွယ်။ ဒီနေရာမှာ တစ်ယောက်တည်း အမေကြီး ဘယ်နေရဲမှာလဲ"

ထွတ်ထွတ်ဆိုသူက ရယ်လိုက်သည်။

"ဒါလည်းဟုတ်တာပဲ။ အမေကြီးတစ်ယောက်တည်း ဘယ်နေရဲမှာလဲ။ ဟေ့ ဆန်နီ"

"ဘာလဲကွ ထွတ်ထွတ်"

"မင်းဖြစ်ဖြစ်၊ ဖြိုးဖြိုးဖြစ်ဖြစ် ကားကိုမောင်းသွားကွာ။ အမေကြီးအိမ်ရောက်လို့ ဓာတ်ဆီအသင့်ရှိတယ်ဆိုလည်း ပုံးတစ်ပုံးနဲ့ ထည့်လာပေါ့။ ဆီမရှိဘူးဆိုရင်တော့ ဗလတ်စတစ်ပိုက်တစ်ခုခုသာ ယူလာခဲ့။ ငါ့ကားထဲက ဆီထုတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ဒါဆိုလည်း ဖြိုးဖြိုးပဲ အမေကြီးကိုခေါ်သွား။ ငါနဲ့ ထွတ်ထွတ်က ဒီညီမလေးကို စောင့်ပေးထားမယ်။ အဲဒါဆိုရင် အမေကြီး ကျေနပ်လောက်ပါတယ်နော်။ ကျွန်တော်တို့က စေတနာနဲ့ကူညီတာပါ"

"အေးကွယ် … သာဓု … သာဓု …"

ဘွားဘွား၏ သာဓုသုံးခါရွတ်အောင် သွယ်သွယ်စောင့်ခဲ့တော့။

"မလိုဘူး ဘွားဘွား။ ဘွားဘွားလည်း လိုက်သွားစရာမလိုဘူး။ သွယ်သွယ်လည်း လိုက်သွားစရာမလိုဘူး"

"ဟဲ့ … မိသွယ်၊ ဒါဆိုရင် တို့ အိမ်ကို ဘယ်တော့ပြန်ရောက်မှာလဲ။ အိမ်မှာ လိုလိုမယ်မယ်ဆောင်ထားတဲ့ ဓာတ်ဆီတွေ ရှိနေတာပဲဟာ …"

"ဟုတ်တာပေါ့။ အမေကြီးကမှ စာတတ်သေးတယ်"

ထွတ်ထွတ်က ရယ်မောကာ ဝင်၍ပြောလိုက်သည်။

ဖျတ်ခနဲ သွယ်သွယ်က ဟွန်ဒါကားလေးရပ်ထား





သည့်နေရာနှင့် အနီးဆုံးဖြစ်မည့် လက်ယာဘက်ရှိ ခြံဝင်းတစ်ခုဆီသို့ ခြေလှမ်းလှမ်းလိုက်သည်။

"ဒီလိုမလုပ်နဲ့လေ ညီမ"

ထွတ်ထွတ်က လက်နှစ်ဖက်ဆန့်တန်းကာ ဟန့်တားခဲ့ပါ၏။

"ရှယ် ဖယ်နော် …"

"မဖယ်ဘူးကွာ …"

"ဖြန်း …"

သွယ်သွယ်က လက်သွက်လှသည်။ ရှေ့မှပိတ်ကာတားဆီးနေသော ထွတ်ထွတ်ဆိုသူ၏ပါးကို ဖြန်းခနဲပိတ်ရိုက်လိုက်သည်။

"ဩော် … မင်းက ဒီလိုလား။ ကဲကွာ …"

ထွတ်ထွတ်သည် အလွန်ပင်ရိုင်းစိုင်းစွာ သွယ်သွယ်၏ကိုယ်လုံးကလေးကို သိမ်းကျုံးဖက်လိုက်တော့သည်။

သို့သော် …



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်က ကြိုတင်သတိထားပြီးဖြစ်၍ လွတ်အောင်ရှောင်လိုက်သည်။

ရှေ့မှပြေး နောက်မှလိုက်ဖြစ်တော့သည်။ ထိုရော အခါ ဆန်နီနှင့် ဖြိုးဖြိုးဆိုသူနှစ်ဦးကလည်း ထွတ်ထွတ်ဆိုသူနှင့် အတူ ပြေးလိုက်ခဲ့ပါလေ၏။

ထိုသို့ သွယ်သွယ်နောက်သို့ ပြေးလိုက်လာသည်ကို သွယ်သွယ်အကူအညီတောင်းခံမည့် ခြံဝန်းကြီးထဲမှ အမျိုးသမီးတစ်ဦးသည် တိုယိုကားမီးရောင်ဖွင့်ထားသဖြင့် လှမ်းမြင်နေရသောမြင်ကွင်းကို တိုက်အိမ်ကြီးထဲမှ လှမ်းကြည့်နေသည်။

ရန်ကုန်မြို့ဆိုသည်ကလည်း အခက်သား။ ပြဿနာတစ်ခုထဲသို့ ဝင်ပါမိကာ နောက်ဆုံး ကိုယ်ပင် ဒုက္ခနှင့်ရင်ဆိုင်ရခဲ့သော သာဓကတွေ ရှိခဲ့ဖူးသည်။

အကောင်းဆုံးကတော့ လမ်းဘေးတွင် ပြဿနာတစ်ခုခုဖြစ်ပြီးဟေ့ဆိုလျှင် အနီးဆုံး ရဲတပ်ဖွဲ့စခန်းသို့ ဖုန်းဖြင့်အကြောင်းကြားပေးခြင်းသည်ပင် အထိရောက်ဆုံးကူညီမှု ဖြစ်ပါ၏။





ခြံကြီးထဲရှိ တိုက်အိမ်ထဲမှ အမျိုးသမီးသည် ဖုန်းကိုကောက်ကိုင်ကာ လှိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းပေးခဲ့သည်။

ရန်ကုန်မြို့ဘက်မှ မောင်းလာသော လေးဘီးကားတစ်စီးသည် ကားမီးထိုးရင်းမှ ရှေ့မှပြေးနေသည့် သွယ်သွယ်အား နောက်မှ ယောက်ျားသားသုံးဦးက လိုက်လံဖမ်းဆီးနေသည်ကို မြင်နေရသည်။

ထို့ကြောင့်ပင် လေးဘီးကားလေးသည် သွယ်သွယ်နှင့် လူရွယ်များအနီးတွင်ပင် ထိုးရပ်လိုက်သည်။

"ဟေး ..."

လေးဘီးကားပေါ်မှလူသည် ကားကို စက်မသတ်သေးမီမှာပင် အသံလေးခြောက်လှန့်လိုက်ပါ၏။

ထွတ်ထွတ်၊ ဆန်နီနှင့် ဖြိုးဖြိုးတို့ တွံ့ခနဲရပ်သွားကြသည်။

သွယ်သွယ်ခမျာ ဒူးတုပ်လဲကျသွားရှာသည်။ ဘွား



www.burmeseclassic.com

www.burmeseclassic.com



သွားကလည်း နောက်မှပြေးလိုက်လာရင်းက မြေးမလေးသွယ်သွယ်အပေါ်သို့ ထပ်ကာလဲကျသွားတော့သည်။ နှစ်ဦးစလုံး မောဟိုက်နေခဲ့ကြသည်။ စကားမပြောနိုင်သေး။

ရဲပတ္တာရောင်ကားမဟုတ်မှန်း သိလိုက်သည်နှင့် ကားရှိရာသို့ ထွတ်ထွတ်တို့သုံးဦး လျှောက်ခဲ့ကြသည်။

"ဟော့ကောင်၊ မင်း ဘာကောင်လဲ ... "

လေးဘီးကားပေါ်မှ ဆင်းလာသူကို လှမ်း၍ပြောလိုက်၏။

"ကျွန်တော် ဘာကောင်မှမဟုတ်ပါဘူး။ ဟောဒီအမေနဲ့ မသွယ်သွယ်က ကျွန်တော့်မိတ်ဆွေတွေပါ"

မင်းဘာကောင်လဲဟု မေးသူ ထွတ်ထွတ်အား အောင်နိုင်က ဖြေလိုက်သူ။

"ဟယ် ... မောင်ကောက်ရ အဲ ... "

"ဟင် ... ကိုအောင်နိုင် ... "

"အေး ... သူတို့က မင်းမိတ်ဆွေပဲထားပါတော့။ အဲဒီတော့





ဘာဖြစ်သလဲ ... "

ထွတ်ထွတ်သည် ကိုအောင်နိုင်အား မကျေနပ်သံဖြင့် မေးပါလေ၏။

"အခက်အခဲဖြစ်နေရင်တော့ ကူညီမယ်ဆိုပြီး ဆင်းလာတာပါ"

ထိုစဉ်မှာပင် ဆန်နီဆိုသူက ...

"ထွတ်ထွတ် ... ဒီကောင်ဟာ အငှားကားမောင်းနေတဲ့ကောင်ကွ။ မင်္ဂလာဒုံလေဆိပ်မှာလည်း မောင်းထိုးတယ်။ ကမာရွတ်မောင်းမှာလည်း ထိုးတယ်။ ဒီကောင့်ကို ငါမြင်ဖူးပါတယ်"

"ဟ ... ဒါဆို ဒီကောင် နယ်နယ်ရရမှမဟုတ်ဘဲ ဆန်နီ"

"ကားက ရှစ်မိုင်က ဦးတင်မောင်ဦးဆိုတဲ့လူ ပိုင်တဲ့ကားတွေကို အုံနာခပေးပြီး မောင်းနေတာကွ။ ငါ့ရဲ့ကောင်မလေးက ဦးတင်မောင်ဦးရဲ့သမီးလေ ... "

"ဟား ... ဟား ... ဒါဆိုရင် သူ့ကို တို့ သင်ခန်းစာပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ဖြိုးဖြိုး ... အဲဒီလေးဘီးကားစုတ်ရဲ့ ရှေ့မှန်ကိုခွဲပစ်လိုက်စမ်းကွာ ... ဒါမှ မှန်ကွဲကို သူပြန်လျော်ပေးရလို့ ဒီနေ့ နေ့တွက်ကိုက်သွားမယ် ... "

ဖြိုးဖြိုးဆိုသူက လှစ်ခနဲပင် လမ်းဘေးမှ တွေ့ရာခဲတစ်လုံးကို ကောက်ယူလိုက်သည်။

"ဟာ ... အဲ ... အဲဒီလိုမလုပ်နဲ့လေ ... အံ့နာနဲ့ ကျွန်တော် အကြီးအကျယ်ပြဿနာဖြစ်သွားလိမ့်မယ်"

ကောက်ရ (ခေါ်) အောင်နိုင်သည် တောင်းပန်သံဖြင့် ဖြိုးဖြိုးဆိုသူ့ထံသို့ ပြေးသွားခဲ့သည်။

နောက်ကျသွားခဲ့ပါ၏။

ဖြိုးဖြိုးသည် လမ်းဘေးမှ ကောက်ယူထားသောခဲဖြင့် လေးဘီးကားမှန်ကို ပစ်ပေါက်လိုက်တော့သည်။

"ခွပ် ... "

ကားမှန်ကွဲသွားခဲ့ပြီ ...။ ကော်ကပ်သုံးထပ်မှန်မို့ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားခြင်းမျိုးတော့မဟုတ်။ ပင့်ကူအိမ်လို





မှန်တစ်ချပ်လုံး ကွဲကြောင်းများ ယှက်ဖြာသွားခဲ့ပါ၏။

"ကဲ ... တို့ပြန်ကြမယ်။ ဒီကောင့်အဖို့ နောက်ကို ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်နဲ့ဆိုတာကို သဘောပေါက်သွားပြီပေါ့ကွာ။ ဟား ... ဟား ... ဟား ... ဟား ... "

သူတို့သုံးယောက် တိုယိုတာကားတံခါးကိုဖွင့်ပြီး အသီးသီးတက်နေချိန်တွင် အောင်နိုင်သည် တိုယိုတာကားရှေ့သို့ လှစ်ခနဲရပ်ပြီး ဖြစ်သွားခဲ့သည်။

ထို့နောက် အောင်နိုင်သည် သူ၏လက်ယာလက်ကို မြှောက်ကာ လက်ဝါးစောင်းဖြင့် တိုယိုတာကားရှေ့မှန်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

ဟက်ခနဲပင် တိုယိုတာကားရှေ့မှန် ကွဲသွားခဲ့သည်။ ပင့်ကူမြွေးကြောင်းလို တစ်ချပ်လုံး အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသည်။

အောင်နိုင် မရပ်သေး။

တိုယိုတာကားနောက်သို့ ရောက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှန်ကိုလည်း လက်ဝါးစောင်းဖြင့် ခွဲပစ်ပြန်သည်။

ထိုမှဖြင့်မကျေနပ်သေးဘဲ ကား၏ရှေ့ပိုင်းသို့ ပြန်ကူးလာကာ ဘောနက်ဖုံးသံပြားကို လက်ဝါးစောင်းဖြင့် ဆင့်ကာသုံးချက်အထိ ခုတ်လိုက်တော့သည်။

ဂျပန်ပြည်လုပ်သံကပဲ လျှော့၍လား အောင်နိုင်၏လက်ဝါးစောင်းကပဲ ပြင်း၍လားမသိ ဘောနက်ဖုံးမှာ ဝိန်ချိုင့်သွားပါလေတော့သည်။

ဒါတင်မကသေး ...

ကားမောင်းသူနေရာတွင် တံခါးပိတ်ထိုင်နေပြီဖြစ်သော ထွတ်ထွတ်၏နှားထင်တည့်တည့်သို့ ပြတင်းပေါက်မှ သူ၏လက်ငါးချောင်းဖြင့် ဆတ်ခနဲထိုးထည့်လိုက်တော့သည်။

"အား ..."

နာကျင်စွာအော်ဟစ်ပြီး ထွတ်ထွတ် ဘေးသို့ခွေလဲကျသွား၏။





"နောက်ထပ်ထွက်ခဲ့ဦးလေ။ နှစ်ယောက်ကျန်သေးတယ် မဟုတ်လား။ ငါ့ဘဝက မထူးတဲ့ဘဝကွ။ ထွက်လာခဲ့ကြစမ်း။ အသက်ချင်းလဲပစ်လိုက်မယ်"

အောင်နိုင်၏စိန်ခေါ်သံသည် ညအမှောင်ထဲတွင် ပျံ့လွင့်သွားခဲ့ပါ၏။ တိုယိုတာကားအတွင်းရှိ ဆန်နီနှင့် ဖြိုးဖြိုးတို့ စာအံငြိမ်နေသေးသည်။ ၎င်းနောက် နှစ်ယောက်သား ပြိုင်တူထွက်လာခဲ့ကြပါလေ၏။

ကားမီးအလင်းရောင်နှင့် ထင်းခနဲတွေ့နေရသည်။

သွယ်သွယ်နှင့် ဘွားဘွားတို့ ကြောက်ရွံ့ပြီး ထိုင်ရာမှမထရဲကြပေ။

ထိုစဉ်မှာပင် ...

ဝီခနဲ့ဝီခနဲအသံပေးပြီး ဗီးယက်ကားအနက်ရောင်တစ်စီး ရောက်လာခဲ့သည်။

ရဲကားဖြစ်ပါ၏။

ရဲကားအတွင်းမှ ရဲတပ်ဖွဲ့ဝင်များ ကားရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် လျှင်မြန်စွာပင် ဆင်းလာခဲ့ကြသည်။

"ကဲ ... ကဲ ... မောင်ရင်တို့ ပွဲပြီးသွားပြီပေါ့ကွာ။ ငါ့အနေနဲ့ ကတော့ ဘယ်သူတရားခံလဲ ဘယ်သူက တရားလိုလဲ ဒါပဲ မေးမယ်"

ဆန့်နီနှင့် ဖြိုးဖြိုးသည် တိုယိုတာကားရှေ့ပိုင်းတွင် တုံးလုံးလဲနေသည့် ထွတ်ထွတ်ကို ထူမပေးကြရတော့သည်။

အောင်နိုင်နှင့် ထွတ်ထွတ်တို့အဖွဲ့သည် တစ်ယောက်ကိုတစ်ယောက် တရားခံအဖြစ် ထွက်ဆိုကြတော့သည်။

ရဲအရာရှိက သူတို့ပြောသမျှ နားတောနားထောင်သည်။ ပြီးတော့မှ ဘွားဘွားနှင့် သွယ်သွယ့်ကို စမေးတော့၏။

သွယ်သွယ်တို့မြေးအဖွား ထွက်ဆိုချက်တို့ကို မှတ်ထားခဲ့၏။ ပြီးမှ ...

"မောင်ရင်တို့အားလုံး ရဲစခန်းကိုလိုက်ခဲ့ပါ။ စခန်းရောက်မှ အမှုကိုဆက်စစ်မယ်"

"အို ... မလိုက်ဘူးဗျာ"





ထွတ်ထွတ်က နာကျင်စွာ ရှုံ့မဲ့ရင်း ငြင်းဆိုလိုက်သည်။

"ကျုပ်အိမ်ကို ဒီနားကတိုက်အိမ်တစ်ခုခုကနေပြီး ဖုန်းဆက်ပြီး ကျုပ်ဒက်ဒီနဲ့ ရဲအုပ်ကြီး စကားပြောကြည့်ပေါ့"

"ဝမ်းနည်းပါတယ် ငါ့တူ။ ရဲစခန်းရောက်မှ စခန်းကဖုန်းနဲ့ ဆက်ပေါ့။ ငါ့မှာက အထက်အရာရှိတွေရှိသေးတယ်။ ဒီတော့ ရဲစခန်းကို အားလုံးလိုက်ခဲ့ကြပါ"

ထွတ်ထွတ်က သူ၏ကားလေးကို မကျေမနပ်ကြည့်ခဲ့မိသည်။ ရှေ့မှန်၊ နောက်မှန်နှင့် ဘောနက်ဖုံးများ ပိန်ချိုင့်သွားသည်ကို တွေ့နေရပါ၏။

ရဲအုပ်ကြီးက ဟွန်ဒါကားလေး ခတ်ဆီကုန်သွားကြောင်းကို သွယ်သွယ်တို့မြေးအဖွားစစ်ချက်မှ သိရှိပြီးဖြစ်၏။

အောင်နိုင်ကပြောခဲ့၍ ရဲသားများက လေးဘီးကားဆီထုတ်ကားပိုက်ဖြင့် ဟွန်ဒါကားလေးသို့ ထည့်ပေးသည်။

သွယ်သွယ်၏နေ့ရပ်လိပ်စာ၊ မိဘ၏ရာထူးအဆင့်



www.burmeseclassic.com

www.burmeseclassic.com



တွေကို မှတ်ယူကာ ရဲအုပ်ကြီးသည် တိုယိုတာကားကိုရော လေးဘီးကားကိုပါ မောင်းစေပြီး လှိုင်မြို့နယ်ရဲစခန်းသို့ ခေါ်ဆောင်သွားတော့သည်။





## အခန်း (၈)

ဟွန်ဒါကားလေးကို ရဲအုပ်ကြီးအစီအစဉ်ဖြင့် ခက်ထည့်ပြီး ပြန်မောင်းလာစဉ် ဘွားဘွားနှင့် သွယ်သွယ်တို့ ဖြစ်ကြောင်းကုန်စင် ပြန်ပြောမိကြသည်။

"မောင်ကောက်ရကတော့ နင့်ကိုကယ်ခဲ့တာ နှစ်ကြိမ်ရှိသွားပြီနော် မိသွယ်"

သွယ်သွယ်သည် ဘွားဘွား၏စကားကို ငြိမ်သက်အားထောင်နေမိသည်။

"သူနာမည်က ကိုအောင်နိုင်ပါ ဘွားဘွားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ။ နာမည်ဆိုတာက ဘယ်လိုပဲဖြစ်ဖြစ် အရေးမကြီးလှပါဘူး။ တကယ်က မောင်အောင်နိုင်သာ ဒီညရောက်မလာခဲ့ရင် နင့်ဘဝ တွေးကြည့်စမ်းမိသွယ်"

"ဒါတွေ သွယ်သွယ်လည်း သိပါတယ်ဘွားဘွားရယ်။ သွယ်သွယ်လည်း အဲဒါတွေကိုပဲ စဉ်းစားလာတာပါ"

"အေးကွယ် ... ရဲတွေက သူ့ကိုဖမ်းသွားတာ ဘာများဖြစ်ဦးမယ်မသိဘူး။ ဟိုကောင်လေးတွေကတော့ မိဘအရှိန်နဲ့ ရမ်းကားနေတဲ့ လူရမ်းကားလေးတွေ ဖြစ်မယ်ထင်ပါရဲ့"

သွယ်သွယ် ဆက်ပြင်းတစ်ခုချလိုက်မိပါလေ၏။

အခင်းဖြစ်ပွားစဉ်က ကိုအောင်နိုင်အား ဆန့်နီဆိုသူ ေ... သာစကားကို ဖျတ်ခနဲ ခေါင်းထဲပြန်ဝင်လာသည်။

"ဒီကောင်က ရှစ်မိုင်မှာနေတဲ့ ဦးတင်မောင်ဦးဆိုတဲ့လူ့တဲ့ ကားတွေကို အုံနာခပေးပြီး မောင်းနေတာကွ"

ဦးတင်မောင်ဦး ...

ဦးတင်မောင်ဦး ...





ဒီနာမည်ကို သွယ်သွယ် ကြားဖူးနေခဲ့သည်။ ဟုတ်ပြီ။ ဦးတင်မောင်ဦးဆိုသည်မှာ ဆွေဆွေဦးတို့ဖခင်ပဲဖြစ်ရမည်။ ဆွေဆွေဦးတို့က ရှစ်မိုင်မှာနေသည်။ ဝပ်ရှော့(ပ်)ထောင်ထားသည်။

ကိုအောင်နိုင်သည် ဆွေဆွေဦးတို့ ထောင်ထားသောကားများကို အစားနှင့် မောင်းပေးနေခြင်းဖြစ်မည်။

ကျောင်းရောက်လျှင် ဆွေဆွေဦးကိုမေးမြန်းကာ ကိုအောင်နိုင်အား သွားရောက်တွေ့ဆုံ ကျေးဇူးဆပ်မည်ဟု သွယ်သွယ် ဆုံးဖြတ်လိုက်ပါ၏။

"ဘွားဘွား ..."

"ပြော မိသွယ် ..."

"ကိုအောင်နိုင်ရဲ့ကား မှန်လေးကွဲသွားတယ်။ အဲဒါ မှန်ဖိုး ဘယ်လောက်ပေးရမလဲမသိဘူး။ ကားမှန်အသစ်ထပ်ထည့်ဖို့ သွယ်သွယ် အောင်နိုင့်ကို ပိုက်ဆံပေးချင်တယ်"

"ပေးပေါ့။ သိပ်ကိုပေးသင့်တာပေါ့။ နေပါဦး။ သွယ်သွယ်က မောင်အောင်နိုင် ဘယ်မှာနေမှန်းမှမသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဆန်နီဆိုတဲ့လူပြောပုံအရ ရှစ်မိုင်က ဦးတင်မောင်ဦးအိမ်မှာ ကားမောင်းနေတယ်ဆိုတော့ သွယ်သွယ့်သူငယ်ချင်း ဆွေဆွေဦးရဲ့အဖေပဲဖြစ်ရမယ်လေ။ သူတို့က ရှစ်မိုင်မှာ ဝပ်ရှော့(ပ်)လည်း ထောင်ထားတယ်။ ကားတွေလည်း ထောင်ထားတယ် ဘွားဘွား"

"ဒါဆို သွယ်သွယ် မနက်ဖြန်ကျောင်းသွားရင် ဘွားဘွားဆီက ပိုက်ဆံယူသွား။ မုန့်ဖိုးတင်မကဘူး။ သူ့ခမျာ အမှုလည်းဖြစ်ဦးမှာပဲ။ ဒီတော့ အမှုအတွက်သုံးဖို့ပါ ပိုက်ဆံပိုယူသွားပြီး ပေးလိုက်ပါကွယ်"

သွယ်သွယ့်စိတ်ထဲတွင် တစ်ပိုင်းတစ်စတော့ စိတ်အေး သွားရသည်။

"ဘွားဘွားကိုပြောရဦးမယ်။ အိမ်ကျရင် လမ်းမှာဖြစ်ခဲ့တာတွေ ဖေဖေနဲ့ မေမေကို မပြောနဲ့နော်"

"ဘယ်ဖြစ်မှာလဲဟဲ့။ ဟိုရဲအုပ်က တို့မြေးအဘွားနာမည်တွေရော အိမ်လိပ်စာပါ မှတ်ယူသွားတာပဲ။ တစ်ခုခုအကြောင်း





ရှိလို့မေးလာရင် ညည်းဖေဖေနဲ့တိုးမှာပဲ။ ညည်းဖေဖေက အိမ်ထောင်ဦးစီးဖြစ်နေတယ်။ အရာရှိလည်းဖြစ်နေတယ် မဟုတ်လား"

"အိုး ... ဘွားဘွားကလည်း မပြောပါနဲ့ဆိုနေမှ ရဲအုပ်ကြီးဆက်သွယ်မေးမြန်းလာမှပဲ ဖွင့်ပြောလိုက်ပေါ့။ တကယ်လို့ မမေးခဲ့ရင် ငြိမ်နေရုံပေါ့။ ဖေဖေနဲ့ မေမေ့ကို ဖွင့်ပြောပြရင် သွယ်သွယ့်ကို ဘွားဘွားဝယ်ပေးထားတဲ့ကားနဲ့ ကျောင်းဆက်မတက်ခိုင်းဘဲ မေမေကိုယ်တိုင် ကျောင်းပို့ကျောင်းကြိုလုပ်လာမှာစိုးလို့ပါ"

"အေး ... ဒါဆိုလည်း ပြီးရော။ ငါမပြောတော့ဘူး"

အင်းလျားအိမ်သို့ရောက်ကြသည်တွင် မြေးအဘွားနှစ်ယောက် ခပ်တည်တည်ပင်-အိမ်သို့ဝင်ခဲ့ကြသည်။

ဖေဖေရော မေမေပါ ခြံဝမှထွက်ကြိုနေကြပါ၏။

"မေမေတို့ စိတ်ပူနေကြတာ။ သွားတာ သိပ်ကြာလှချည်လား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဆန်နီဆိုတဲ့လူပြောပုံအရ ရှစ်မိုင်က ဦးတင်မောင်ဦးအိမ်မှာ ကားမောင်းနေတယ်ဆိုတော့ သွယ်သွယ့်သူငယ်ချင်း ဆွေဆွေဦးရဲ့အဖေပဲဖြစ်ရမယ်လေ။ သူတို့က ရှစ်မိုင်မှာ ဝပ်ရှော့(ပ်)လည်း ထောင်ထားတယ်။ တဲ့တွေလည်း ထောင်ထားတယ် ဘွားဘွား"

"ဒါဆို သွယ်သွယ် မနက်ဖြန်ကျောင်းသွားရင် ဘွားဘွားဆီက ပိုက်ဆံယူသွား။ မှန်ဖိုးတင်မကဘူး။ သူ့ခမျာ အမှုလည်း ဖြစ်ဦးမှာပဲ။ ဒီတော့ အမှုအတွက်သုံးဖို့ပါ ပိုက်ဆံပိုယူသွားပြီး ပေးလိုက်ပါကွယ်"

သွယ်သွယ့်စိတ်ထဲတွင် တစ်ပိုင်းတစ်စတော့ စိတ်အေ သွားရသည်။

"ဘွားဘွားကိုပြောရဦးမယ်။ အိမ်ကျရင် လမ်းမှာဖြစ်ခဲ့တာတွေ ဖေဖေနဲ့ မေမေကို မပြောနဲ့နော်"

"ဘယ်ဖြစ်မှာလဲဟဲ့။ ဟိုရဲ့အုပ်က တို့မြေးအဘွားနာမည်တွေရော အိမ်လိပ်စာပါ မှတ်ယူသွားတာပဲ။ တစ်ခုခုအကြောင်း





ရှိလို့မေးလာရင် ညည်းဖေဖေနဲ့တိုးမှာပဲ။ ညည်းဖေဖေက အိမ်ထောင်ဦးစီးဖြစ်နေတယ်။ အရာရှိလည်းဖြစ်နေတယ် မဟုတ်လား"

"အိုး ... ဘွားဘွားကလည်း မပြောပါနဲ့ဆိုနေမှ ရဲအုပ်ကြီးဆက်သွယ်မေးမြန်းလာမှပဲ ဖွင့်ဟပြောလိုက်ပေါ့။ တကယ်လို့ မမေးခဲ့ရင် ငြိမ်နေရုံပေါ့။ ဖေဖေနဲ့ မေမေ့ကို ဖွင့်ပြောပြရင် သွယ်သွယ့်ကို ဘွားဘွားဝယ်ပေးထားတဲ့ကားနဲ့ ကျောင်းဆက်မတက်နိုင်းဘဲ မေမေကိုယ်တိုင် ကျောင်းပို့ကျောင်းကြိုလုပ်လာမှာစိုးလို့ပါ"

"အေး ... ဒါဆိုလည်း ပြီးရော။ ငါမပြောတော့ဘူး"

အင်းလျားအိမ်သို့ရောက်ကြသည်တွင် မြေးအဘွားနှစ်ယောက် ခပ်တည်တည်ပင်- အိမ်သို့ဝင်ခဲ့ကြသည်။

ဖေဖေရော မေမေပါ ခြံဝမှထွက်ကြိုနေကြပါ၏။

"မေမေတို့ စိတ်ပူနေကြတာ။ သွားတာ သိပ်ကြာလှချည်လား သမီး"



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ် ဘာမှမပြောရသေးမီမှာပင် ဘွားဘွား ဝင်ပြောခဲ့သည်။

"ညည်းသမီးက ကားမောင်းလို့ကောင်းလိုက်တာဆိုပြီး လျှောက်မောင်းနေလို့ ကြာသွားတာမိသိန်း"

ဘွားဘွားမပြောတော့ မေမေငြိမ်သွားပါ၏။

ဧည့်ခန်းအတွင်းသို့ မိသားစုရောက်ရှိသွားကြသည်။

"စောစောက သွယ်သွယ့်ဆီကို ဖုန်းလာသေးတယ်။ အငြိမ်းစားဒုတိယဗိုလ်မှူးဟောင်း ဦးအောင်သိုက်ရဲ့သား ကိုဆွေတဲ့"

"အယ် ..."

သွယ်သွယ်နှင့် ကိုလတ်ဆွေမှာ သိရုံကျွမ်းရုံမျှပဲ သူငယ်ချင်း မိမိ မိတ်ဆက်ပေးခဲ့သည်။

ကိုလတ်ဆွေသည် မိမိထံသို့ ဖုန်းဆက်ရန်ကာ အကြောင်းမျှမရှိပေ။

ဖေဖေသည် ရယ်မောကာ ပြောပြန်ပါ၏။





"ဖေဖေလည်း အမှတ်တမဲ့ပါပဲသမီး။ မောင်လတ်ဆွေတဲ့သူငယ်က ရည်ရည်မွန်မွန်ပဲ။ သူ့မိဘတွေအကြောင်း ဖုန်းထဲက ပြောမှ သိရတယ်။ အဲဒီတော့ ဒုဗိုလ်မှူးကြီးဟောင်း ဦးအောင်သိုက်ရဲ့သားမှန်း သိရတယ်။ အဲ ... မောင်လတ်ဆွေရဲ့ညီမ မိမိက သမီးသူငယ်ချင်းဆို"

"ဟုတ်ပါတယ် ဖေဖေ။ မိမိမိတ်ဆက်ပေးလို့ ကိုလတ်ဆွေနဲ့က မြင်ဖူးတွေ့ဖူးရုံပါ"

သွယ်သွယ်က တလွဲထင်နေမည်စိုး၍ ရှင်းပြလိုက်ပါ၏။ မေမေသိန်းက သွယ်သွယ်၏ပခုံးလေးကို ညင်သာစွာကိုင်လိုက်၏။

"သမီး ... ဖေဖေပြောချင်တာက အဲဒီ ဒု-ဗိုလ်မှူးကြီး ဦးအောင်သိုက်နဲ့ သမီးရဲ့ဖေဖေဟာ အစည်းအဝေးတွေမှာ ခဏခဏဆုံတွေ့နေရတဲ့ လူခင်တွေဖြစ်တဲ့အကြောင်းပါ။ ဦးအောင်သိုက်က အငြိမ်းစားယူထားပေမယ့် သူ့ကို ဌာနကြီးတစ်ခုရဲ့ အကြီးအကဲတစ်ဦးအဖြစ် တာဝန်ပြန်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တော့ မကြာခဏ သမီးရဲ့ဖေဖေနဲ့ အစည်းဝေးတွေမှာ ဆုံလေ့ရှိကြတယ်လေ။ အိမ်လာလည်တဲ့အထိတော့လည်း မရင်းနှီးကြဘူးပေါ့ သမီး"

"သွယ်သွယ် အဲ့ဩတာက ဖုန်းဆက်ချင်းဆက်ရင် ခင်မိမိပဲ ဆက်ရမှာပေါ့။ ကိုလတ်ဆွေနဲ့ သမီးမှာ ဘာမှဖုန်းဆက်စရာ အကြောင်းမှမရှိတာ"

"မေမေ့အထင်တော့ အကြောင်းရှိလို့သာ ဆက်တာဖြစ်မှာပေါ့သမီး။ သိချင်ရင် ဖုန်းပြန်ဆက်ကြည့်ပါလား"

"ဟင့်အင်း ... သွယ်သွယ့်မှာ ဆက်စရာ ဘာမှမရှိဘူးလေ။ သူ့မှာအကြောင်းရှိရင် သူပြန်ဆက်မှာပေါ့"

စကားကိုဖြတ်လိုက်ပြီး သွယ်သွယ် အိပ်ခန်းသို့ လျှောက်ခဲ့သည်။

ချွေးစိုရွှဲနေသည့် အကျီထမီတွေကိုလည်း လဲကာ ရေချိုးခန်းဝင်ခဲ့သည်။ ခပ်မြန်မြန်ပဲရေချိုးကာ ရေချိုးခန်းမှ ထွက်ခဲ့ပါ၏။





သနပ်ခါးလိမ်း၊ အဝတ်လဲပြီးနောက် အပြင်ပြန်ထွက်ခဲ့သည်။

"ဘွားဘွားရေ ... ထမင်းစားကြရအောင်"

"အေး ... စားတာပေါ့။ ဘွားဘွားက သွယ်သွယ့်ကို စောင့်နေတာ"

မြေးအဘွားနှစ်ဦး ထမင်းစားခန်းထဲသို့ ဝင်ခဲ့ကြသည်။

"ကလင် ... ကလင် ... ကလင် ... "

တယ်လီဖုန်းအော်မြည်လာသည်။ မေမေ ကောက်ယူနားထောင်ပါ၏။

"သွယ်သွယ်ရေ ... မောင်လတ်ဆွေဆီကဖုန်းဟော ... "

အုပ်ဆောင်းဖွင့်ကာ ထမင်းစားမည်ကြံကာရှိသေးသည်။ ဖုန်းသံကြားရ၍ မစားဖြစ်တော့။

"ဘွားဘွားစားနှင့်နှင့်"

သွယ်သွယ် ထမင်းစားခန်းထဲမှထွက်ကာ မေမေ့ထံ



www.burmeseclassic.com

www.burmeseclassic.com



မှ ဖုန်းကို လက်ပြောင်းယူလိုက်သည်။

"ဟုတ်ကဲ့၊ ပြောပါ။ သွယ်သွယ်ပါ"

သွယ်သွယ်အား မသိမသာ ဖေဖေရော မေမေပါ အကဲခတ်နေခဲ့ကြပါ၏။ ဒါကလည်း အရွယ်ရောက်နေပြီဖြစ်သော သမီးလေးကို တစေ့တစောင်းတော့ အကဲခတ်ခြင်းဖြစ်ပါလေ၏။

"အဲဒါတော့ သွယ်သွယ့်အနေနဲ့ ဆုံးဖြတ်လို့ဘယ်ရမှာလဲ။ ဖေဖေရော မေမေနဲ့ ဘွားဘွားကိုပါ သွယ်သွယ်ပြောချင်သေးတယ်"

မေမေ့မျက်လုံးများ ဝိုင်းသွားပါ၏။

ဖေဖေကမူ သတင်းစာတစ်စောင်ကို ဖတ်လေဟန်ဖြင့် ဖုံးကွယ်ထားသည်။ ဒါပေမဲ့ သမီးဖြစ်သူပြောသည့်အသံကို နားစွင့်နေခြင်းပဲဖြစ်ပါလေမည်။

"ဟင်အင်း ... သွယ်သွယ် ဖုန်းပြန်မဆက်တော့ပါဘူး။ ဖေဖေနဲ့ မေမေကိုယ်တိုင်ပင် ပြီးရင် ကျောင်းမှာ မိမိကို အဖြေပေးလိုက်ပါ့မယ်။ စိတ်ချပါ။ ဒါပဲနော်"





သွယ်သွယ် ဖုန်းကိုပြန်ချလိုက်သည်။ ထမင်းစားခန်းသို့ သွယ်သွယ် ဆက်၍သွားသည်။

ဦးဘသစ်က ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းအား ကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ မသိန်း။ သမီးရဲ့အချိုးက တစ်မျိုးပါလား"

"ဩော် ... ရှင် ... ထမင်းစားပြီးတဲ့အချိန်အထိ စောင့်ကြည့်ပါဦး ကိုသစ်ရယ်"

"ဟော ... သမီးတို့ ထမင်းစားပြီးသွားကြပြီ"

လက်တို့ကာ ဦးဘသစ်က ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းအား ပြောလိုက်ပါ၏။

"ဘွားဘွားတော့ မောသွားပြီ။ အိပ်ခန်းထဲဝင်ပြီး လှဲတော့မယ်"

"ကဲပါ ဘွားဘွားရယ် လာပါ။ ဘွားဘွားမောသလို သွယ်သွယ်လည်း မောတာပါပဲနော်။ ခဏလေးပါ။ ဘွားဘွားရော မေမေနဲ့ ဖေဖေရှေ့ပါ တိုင်ပင်စရာရှိလို့ပါ"



www.burmeseclassic.com

ဘွားဘွားကြီး တောင့်မခံနိုင်တော့။ သွယ်သွယ် လက်ဆွဲခေါ်လာရာသို့ ပါလာခဲ့တော့သည်။

ညွှန်ခန်းဆက်တီမှာ အားလုံးထိုင်လိုက်ကြသည်။

"ဒီလိုပါ။ ကိုလတ်ဆွေက ခင်မိမိရဲ့အစ်ကိုဆိုတာတော့ ဘွားဘွားကစပြီး ဖေဖေရော မေမေပါ သိကြပြီးပါပြီ။ ကိုလတ်ဆွေက ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ဆိုတော့ ကျောင်းတက်ရရုံမကဘူး။ စာမေးပွဲအတွက်လည်း ဝိုင်းပြီး သူငယ်ချင်းတွေ စာကျက်ရတာမျိုးရှိတော့ အမြဲ တမ်းကျောင်းကြီးတဲ့အခါ နောက်ကျတာပဲတဲ့။ အဲဒီအတွက် ခင်မိမိကို သွယ်သွယ်ကပဲ တတ်နိုင်ရင် ကားကြုံစီးခွင့်လေး ပြုပါတဲ့ ဖေဖေ။ နှစ်ယောက်စလုံးက ပညာသင်နေပေမယ့် ဆေးတက္ကသိုလ်ကျောင်းသားအတွက် သွယ်သွယ်ကူညီခဲ့ရင် ကုသိုလ်ဖြစ်မယ်လို့တော့ သွယ်သွယ်ထင်တာပါပဲ ဖေဖေ အဲဒီတော့ အိမ်ကိုတိုင်ပင်ပါရစေလို့ ပြောလိုက်ပါတယ်"

"အင်း ... ဖေဖေ့သဘောကတော့ လမ်းကြုံနေတဲ့အတွက်





ရော ဘာမှအပန်းမကြီးတဲ့အတွက်ရောမို့ ကူညီသင့်တယ်လို့ ယူဆတယ်ကွာ။ ကိုအောင်သိုက် ... အဲ ... ဦးအောင်သိုက် နဲ့လည်း လူခင်တွေမဟုတ်လား'

ဖေဖေက ဘွားဘွားကိုမကြည့်ဘဲ သူ့သဘောကို ထုတ်ပြောလာခဲ့ပါ၏။

ဘွားဘွားက ငြိမ်၍နားထောင်နေခဲ့ပြီးမှ ဝင်ပြော တော့သည်။

"အေးလေ ... ဒါဆိုလည်းပြီးရောပေါ့။ အခုကိစ္စမှာ ငါ ဘာမှ မကန့်ကွက်တော့ဘူး။ မောင်ဘသစ်နဲ့ မိသိန်းကျေနပ်ရင် ပြီးတာပဲ။ ငါအိပ်တော့မယ်"

ဘွားဘွားက ရှည်ဝေးစွာမပြောတော့။ အိပ်ခန်းရှိရာသို့ ထသွားတော့သည်။ သွယ်သွယ်လည်း ပင်ပန်းလှပြီဖြစ်၍ သူမ၏အခန်းသို့ လျှောက်ခဲ့ပါတော့၏။

"ဖအေကြီး ဘယ်လိုယူဆသလဲဟင် ..."

"ဘာကို ဘယ်လိုယူဆတာလဲ မသိန်း ..."

www.burmeseclassic.com



"သိန်းစိတ်ထဲမှာ မောင်လတ်ခွေဆိုတဲ့သူငယ်ဟာ ညီမကို ကျောင်းပို့ကျောင်းကြိုလုပ်တာတောင် အလုပ်များတယ်ဆို တော့ ဟုတ်ပါ့မလားလို့ ထင်မိလို့ပါ ကိုသစ်"

"အင်း … ကလေးကလားစကားမျိုး မပြောချင်ပေမယ့် ပြောရဦးတော့မယ်ကွာ။ သူ့ညီမသူငယ်ချင်း မိသွယ်ကို တွေ့ပါမြင်ပါများတော့ သဘောကျသွားတယ်ထင်တယ်။ ဒါပေမဲ့ ရင်းနှီးမှုသိပ်မရှိခင် မေတ္တာရှိကြောင်းပြောရမှာ သိပ် ခက်လို့ တမင် သူတို့အိမ်အဝင်အထွက်များအောင်လုပ်တဲ့ သဘောလို့ ထင်တာပဲလေ"

"အင်း … သိန်းလည်း အဲဒီလိုပဲထင်တာပဲ ကိုသစ်"

"ဒါကတော့ တို့တစ်တွေက ဒီလိုထင်နေတာကိုး။ ဟုတ်ချင် မှလည်းဟုတ်မှာလေ။ တကယ်လို့ ဟုတ်သွားတော့လည်း ဆရာဝန်လောင်း မောင်လတ်ခွေကို ကန့်ကွက်စရာမရှိဘူး လို့ထင်တာပဲ မသိန်း"

"အင်း … တကယ်လို့များ မောင်လတ်ခွေက သမီးလေး





ကို စိတ်ဝင်စားလာတယ်ဆိုရင်တော့ ကောင်းတာပါပဲ ကို သစ်။ အရေးကြီးတာက သွယ်သွယ်ကိုယ်တိုင် မောင်လတ် ခွေအပေါ် စိတ်ဝင်စားဖို့ပါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com







## ▸ အခန်း (၉) ◂

သွယ်သွယ် ကျောင်းသို့ အတော်စောစောပင် ရောက်နေခဲ့သည်။ ဘွားဘွားက မေမေမသိအောင် သွယ်သွယ်၏ လွယ်အိတ်ထဲသို့ ငွေလုံလောက်စွာပင် ထည့်ပေးလိုက်သည်။

ဆွေဆွေဦးနှင့် သွယ်သွယ် နှစ်ယောက်တည်းတွေ့ ဆိုသောဆန္ဒကြောင့် စောစီးစွာရောက်ရှိခဲ့ခြင်းလည်း ဖြစ်ပါလေ၏။ သူငယ်ချင်းလေးဦးထဲတွင် ဆွေဆွေဦးက စော၍ရောက်နေတတ် သည်။ သူ့မအိမ်က အနည်းဆုံး နာရီဝက်၊ တစ်နာရီခန့်စော၍ ထွက်တတ်သည်ဟု ပြောခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် ကျောင်းပေါက်ဝတွင် သူငေ
ချင်းများကိုမျှော်ရင်း ရပ်နေသည့် ခွေခွေဦးကို တွေ့ရသည်။

"ပျော့ခွေခွေ ..."

"အယ် ... သွယ်သွယ်၊ နင့် ကားသစ်လေး လဲလိုက်သလာ
ကားလေးက ချစ်စရာလေးဟယ်"

"ဘွားဘွားက ငါ့အတွက် ကျောင်းတတ်ဖို့ဝယ်ပေးတာလေ
ကဲဟယ် ... ကားပေါ်တက်ဦး။ ကျောင်းတက်ဖို့ နာရီဝေ
တောင်လိုသေးပါတယ်"

ခွေခွေဦး ကားပေါ်သို့တက်ခဲ့သည်။ ငယ်ငယ်က
ကားကို ကျောင်းအပြင်ဘက်သို့ မောင်းခဲ့သည်။

"နှင်းကုသိုလ်ကတော့ တကယ့်ကုသိုလ်ပဲ သွယ်သွယ်။ ကား
လေးက သိပ်လှသလို နင်ကလည်း သိပ်လှတာပဲ"

"အဲဒါတွေထားလိုက်စမ်းပါ ခွေခွေရာ။ ငါမေးစရာရှိလို့
နင်တို့အိမ်ကလေးဘီးကားလေး ညက မှန်ကွဲလာတယ်
ဟုတ်လား"





"ဟယ် ... နင်သိလှချည်လား မိသွယ်"

"ကဲပါ။ မေးတာသာဖြေစမ်းပါ ခွေခွေ"

"ဟုတ်တယ်။ မှန်ကွဲရုံတင်မဟုတ်ဘူး။ ညက မိုးအတော်
ချုပ်မှ ကိုစိုးအောင်နိုင် အိမ်ပြန်ရောက်လာတယ်။ ဖေဖေ
လည်း ကိုစိုးအောင်နိုင်ကို ဆူလိုက်တာမှ ဝက်ဝက်ကွဲနေ
တာပဲ"

"ကိုစိုးအောင်နိုင် ဟုတ်လား။ အဲဒီလူက ဘယ်သူလဲ မိခွေ"

"တို့ဖေဖေဆီမှာ အငှားကားမောင်းနေတဲ့ ဒရိုင်ဘာပါ"

"ဟုတ်လား။ ကားမှန်ကွဲသွားလို့ နင်တို့ဖေဖေက ဆူတာနေ
မှာပေါ့နော်"

"မှန်ကွဲသွားလည်းပါသလို နောက်တစ်ခုက အဲဒီလေးဘီး
ကားက နံပါတ်အနက်နဲ့ဆွဲနေတာဆိုတော့ တရားမဝင်ဘူး။
အဲဒီအထဲမှာ ကိုစိုးအောင်နိုင်ဟာ ရန်ဖြစ်တဲ့အမှုနဲ့ လိုင်ရဲစ
ခန်းကိုရောက်ခဲ့တာဆိုတော့ တရားမဝင်ဘဲ ကားဆွဲတာကို
သိသွားမှာစိုးပြီး ဖေဖေက ဆူတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်၏ကားလေးက ရည်ရွယ်ချက်မဲ့ကာ တံတားဖြူ(၆)မိုင်ခွဲသို့ ရောက်လာခဲ့သည်။

"အဲဒီလူရဲ့နာမည် စိုးအောင်နိုင်ဆိုတာ တကယ့်နာမည်မှန်လား ဆွေဆွေ"

"အမှန်ဖြစ်မှာပေါ့မိသွယ်။ တို့ဖေဖေက လူတစ်ယောက်ကို အလုပ်ပေးတော့မယ်ဆိုရင် အမျိုးသားမှတ်ပုံတင်တို့၊ ယာဉ်မောင်းလိုင်စင်တို့ကို အသေအချာစစ်ဆေးပြီးမှ အလုပ်ပေးတာပဲ"

အမည်ရင်းမှန်သည်ဆိုစေဦးတော့ ကိုအောင်နိုင်သည် ဘဝမှန်ကို အတတ်နိုင်ဆုံး ကွယ်ဝှက်ထားသည်ပဲဖြစ်တန်ရာသည်

မန္တလေး ဂေါဝိန်ဆိပ်တွင် ကောက်ရ၍ ရန်ကုန်သို့ ဘွားဘွားခေါ်လာတော့ အောင်နိုင်။ အခုမှ စိုးအောင်နိုင်ဖြစ်နေပြန်သည်။ စိုးတစ်လုံးကို သူ ဖြုတ်ထားသည်။

ဘယ်လိုပဲဖြစ်ဖြစ် အမည်ရင်းသည် စိုးအောင်နိုင်ပဲ





ဖြစ်မည်မှာသေချာပါ၏။ ရင်းနှီးလွန်းသူတွေကတော့ ငစိုးဟူ၍ခေါ်ကြသည်ပဲဖြစ်မည်။

ငစိုးဟုခေါ်သူကိုလည်း သူမ ကြုံတွေ့ခဲ့ရပြီးပြီ။

ဆွေဆွေဦးသည် တွေဝေငြိမ်သက်နေသည့် သွယ်သွယ်ကို ကြည့်နေမိသည်။ သွယ်သွယ်သည် မိမိအား ကားသစ်လေးဖြင့် တင်ခေါ်တာ မိမိကိုပင် အိမ်မှကားမှန်ကွဲသွားခဲ့သည်ကို မေးခဲ့သည်။ ထူးခြားနေပါ၏။

ဘာကြောင့် သွယ်သွယ်သိနေသည်ကို ဆွေဆွေဦး ငေးစားကြည့်သည်။

ဆက်စပ်၍ မိမိမတွေးနိုင်ပါလေတော့။

"သွယ်သွယ် ... ငိုင်လိုက်တာကွာ။ ကားသစ်လေးရလို့ ပျော်ရမယ့်အစား ဘယ်လိုဖြစ်နေတာလဲ။ ပြီးတော့ တို့အိမ်က ကားမှန်ကွဲနေတာကို ဘယ်လိုသိသလဲ။ ကိုစိုးအောင်နိုင်အကြောင်းလည်း မေးနေတယ်။ ဆွေဆွေတော့ မစဉ်းစားတတ်တော့ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ညက ဒီကားလေးပဲ ကြိုဟ်မွှေခဲ့တာ ဆွေဆွေ။ ဆွေဆွေ သိချင်တာကို ပြောပြပါ့မယ်။ ဒါပေမဲ့ သွယ်သွယ်မေးတာကို အရင်ဖြေပါဦး"

"ဆွေဆွေရဲ့ ဘွိုင်းဖရန့်ထဲမှာ ဆန်နီဆိုတာ ရှိသလား"

"ဟယ် ... ရှိတာပေါ့။ တို့ မရမ်းကုန်း(အ.ထ.က)မှာတက် တုန်းက ဆန်နီနဲ့ တစ်တန်းထဲပဲ။ ဒါပေမဲ့ ဆန်နီက ဆယ် တန်းကျကျန်ခဲ့တယ်။ လူက လူဆိုးပဲသွယ်သွယ်။ ဆန်နီကို သိလို့လား"

သွယ်သွယ် ခေါင်းခါယမ်းပြရင်း ကားကို ကဗ္ဗာရာ လမ်းအလယ် မျဉ်းဖြူဖြတ်တစ်နေရာတွင် သူမ၏ကားကို ဂငယ် ကွေ့ ပြန်ကွေ့ခဲ့သည်။

သွယ်သွယ်က မနေ့က ဖြစ်ကြောင်းကုန်စင်ကို ဆွေ ဆွေဦးအား ပြောပြလိုက်တော့သည်။

သို့တစေ မန္တလေး ဂေါ်ဝိန်ဆိပ်တွင် သိကျွမ်းရသည့် ကိစ္စတွေကိုတော့ တစ်လုံးမျှ ဆွေဆွေဦးအား ပြောမပြခဲ့။





"တကယ်တော့ ဆွေဆွေတို့လေးဘီးကား မှန်ကွဲရတာဟာ တို့ပယောဂမကင်းဘူးဆွေဆွေ။ ဒါကြောင့် ကားမှန်းအသစ် ပြန်တပ်ရတဲ့ ကုန်ကျစရိတ်အတွက် အဲဒီကိုစိုးအောင်နိုင်ကို တို့ပေးချင်တယ်။ အခု ကိုစိုးအောင်နိုင်က ဆွေဆွေတို့အိမ် မှာ ရှိနေသလား။ ခဏလောက်သွားကြရအောင်"

"သွားလည်း အလကားပဲသွယ်သွယ်။ ကိုစိုးအောင်နိုင် တို့ အိမ်မှာ မရှိတော့ဘူး"

"မရှိတော့ဘူး ဟုတ်လား"

"ညက ဖေဖေက မှန်ကွဲသွားတာကိုဆူတယ်။ ကိုစိုးအောင် နိုင်က လမ်းဘေးကကလေးတွေ သားရေကွင်းပစ်ကစား ရင်း ကားမှန်ကိုလာမှန်လို့ ကွဲတာလို့ပဲပြောတယ်။ ဆန်နီတို့ လူသိုက်နဲ့ ရန်ဖြစ်လာလို့ ကွဲခဲ့တာပါလို့ မပြောခဲ့ဘူး။ အခု သွယ်သွယ်ပြောမှသိရတာပါ။ ဒီမနက်ကျတော့ ကိုစိုးအောင် နိုင်နေတဲ့တန်းလျားကအခန်းကို သွားကြည့်တယ်။ သူမရှိ တော့ဘူး။ သူ့ အိပ်ရာဘေးမှာ ငွေနဲ့ စာကို ခဲလုံးလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးနဲ့ ဖိထားခဲ့တယ်။ စာထဲမှာ သူကြောင့်ကွဲသွားတဲ့မှန်ကို အသစ်ပြန်တပ်ဖို့အတွက်နဲ့ သူက တို့အဖေကို စိတ်ဆိုးပြီး ထွက်သွားတာမဟုတ်ကြောင်း၊ သူ့အနေနဲ့ ရန်ကုန်မှာ ဘယ်လိုမှနေလို့မရတဲ့အတွက် ထွက်သွားတာပါလို့ ရေးထားခဲ့တာပဲ သွယ်သွယ်"

ဆွေဆွေဦးကိုယ်တိုင်ပင် စိုးအောင်နိုင်အကြောင်း ပြောရင်း ညှိုးညှိုးငယ်ငယ်ဖြစ်သွားပါ၏။

"ကိုစိုးအောင်နိုင်က သဘောကောင်းပြီး ခင်မင်စရာကောင်းသလား ဆွေဆွေ"

သွယ်သွယ်က ...

တမင်မေးမြန်းခြင်းဖြစ်ပါ၏။

"သူက သဘောလည်းကောင်းတယ် သွယ်သွယ်။ သစ္စာလည်းရှိတယ်။ သစ္စာရှိတာမှ နှစ်မျိုးနှစ်စားသစ္စာရှိတာမျိုးလို့တောင် ပြောသင့်တယ်"

"ဘယ်လိုနှစ်မျိုးနှစ်စားလဲ"





"တို့အိမ်မှာ ကားသုံးစီးရှိတယ်။ ဒရိုင်ဘာသုံးယောက်ထားတယ်။ ကျန်တဲ့နှစ်ယောက်က အိမ်ထောင်သည်တွေမို့ ကားသိမ်းပြီးရင် သူတို့အိမ်ပြန်ကြတာပဲ။ ကားဆွဲလို့ရတဲ့ပိုက်ဆံကို အပ်ပြီဆိုရင် ကျန်တဲ့နှစ်ယောက်က အတိုအလျှိုတွေနဲ့လို့ တို့ဖေဖေက ပြောတတ်တယ်။ ကိုစိုးအောင်နိုင်ကျတော့ ရသမျှပိုက်ဆံကို အတိအကျအပ်တယ်။ တို့အဖေက တွက်ပြီးပေးတာပဲယူတယ်။ ကားလည်း သူ့ပဲ ညပိုင်းမှာပြင်တာပဲ"

"သူက ကားပါကျွမ်းကျွမ်းကျင်ကျင်ပြင်တတ်လို့လား မိဆွေ"

"ပြင်တတ်တယ်သွယ်သွယ်။ တို့အဖေကပြောတယ် စိုးအောင်နိုင်ဟာ စာတတ်ပေတတ်ဖြစ်လိမ့်မယ်တဲ့။ ဒီဘက်ခေတ်မှာထုတ်တဲ့ ဂျပန်ကားတွေမှာ တို့မြန်မာပြည်က ဝပ်ရှော့မက်ကင်းနစ်တွေတောင် မျက်စိလည်ပြီး ဘာလုပ်ရမှန်းမသိတဲ့ အချက်တွေကို စိုးအောင်နိုင်က စာအုပ်တွေသုံ့လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂျပန်ကားတွေရဲ့ လျှို့ဝှက်ချက်တွေတောင် မိအောင် ဖမ်းနိုင်တယ်လို့ တို့အဖေက ပြောတယ် သွယ်သွယ်"

ကားက ဒေသကောလိပ်ဝင်ပေါက်သို့ ရောက်လာခဲ့သည်တိုင် ဆွေဆွေ ချီးမွမ်းခန်းက မကုန်ခဲ့သေးပေ။

"ကိုစိုးအောင်နိုင်နဲ့ဝတ်သက်ပြီး အံ့သြစရာကောင်းတာ တစ်ခုရှိသေးတယ် သွယ်သွယ်။ ငါ့အနေနဲ့ အင်္ဂလိပ်စာ ညံ့တာကို ဖေဖေက သူဖတ်နေတဲ့ အင်္ဂလိပ်စာအုပ်တွေကို ကြည့်ပြီး ငါ့သမီး ဆွေဆွေဦးကို မင်းသင်ပေးနိုင်မလားလို့ မေးခဲ့တယ်။ နောက်တော့ သူက ငါ့ကို အင်္ဂလိပ်စာရော အခြားဘာသာတွေပါ သင်ပေး၊ ပြပေးပါတယ်ဟယ်။ သူမပြ ပေးနိုင်တာ ဘိုင်အိုတစ်ဘာသာတည်းပဲ"

"ဩော် ... ဒါဆိုရင် သူ တက္ကသိုလ်တက်ခဲ့ဖူးသလားမှ မသိတာ။ နေဦးမိဆွေ။ နင်ပြောတဲ့ သစ္စာနှစ်မျိုးဆိုတာ ရှင်းဦးလေ။ တစ်မျိုးကတော့ ငွေရေးကြေးရေး စိတ်ချရတာမျိုး သစ္စာရှိတာတော့ သိပြီလေ"





သွယ်သွယ်မေးတော့ ဆွေဆွေဦးတစ်ယောက် ငေးငိုင်ငိုင်လေး ဖြစ်သွားခဲ့သည်။

ကျောင်းထဲရောက်ပြီဖြစ်၍ ကားပေါ်မှဆင်းလိုက်ကြသည်။ ကားတံခါးများကိုလော့ ချခဲ့သည်။ အားလုံးပြီးစီးသွားတော့ သွယ်သွယ်ကားသော့ဖြုတ်လိုက်သည်။

ဆွေဆွေဦးသည် သွယ်သွယ်၏ လက်မောင်းတစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ငါပြောပြမယ် သွယ်သွယ် ... နင့်စိတ်ထဲမှာ ငါ့ကို အထင်တော့မသေးနဲ့နော် ... ငါ့ရင်ထဲမှာ ခံစားနေရတာကို ဖွင့်ပြောလိုက်ရရင် ငါ့ရင်ထဲ ပေါ့သွားမလားလို့"

"ပြောလေဆွေဆွေ"

"မှန်တာပြောရရင် ငါ့အနေနဲ့ တို့အိမ်က ဒရိုင်ဘာတစ်ယောက်ဆိုတဲ့အမြင်ထက် အများကြီးပိုပြီး အထင်ကြီးတယ် သွယ်သွယ်။ သူ့ကို ရုပ်၊ အနေအထိုင်၊ အပြောအဆို၊ စိတ်သဘောထား၊ ပညာအရည်အချင်းကိုရော သူ့အကျင့်စာရိတ္တ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သမာဓိကိုရော ငါ ကျိုတ်ပြီးသဘောကျနေမိတယ်။ ငါ့အဖေကိုယ်တိုင်ကလည်း ပြောတယ်။ ဒီကောင်လေးဟာ လူတော်လူကောင်းလေးတဲ့။ ဒါပေမဲ့ အကြောင်းတစ်ခုကြောင့် သူ့ဘဝကို လာပြီးဖာတ်မြှုပ်နေတာလို့ ပြောခဲ့တယ် သွယ်သွယ်”

“သူသာ ငါ့ကိုချစ်တယ်လို့ပြောလာခဲ့ရင် ငါ ခေါင်းညိတ်မှာ အမှန်ပဲလေ။ ဒါပေမဲ့ သူအိမ်ကထွက်သွားတဲ့အထိ ငါ့ကို ဘာဘာညာညာ တစ်ခွန်းမှပြောမသွားခဲ့ဘူး သွယ်သွယ်။ ညဆိုရင် ညဥ့်နက်တဲ့အထိ ငါ့ကို စာသင်ပေးခဲ့တာ။ ငါ့အဖေရော အမေတွေပါ အိပ်တာ သိုးနေပြီ။ ငါ့အပေါ်မှာ ဘာအခွင့်အရေးမှ ယူချင်တဲ့အမူအရာ လုံးဝမတွေ့ခဲ့ရဘူး ဟယ်”

ဆွေဆွေပြောတော့ သူမနှင့်ဆုံခဲ့ဖူးသည့် ကိုအောင်စိုးနိုင် (ခေါ်) ကိုစိုးအောင်နိုင်ပုံရိပ်တွေကို သွယ်သွယ်မြင်မိပါလေ၏။





ထိုစဉ်မှာပင် ကျောင်းတက်ခေါင်းလောင်းထိုးသံကို ကြားလိုက်ရသည်။

သွယ်သွယ်နှင့် ဆွေဆွေဦးတို့ ကျောင်းခန်းရှိရာ သို့ လျှောက်ခဲ့ကြပါ၏။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com









ညနေဆည်းဆာနေခြည်များက ခြံဝင်းအတွင်းသို့ ...ကျနေခဲ့သည်။ ဟွန်ဒါကားလေးကို ထိုးရပ်လိုက်ချိန်တွင် ဖေဖေ ...ကားကို ဆင်ဝင်အောက်၌တွေ့ရသည်။

ထို့အပြင် ရဲဂျစ်ကားအပြာလေးကိုပါ တွေ့လိုက်ရ ... သွယ်သွယ့်စိတ်ထဲ အထူးအထွေတော့မထင်မိ။ ဖေဖေ၏မိတ် ...ရဲ့ အရာရှိတစ်ဦးဦး၏ ကားဖြစ်သည်ဟုပဲ ထင်လိုက်မိသည်။

"ဟော ... သမီးပြန်လာပြီ။ သမီးတို့ ခုနစ်မိုင်ခွဲမှာဖြစ်လာ တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဟောဒီရဲအုပ် ကိုခင်ကြိုင်က နည်း နည်းပါးပါးမေးပါရစေဆိုပြီး ရောက်နေတာ။ သမီး ဘွား



www.burmeseclassic.com

www.burmeseclassic.com



ဘွားက သမီးပြန်လာမှမေးတဲ့။ ဘွားဘွားကတော့ ဘာမှမ ပြောဘူးဆိုပြီး ပေခဲ့နေလေရဲ့။ ဒါကြောင့် သမီးကျောင်းက ပြန်လာတဲ့အထိ ကိုခင်ကြိုင်စောင့်နေရှာတာ"

သူမရင်ထဲ တဒိတ်ဒိတ်ခုန်မိသွားသည်။ သွယ်သွယ်သည် ကျောင်းလွယ်အိတ်လေးကို ဖုတ်ခနဲချထားခဲ့ပြီး ဧည့်ခန်းဆီ ဖာဆီသို့ ဝင်ရောက်ထိုင်လိုက်ပါ၏။

ဖေဖေကစ၍ ရှင်းပြသည်။

"ညက သမီးနဲ့ ဘွားဘွား ဖွန်ဒါကားလေးမောင်းသွားရင်း ခတ်ဆီကုန်ပြီး စုနစ်မိုင်ခွဲမှာ ကားရပ်နေတုန်း လူရမ်းကား လေးသုံးယောက်နဲ့ တွေ့ခဲ့တယ်ဆို ဟုတ်လား"

"ဟုတ်ကဲ့ ..."

"အဲဒီလို သမီးတို့အခက်အခဲဖြစ်နေတုန်း လေးဘီးကား ကိုအောင်နိုင်ဆိုတဲ့လူ ရောက်လာပြီး အဲဒီသူငယ်က သမီး မိတ်ဆွေမို့ ဝင်ပြီးကယ်တင်တယ်ဆို"

"ဟုတ်ပါတယ်ဖေဖေ"





"အေး ... ဒါဆိုရင် ဟောဒီရဲအုပ် ကိုခင်ကြိုင်က သမီးရဲ့မိတ်ဆွေ မောင်စိုးအောင်နိုင်နဲ့ပတ်သက်ပြီး သမီးသိသလောက် ပြောပြစေချင်တယ်ဆိုပြီး လာမေးတာပဲ သမီး"

သွယ်သွယ် ဘာမှမဖြေသေးမီ ဘွားဘွားကို လှမ်းကြည့်လိုက်သည်။ သွယ်သွယ်နှင့်ပတ်သက်လာပါက ဘွားဘွားသည် အော်လုံလှုပေသည်။

ရဲအုပ်ဦးခင်ကြိုင်က တွေဝေနေသော သွယ်သွယ်အား ရယ်ပြလိုက်သည်။

"ဒီလိုပါ မသွယ်သွယ်။ တွတ်တွတ်၊ ဆန်နီနဲ့ ဖြိုးဖြိုးတို့က နှစ်ဦးနှစ်ဖက်စလုံး သူမှန်ကိုခွဲ၊ ကိုယ့်မှန်သူခွဲနဲ့မို့ အမှုကို ဆက်လက်ရင်မဆိုင်ချင်တော့ဘူးလို့ ပြောလာခဲ့ပါတယ်။ တိုတိုပြောရရင် နှစ်ဦးနှစ်ဖက်ကျေအေးခဲ့ကြလို့ အားလုံးပြန် လွှတ်ပေးလိုက်ပါတယ်"

"ဒါဆိုရင် ပြီးသွားပြီပေါ့ ဦးခင်ကြိုင်"

ဂုဏ်သိက္ခာအရ ဦးတပ်ခေါ်ခဲ့သော်လည်း အစိတ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခန့်သာရှိသေးသည့် ရဲအရာရှိငယ်တစ်ဦးဖြစ်ပါ၏။

"ဟုတ်ကဲ့၊ ညကအမှုကတော့ ကျေအေးလိုက်ကြတဲ့အတွက် ပြီးသွားပါပြီ။ ဒါပေမဲ့ အမှုကျေအေးပြီးတဲ့နောက်မှ ကိုစိုးအောင်နိုင်ယာ ရဲတပ်ဖွဲ့က အလိုရှိနေတဲ့သူမှန်း ကျွန်တော်တို့ သိလာရပါတယ်"

"ရှင် ... ဘယ်လိုဖြစ်လို့လဲ ဦးခင်ကြိုင်"

သွယ်သွယ် အာမေဋိတ်သံပြု၍ မေးမိ၏။

"မိုးကုတ်ရဲစခန်းက အလိုရှိတာပါ။ အလိုရှိတဲ့အကြောင်းလည်း ကျွန်တော်တို့တစ်ပြည်လုံးက ရဲစခန်းအားလုံးကို မိုးကုတ်က အကြောင်းကြားထားပါတယ်။ မနေ့ကတော့ ရှ[illegible]ငယ်တွေ ဖြစ်တတ်တဲ့အမှုအကျင့်မျိုးဆိုပြီး အမှတ်တမဲ့ ကျွန်တော်တို့ နေလိုက်မိပါတယ်။ ဒီနေ့မနက်မှ အလိုရှိတရားခံများဖိုင်ကိုကိုင်တဲ့ ရဲကြပ်ကြီးကပြောမှ ကျွန်တော်တို့ ထပ်ပြီးခြေရာခံရတာပါ မသွယ်သွယ်။ မနေ့ညက ကိုစိုးအောင်နိုင်နဲ့ ထွက်ထွက်တို့ အခင်းဖြစ်ပွားစဉ်က ဖိုင်တွဲကိုင်





ရဲကြပ်ကြီးက တာဝန်တစ်ခုနဲ့ ခရီးသွားနေလို့ ကိုစိုးအောင်နိုင်ကို ကျွန်တော်တို့ ပြန်လွှတ်လိုက်မိတာပါ"

"ဘာအမှုလဲဟင်။ အဲဒီကိုစိုးအောင်နိုင်က ဘာအမှုကျူးလွန်ခဲ့တာလဲ"

"ဆောရီးပဲ မသွယ်သွယ်။ ဘာအမှုလဲဆိုတာ ကျွန်တော်တို့မှာ ပြောပိုင်ခွင့်မရှိပါဘူး။ ကျွန်တော့်တာဝန်က ကိုစိုးအောင်နိုင်ကိုဖမ်းပြီးရင် မိုးကုတ်ရဲစခန်းကို ပြန်ပို့ရုံပါပဲ"

သွယ်သွယ် မသိမသာ အောက်နှုတ်ခမ်းလေးကို အပေါ်သွားများဖြင့် ကိုက်ထားမိသည်။

ဖေဖေက စကားပြန်ဆက်သည်။

"အေး ... အဲဒီသူငယ်ကို ရဲကအလိုရှိနေတာတော့ ဟုတ်ပါပြီ။ သူက အန်ကယ်(လ်)တို့အိမ်နေခဲ့တာ မဟုတ်ဘူးလေ"

"မှန်ပါတယ်။ ရှစ်မိုင်က ဦးတင်မောင်ဦးရဲ့ နှင်းဆီခြံကို သွားခဲ့ပြီးပါပြီ။ ဦးတင်မောင်ဦးရဲ့ဒရိုင်ဘာတစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ နောက်ကျသွားပါတယ်။ သူမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လစ်သွားပြီ။ ဦးတင်မောင်ဦးကိုမေးတော့လည်း ဘာမှဂဃနဏမပြောနိုင်ပါဘူး။ ယာဉ်မောင်းလိုင်စင်ရှိသူကို ကားမောင်းနိုင်းတယ်ဆိုတဲ့သဘောပဲ သိခဲ့ရတာပါ။

"အေး ... ထားပါတော့။ ဒါဆိုရင် ဒီအိမ်ကိုလိုက်လာတဲ့သဘောကရော"

"ကိုစိုးအောင်နိုင် ကွက်ဆိုချက်ထဲမှာတော့ ဒီဘွားဘွားနဲ့ မသွယ်သွယ်ဟာ သူနဲ့ ခင်မင်သူပါတဲ့။ ဒါကြောင့် သူဝင်ကူညီတယ်လို့ ဆိုပါတယ်။ အဲဒီလို မိတ်ဆွေလို့ဆိုထားတဲ့အတွက် ခြေရာကောက်ပြီး လာစုံစမ်းတာပါ။ အန်ကယ်(လ်) ကိုယ်တိုင်က အစိုးရအရာရှိကြီးတစ်ဦးမို့ ရသင့်သလောက် အကူအညီရမယ်လို့ မျှော်လင့်ပြီးလာခဲ့တာပါ"

ဖေဖေက သွယ်သွယ့်ဘက်သို့လှည့်လိုက်သည်။ ဘွားဘွားဘက်ကိုတော့ သူ လုံးဝလှည့်မကြည့်။

"အေး ... အဲဒီစိုးအောင်နိုင်နဲ့ မိတ်ဆွေဖြစ်ခဲ့ရတာကို အမှန်အတိုင်းပြောပြလိုက်ပါ သမီး။ ရဲအဖွဲ့ သတင်းစုံစမ်းတယ်ဆိုတာက ပြည်သူက သိထားသလောက် သတင်းပေးမှလည်း တစ်ဆင့်ပြီးတစ်ဆင့် ခြေရာကောက်နိုင်တာ သမီးရဲ့"

သွယ်သွယ်က ဘွားဘွားကို လှမ်းကြည့်သည်။

ဘွားဘွားက မျက်စိကို စုံမှိတ်ထားသည်။ ဘွားဘွား လက်ထဲတွင်ကိုင်ထားသည့် ပုတီးလုံးတွေက တစ်လုံးပြီးတစ်လုံး အောက်ကျသွားသည်။ ဘွားဘွား၏ပုံသဏ္ဌာန်မှာ မိသွယ် ... နင် ပြောချင်ပြော ငါတော့ ဘာမှမပြောဆိုသည့်သဘောပင်။

"သူ့ကို စိုးအောင်နိုင်လို့လည်း သွယ်သွယ်တို့ မသိခဲ့ပါဘူး ဦးခင်ကြိုင်။ အခုချိန်ထိလည်း ကိုစိုးအောင်နိုင်ဟာ ဘယ်သူ ဘယ်ဝါ၊ ဘယ်ဇာတိ၊ ဘယ်သူ့သားသမီးဆိုတာလည်း သွယ်သွယ်တို့ မသိခဲ့ပါဘူး။ အဲ ... သူ့ကို သွယ်သွယ်တို့ စပြီးသိတာက မန္တလေး ဂေါဝိန်ဆိပ်မှာ ကိုကောက်ရအနေနဲ့"

သွယ်သွယ်က ကောက်ရပုံ သိကျွမ်းသည်မှစကာ နောက်ဆုံးအချိန်အထိ ပတ်သက်ခဲ့သည်အထိ ရဲအုပ် ကိုခင်ကြိုင်အား အမှန်အတိုင်းပြောဆိုခဲ့ပါ၏။





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ ... မသွယ်သွယ်ဆီကနေပြီး ခြေရာကောက်လို့ရနိုင်တဲ့ အချက်အလက်တွေကို သိခဲ့ရလို့ ကျေးဇူးတင်ပါတယ်။ ရာဇဝတ်ဘေးဆိုတာ ပြေးလို့မရပါဘူး။ ကျွန်တော် ဆက်ပြီးကြိုးစားရဦးမှာပါ။ သွားခွင့်ပြုပါဦး"

ဦးခင်ကြိုင် နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားခဲ့ပါ၏။ သွယ်သွယ် အိပ်ခန်းထဲဝင်ခဲ့သည်။ ကိုစိုးအောင်နိုင်အတွက် သွယ်သွယ် စိတ်မကောင်းဖြစ်မိရပါလေသည်။ ကိုစိုးအောင်နိုင်သည် ဘယ်လိုပင် လူဆိုးလူမိုက်ကြီးတစ်ဦး ဖြစ်စေဦးတော့ သူသည် သွယ်သွယ့်အတွက် ကျေးဇူးရှင်တစ်ဦးမဟုတ်ပါလား။





## အခန်း (၁၀)

သွယ်သွယ်သည် ကျောင်းကြို့ရန်အတွက် ခင်မိမိတို့ တိုက်သို့ ရောက်ရှိခဲ့သည်။

ခြံဝင်းကကျယ်ပြီး သရက်၊ မရမ်း၊ ဝိန္နဲ စသည့် သီးပင်စားပင်ကြီးတွေ ဖားဖားလျားလျားရှိနေခဲ့သည်။

တိုက်က အလွန်ကြီးမားသည့် နှစ်ထပ်တိုက်ပဲဖြစ်ပါလေ၏။

"ဟော ... သွယ်သွယ် ... လာလေ ..."

ခင်မိမိကဦးဆောင်၍ တိုက်အတွင်းသို့ သွယ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူဝင်ခဲ့သည်။

သွယ်သွယ်အား ညှော်ခန်းအတွင်းရှိ ကြိမ်ဆက်တီ တစ်လုံးတွင် ထိုင်စေကာ ...

"ဖေဖေရော မေမေပါ အောက်ခဏဆင်းခဲ့ပါဦး။ ဒီမှာ မိသူငယ်ချင်းနဲ့ မိတ်ဆက်ပေးချင်လို့"

ခင်မိမိက အသံစာစာလေးဖြင့် ကုန်းအော်ရှာသည်။

"လာပြီသမီး ... မေမေတို့လာပြီ"

အပေါ်ထပ်မှ အသက်ငါးဆယ်ရွန်းစ အမျိုးသမီးကြီး တစ်ဦးနှင့် ခံ့ညားကာ ခပ်ဖိုင့်ဖိုင့်အမျိုးသားကြီးတစ်ဦးတို့ ဆင်းလာခဲ့ကြသည်။

ခင်မိမိဖခင်နှင့် မိခင်က ရှေ့သွားနောက်လိုက်ညီပါ၏။

နှစ်ဦးစလုံး ဖြူဝင်းသောအသားအရေနှင့် ချောမောတည်တံ့ခံ့ညားသော ရုပ်ရည်ကို ပိုင်ဆိုင်ထားကြသည်။





"မေမေ ... အဲဒါ မိသူငယ်ချင်း သွယ်သွယ်လေ ..."

"လှလိုက်တာကွယ် ... သိပ်လှတဲ့သမီးကလေး တစ်ယောက်ပဲ ..."

"သွယ်သွယ့်ကို သိပ်လှတယ်လို့ ချီးမွမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီ။ အန်တီကလည်း သိပ်လှခဲ့မှာပါပဲ။ အခုတောင် တော်တော်ကြီးကိုလှနေသေးတာပါ"

"ဟေး ... ဒါဆိုရင်တော့ သွယ်သွယ်နဲ့ အန်ကယ်(လ်)ဇနီးမယားနဲ့ အဆင်ပြေသွားပြီ။ အန်ကယ့်(လ်)ဇနီးက လှတယ်လို့ပြောတဲ့သူဆိုရင် သူနဲ့တည့်တာပဲ"

အရွှန်းဖောက်၍ အငြိမ်းစား ဒု–ဗိုလ်မှူးကြီးအောင်သိုက်ကဝင်၍ ခင်မင်ရင်းနှီးစွာ ဝင်ပြောပါလေ၏။

"သွယ်သွယ် ... ဒါ တို့ဖေဖေ"

"သွယ်သွယ်က အန်ကယ်(လ်)နဲ့တွေ့ရတာ ဆုံရတာ ဂုဏ်ယူပါတယ်အန်ကယ်(လ်)"

"အေးကွယ် ... အန်ကယ်(လ်)ကလည်း သွယ်သွယ့်လို



www.burmeseclassic.com

www.burmeseclassic.com



သမီးလှလှလေးနဲ့ တွေ့ရကြုံရတာ ဂုဏ်ယူပါတယ်ကွယ်။ ပြီးတော့ သမီး ... သွယ်သွယ်က အန်ကယ်(လ်)တို့နဲ့ သူစိမ်းတွေမှမဟုတ်တာ။ သမီးရဲ့ဖေဖေ ဦးဘသစ်ဆိုရင် အန်ကယ်(လ်)နဲ့ မကြာခဏ အစည်းအဝေးတွေမှာ ဆုံနေခဲ့တာပဲ။ ဦးဘသစ်လိုလူမျိုးတွေလည်း တိုင်းပြည်မှာ အများကြီးလိုနေပါတယ်သမီး။ ဂုဏ်ယူစရာပါ"

"ဟုတ်ကဲ့။ ဖေဖေ့ကိုပြန်ပြောပြရင် သိပ်ဝမ်းသာစရာဖြစ်မယ့်စကားတွေပါ အန်ကယ်(လ်)"

ခင်မိမိတို့မိသားစုသည် ခင်မင်စရာကောင်းလှပါ၏။ သူတို့တွင် မာန်မာနဟူ၍မရှိပါလေ။

"သွယ်သွယ် ... ကော်ဖီသောက်သွားနော်"

"တော်ပါပြီအန်တီ။ ကျောင်းလာခါနီး ကော်ဖီသောက်လာပါတယ်။ သွယ်သွယ် ဘာမှမစားနိုင်တော့လို့ပါ"

ထိုအရောအခါ အန်တီသည် ညှော်ခန်းဗီရိုလေးထဲမှ ချိုချဉ်သကြားလုံးတစ်ထုပ်ကို ထုတ်ယူသည်။





"ဒါဆို ချိုချဉ်လေးတွေငုံလိုက် သွယ်သွယ်။ ခံတွင်းလေးရှင်းသွားတာပေါ့"

ဒီတစ်ခါတော့ သွယ်သွယ် မငြင်းပါလေ။ သကြားလုံးတစ်ထုပ်ယူသည်။

အန်တီ့ကို ပြုံးပြပြီး ရှေ့မှာပင် စက္ကူပတ်ခွာ၍စားပြလိုက်သည်။

"အတန်းထဲမှာ ဆရာစာသင်လို့ အိပ်ငိုက်ရင် သကြားလုံးလေးတွေ ခိုးစားမယ်အန်တီ"

"အေးအေး ... ကောင်းတယ်"

အန်တီက သွယ်သွယ်ပြောပုံကို သဘောကျစွာရယ်ပါလေ၏။

ဒါသည်ပင် ခင်မိမိတို့မိသားစုနှင့် ရင်းနှီးခင်မင်မှုအစဖြစ်ပါလေတော့သည်။

ကျောင်းတက်ချိန်တိုင်း သွယ်သွယ့်ကားဖြင့် ခင်မိမိကို ဝင်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန်တွင် ခင်မိမိကို ခြံဝမှာပင် ချထားခဲ့ကာ သွယ်သွယ် အိမ်ပြန်ပါ၏။

✌





## အခန်း (၁၁)

ခင်မိမိတို့အိမ်သို့ မိသားစုရောက်ရှိခဲ့ကြသည်။ ဒါက လည်း ဦးအောင်သိုက်က Enjoyment ပျော်ရွှင်မှုတစ်ခုလုပ်ချင်ပါ သည်။ မိမိတို့အိမ်သို့ ဦးဘသစ်တို့မိသားစု ကြွခဲ့ပါဆို၍ ရောက်ရှိခဲ့ ခြင်းပင်ဖြစ်ပါလေ၏။ ဖေဖေ့ကို ဖုန်းဆက်၍ဖိတ်ကြားလာခဲ့သည်။

ဦးအောင်သိုက်တို့ကိုက်သို့အရောက်တွင် သွယ် သွယ့်သူငယ်ချင်းများဖြစ်ကြသော မိုးမိုးစံ၊ ဆွေဆွေဦးတို့အားလည်း တွေ့ကြရသည်။ တနင်္ဂနွေအားလပ်ရက်ဖြစ်၍ ကိုလတ်ဆွေကို လည်း တွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ခံပါလေသည်။ မိန်းကလေးများက အသုပ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စသည်တို့ကို ယောက်ျားလေးများထက် ပိုမိုနှစ်သက်တတ်ကြသည်။

အန်တီဒေါ်ခင်စီက အန်ကယ်(လ်)ဦးအောင်သိုက်နှင့် ဖန်းမောင်နှံ့ ယှဉ်တွဲထိုင်သည်။ ဖေဖေဦးဘသစ်နှင့် မေမေ ဒေါ်သိန်းသိန်းတို့ အတူတူထိုင်ကြသည်။

ခင်မိမိတို့၊ သွယ်သွယ်တို့လူငယ်များက တစ်ဝိုင်းဖွဲ့ကြသည်။ ဤသည်တွင် ယောက်ျားလေးဖြစ်နေခဲ့သော ကိုလတ် တစ်ယောက် မည်သူနှင့်ဝိုင်းဖွဲ့ရမည်မသိဘဲ ယောင်လည်လည်ဖြစ်တော့သည်။

ကိုလတ်ဆွေက ယောင်တောင်ပေါင်တောင်ဖြင့် ညီမဖြစ်သူ ခင်မိမိဘေးတွင် ဝင်ရောက်နေရာယူပါ၏။

"ဟွန်း ... ကိုလတ်ကလည်း ဒါ မိန်းကလေးဝိုင်းလေ။ ကိုလတ် ဘာသာ တခြားသွားထိုင်"

"ကိုကိုလတ် တခြားမှာထိုင်စရာမရှိတာ မိမိ။ ဒီပွဲမှာ ကိုကို လတ်ရဲ့သူငယ်ချင်းတွေ ဖိတ်ချင်တာတောင် ဖေဖေက မဖိတ်ပါနဲ့ကွာ။ ဒီပွဲက မိသားစုပွဲပါဆိုလို့ မဖိတ်ခဲ့တာ မိမိ သိသားနဲ့"

"ဒါဆို ကိုကိုလတ်ဘာသာ မီးဖိုထဲသွားတာ့တော်"

"ရက်စက်လိုက်တာ မိမိရာ။ ခုင်နဲ့ငါနဲ့ မောင်နှမအရင်းပါ ဟာ"

ကိုလတ်ဆွေက သူ့ရင်ဘတ်ကိုဖိ၍ မချိတင့်ကဲ ခံစားရလေဟန်ကို ဟာသလုပ်၏။

အားလုံးကပင် ရယ်မောကြပါလေတော့သည်။

သွယ်သွယ်သည် အုန်းနို့ခေါက်ဆွဲစားလျှင် ကြက်သားဖတ်ထက် ဝါကျင့်ကျင့်လေး ကျွတ်အောင်ကြော်ထားသည့် မုန့်ကြွပ်ကို ပိုမိုကြိုက်နှစ်သက်ပါ၏။

ထို့ကြောင့်ပင် သွယ်သွယ် အုန်းနို့ခေါက်ဆွဲ ပထမ ပန်းကန်စားကတည်းက မုန့်ကြွပ်ကြော်လေးများကို ပိုပိုကဲကဲထည့် စားသည်ကို အခြားသူများက သတိမထားမိသော်လည်း ကိုလတ်

www.burmeseclassic.com



ခွေ့က သတိထားမိ၏။

ထိုမျှမကတော့ ကိုလတ်ခွေနှင့် သွယ်သွယ်ထိုင်သည်က မျက်နှာချင်းဆိုင်ဖြစ်နေပါလေ၏။ မုန့်စားရင်းမှ သွယ်သွယ့်အား မကြာခဏ ကိုလတ်ခွေသည် ကြည့်တတ်သည်။

ခွေခွေဦးနှင့် စိုးစိုးစံတို့ မရိပ်မိပေ။ ဒါကလည်း မဆန်း။ မည်သူမဆို မိမိမျက်နှာအမူအရာသို့ ကြည့်တတ်သည်မှာ အဆန်းတော့မဟုတ်ပါလေ။ တခြားလူမရိပ်မိသော်လည်း ခင်မိမိက ရိပ်မိသည်။

ကိုကိုလတ်သည် မကြာခဏ သွယ်သွယ်၏အကြောင်းတွေကို မေးတတ်ပါလေ၏။ သွယ်သွယ့်အကြောင်းကိုလည်း စကားမရှိစကားရှာ မေးတတ်သည်။

ထို့နောက်တွင် မိမိသည် သွယ်သွယ့်ကားဖြင့် ကားကြုံစီးစေသည်ကို ကိုကိုလတ် သိထားပြီးဖြစ်၍ မိမိကျောင်းမတက်သေးမီအချိန်ကလေးများတွင် အိမ်ကိုပြန်ရောက်လာတတ်သည်။

သွယ်သွယ်ရောက်လာပြီး ဧည့်ခန်းထဲတွင် မိမိကို





စောင့်နေသောအခါ ကိုလတ်က သွယ်သွယ့်ကို ချောင်းကြည့်နေတတ်ပါ၏။

"ခါတိုင်း ကိုလတ် အိမ်မပြန်စဖူး။ ဒီနေ့ ဘာလို့အိမ်ပြန်လာတာလဲ"

ဟု ခင်မိမိကမေးလျှင် ကိုကိုလတ်က ...

"ဟာကွာ ... ကိုကိုလတ်မှာ အရေးကြီးတဲ့ကျောင်းစာအုပ်တွေ ကျန်ခဲ့လို့ပါ"

ဟူ၍လည်း ပြောတတ်သည်။ တစ်ခါတစ်ရံကျတော့လည်း ...

"မနက်စာဆာလွန်းလို့ အော့(ဖ်)ရတုန်းလေး အိမ်ပြန်ပြီး ထမင်းလာစားတာပါ"

ဟုလည်း မိုးကြိုးပစ် ထန်းလက်ကာအဖြေမျိုး ပေးပါ၏။

ကိုကိုလတ် ဘာဆင်ခြေတွေပေးပေး သွယ်သွယ့်အပေါ်တွင် စိတ်ဝင်စားနေပြီမှန်း ခင်မိမိ သိနေပါလေပြီ။ အခုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလတ်၏မျက်လုံးတွေသည် သွယ်သွယ်ရှိရာသို့ချည်း ရောက်ရောက်သွားသည်ကို မြင်ရသိရနေပါလေ၏။

ဤနေရာမျိုးတွင် အရွယ်ရောက်ပြီးဖြစ်သော ကာယကံရှင်မိန်းကလေးများသည် သဘာဝပေးအသိအရ သိနေတတ်သည်။

ထို့ကြောင့်ပင် သွယ်သွယ်ခမျာ ကိုလတ်ဆွေ၏မျက်လုံးစက်ကွင်းအောက်မှ မဆုံမိရလေအောင် ရှောင်ရှားရပါလေသည်။

ကိုကိုလတ်ကြီး မူပျက်နေတာမြင်တော့ ညီမဖြစ်သူ ခင့်မိမိသည် သူမ၏လက်သည်းကလေးဖြင့် ဘေးတွင်ကပ်လျက်ထိုင်နေသည့် အစ်ကိုဖြစ်သူပေါင်ကို ဆွဲဆိတ်လိုက်သည်။ မဟန့်တားလျှင် ...ရိုပ်မိမည်စိုး၍ပဲဖြစ်သည်။

"အ ... အား ..."

သွယ်သွယ်ကိုယ်တိုင် ကိုယ်ရှေ့မှာ ကိုလတ်ဆွေအော်သံကြောင့် ကြည့်မိတော့သည်။ ဆွေဆွေဦးလည်း ကြည့်သည်။ စိုးစိုးစံလည်း ကြည့်၏။





"ဘာလို့လဲ ကိုကိုလတ်။ ရေပ်သီးတွေထည့်ထားတာများ တော့ စပ်သွားပြီမဟုတ်လား"

"အေးဟာ ... မိမိရာ ... နင့်ရေပ်သီးက သိပ်နာတာပဲ။ ဗူးခနဲကိုနာသွားတာဟ"

"ဟာ ကိုကိုလတ်ကလည်း ရေတ်သီးက သိပ်နာတယ်ရှိပ့ါ မလား။ စပ်တယ်လို့ပြောစမ်းပါ"

တစ်ဝိုင်းလုံး ဝါးခနဲ ပွဲကျသွားသည်။

သွယ်သွယ်က ဒုတိယပန်းကန်စားရန် ခေါက်ဆွဲ ...ထည့်၏။ ဟင်းရည်ပွဲ၊ ရေပ်သီးနှင့် သံပရာသီးစိတ်များ၊ ငံပြာ...ပန်းကန်တွေရှိပါ၏။ သို့သော် မုန့်ကြွပ်ကြော်ပန်းကန်မှာ မုန့်...ကြွပ်မရှိတော့။ အနည်းငယ်မျှပင်မကျန်။

ဒါကိုမြင်သော ကိုလတ်ဆွေသည် ဖြုတ်ခနဲ ထိုင်ရာ...သွားတော့သည်။ မိနစ်အနည်းငယ်ကြာသွားသည်အထိ ပေါ်မ...ခဲ့ပေ။

ကိုလတ်ဆွေပြန်လာတော့ သူ၏အပြုံအမူကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အံ့အားသင့်ကြတော့သည်။ ကိုလတ်ဆွေသည် ကြွေ...
ကြီးဖြင့် မုန့်ကြွပ်ကြော်တွေ မောက်မောက်ကြီး ယူချလာခြင်း...
သောကြောင့်ပါတည်း။

"သွယ်သွယ် စားနော်။ ဒီဝိုင်းမှာ မုန့်ကြွပ်ကြော် ပြောင်...
လင်းခါနေလို့ မီးဖိုထဲမှာ သွားရှာနေတာ။ ဒါက နောက်...
ဝိုင်းအတွက် အသင့်ကြော်ထားတယ်လို့ ဒေါ်ထွားက ပြော...
သေးတယ်။ ဘယ်ရမလဲ ဒေါ်ထွားကို ထပ်ကြော်ပေါ့ဗျာ...
ပြောပြီး ယူလာခဲ့တာ"

ပြောပြောဆိုဆိုပင် သွယ်သွယ်ရှေ့သို့ ကိုလတ်...
က ချပေးလိုက်သည်။ သွယ်သွယ်သည် ကိုလတ်ဆွေအား ...
...သွမိပါ၏။

မျက်လုံးချင်းဆုံမိကြသည်။

"ကျေးဇူးတင်ပါတယ် ကိုလတ်ဆွေ"

"တို့လည်း ကိုလတ်ဆွေကို ကျေးဇူးတင်ပါတယ်နော်။ အ...
ဖြစ်လို့လဲဆိုတော့ မုန့်ကြွပ်ကြော်ကို ကြိုက်လို့ပေါ့နော်"





ပြောပြောဆိုဆို စိုးစိုးစံသည် မုန့်ကြွပ်ကြော်ကိုယူ၍ သူမပန်းကန်ထဲသို့ အပြည့်အမောက်ထည့်ကာ စားလိုက်တော့သည်။

အားလုံး ရယ်မောလိုက်ကြသည်။

ဆွေဆွေဦးအသိ၌လည်းကောင်း၊ စိုးစိုးစံအသိ၌ လည်းကောင်း ကိုလတ်ဆွေသည် သွယ်သွယ့်အပေါ် မရိုးတော့ပြီကို ရိပ်စားလိုက်ကြပါ၏။ ထိုသို့ဖြင့်ပင် ထိုနေ့က စားဝိုင်းလေးသည် ရယ်မောပျော်ရွှင်စွာ ပြီးဆုံးသွားခဲ့ပါလေတော့သည်။

သွယ်သွယ်တို့သူငယ်ချင်းတစ်သိုက် ခြံထဲသို့ဆင်းခဲ့ ကြသည်။ ကိုလတ်ဆွေက သွယ်သွယ့်ဘေးတွင် ကပ်၍ပါလာခဲ့ သည်။ ခင်မိမိတို့ခြံထဲတွင် ပန်းပင်နှင့် စာပင်တို့ စုံလှပါ၏။

"ဟယ် ... စပိုက်ဒါတွေ ..."

ပန်းကြိုက်တတ်သော ဆွေဆွေဦးက ဝင့်ကူသစ်ခွ တွေမြင်တော့ လှမ်းအော်သည်။

ကိုလတ်ဆွေက အားလုံးကို ဝေ့ဝဲကြည့်၍မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချစ်သူတွေပေါ့ ဟုတ်လား"

"ဆွေဆွေတို့ကတော့ ပန်းချစ်တတ်တယ် ကိုလတ်ဆွေ"

"ရပါတယ်။ ကျွန်တော်ရွေးပေးပါ့မယ်"

သွက်လက်စွာပင် ကိုလတ်ဆွေက ပင့်ကူသစ်ခွတွေကို ရွေးလိုက်သည်။ ဆွေဆွေ့ကိုရော စိုးစိုးစံကို ပင့်ကူသစ်ခွပွင့်တွေ ဝေပေးလိုက်၏။ သွယ်သွယ့်ကိုပေးရန်အတွက် ကိုလတ်ဆွေ ရွေးရန် ပြင်သည်။

"မရွေးနဲ့တော့ ကိုလတ်ဆွေ"

သွယ်သွယ်ဟန့်တားလိုက်သည်။ စပိုက်ဒါ (ခေါ်) ပင့်ကူသစ်ခွပွင့်ကလေးများသည် ပင့်ကူကလေးများနှင့် တူလွန်းလှသည်။

သွယ်သွယ် ငယ်ငယ်ကပင် ပင့်ကူဆိုလျှင် ရှုံမုန်းကာ ကြောက်တတ်သည်။ မိမိအိပ်ခန်းထဲတွင် ပင့်ကူတစ်ကောင်တွေ့ပြီဆိုလျှင် ဘွားဘွားကိုလည်းကောင်း၊ မေမေသိန်းကိုလည်းကောင်းခေါ်ကာ အကူအညီတောင်းရတော့သည်။





ဒီတော့ စပိုက်ဒါသစ်ခွပန်းကလေးများကို သွယ်သွယ် မနှစ်သက်ပါလေတော့။ သွယ်သွယ် ပင့်ကူသစ်ခွကိုပင် စိတ်ထဲက ရှုံနေမိပါ၏။

ကိုလတ်ဆွေက မျက်နှာငယ်လေးနှင့်မေးတော့သည်။

"ဘာ ... ဘာဖြစ်လို့လဲ မသွယ်သွယ်"

"ငယ်ငယ်ကတည်းက သွယ်သွယ် ပင့်ကူကို ကြောက်တတ်ခဲ့တာ အခုအချိန်အထိပဲ ကိုလတ်ဆွေ။ ပင့်ကူသစ်ခွဆိုတော့"

ဆွေဆွေဦးနှင့် စိုးစိုးစံကတော့ ပိုရှန်ကောပဟူ၍ အသည့်ကြသည်။ ကိုလတ်ဆွေ တစ်ခုခုကိုစဉ်းစားနေပုံပင်။

"ဒါဆိုရင် သွယ်သွယ့်ကို ကိုလတ်ဆွေ Dancing Lady ပန်း ကျွန်တော်ရွေးပေးမယ်လေ"

မြေပန်းအိုးကလေးများနှင့် တွဲလို့တွဲလောင်းချိတ်ထားသော ပန်းအိုးကလေးများဆီသို့ ကိုလတ်ဆွေ ဦးတည်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဒန်းစင်းလေဒီပန်းတစ်ခက်ကို ကိုလတ်ဆွေ ခူးပြီး သွယ်သွယ့်ကိုပေးခဲ့ပြန်ပါ၏။

သွယ်သွယ် လှမ်းယူလိုက်သည်။

"လာဟော့မိမိ၊ တို့တစ်တွေ မာလကာပင်ဆီသွားကြစို့။ ပန်းဆိုတာ အလှပန်ရုံပါကွာ"

"ဟုတ်တယ် မိမိ။ မာလကာသီးကမှ စားရတာ။ အဲဒါက မှမိုက်တာ"

ဆွေဆွေဦးနှင့် စိုးစိုးစံတို့ တစ်ယောက်တစ်ခွန်းပြောပြီး ခင်မိမိ၏လက်ကို တစ်ယောက်တစ်ဖက်ဆွဲကာ မာလကာပင်များရှိရာသို့ ထွက်သွားကြတော့သည်။

မိမိအပေါ် စိတ်ကောက်လေပြီကို သွယ်သွယ် သိလိုက်ပါ၏။ သွယ်သွယ် စိတ်မကောင်းဖြစ်မိရ၏။ သူတို့ကို ကိုလတ်ဆွေက Dancing Lady ပန်းခူးမပေးခဲ့တော့။

"မာလကာပင်ဆီသွားစို့ မသွယ်သွယ်"





"ဟင့်အင်း။ သွယ်သွယ် မာလကာသီးမကြိုက်ဘူး။ သူတို့နောက်လိုက်သွားပါ ကိုလတ်ဆွေ"

အသံကျယ်ကျယ်နှင့်ပင် သွယ်သွယ်က ကြားအောင်ပြောပစ်လိုက်သည်။ မှန်တာပြောရလျှင် သွယ်သွယ် မာလကာသီးကြိုက်သည်။ ကြိုက်တတ်သည်မှ ဝင်းဝါပြီး ပွပွရွရွမာလကာသီးမျိုးကိုမှ ကြိုက်သည်။ မှည့်လွန်းလျှင် မကြိုက်တတ်။ သူတို့နှင့်ဆိုလျှင် ကိုယ်ကစောင်းသည်မျိုး သွယ်သွယ်လုပ်တတ်သည်။ အိုးနှင့်ဆိုလျှင် စလောင်းရှိပဲပေါ့။

"ကျွန်တော် သူတို့နောက်လိုက်သွားရင် မသွယ်သွယ်က ဘာလုပ်မှာလဲဟင်"

"အိုး ... သွယ်သွယ် အိမ်ထဲပြန်ဝင်မှာပေါ့"

"ဒါဆို ကျွန်တော် သူတို့နောက်မလိုက်တော့ဘူး မသွယ်သွယ်။ ဒီမှာ မသွယ်သွယ် စောလိုက်တာလို့တော့ မထင်စေချင်ဘူးဗျာ။ မှန်တာကိုပြောရရင် မသွယ်သွယ်ကို ကျွန်တော် ချစ်နေမိပြီ။ မိမိနဲ့ပတ်သက်ကတည်းက စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ”

“ဆောရီးပဲ ကိုလတ်ဆွေ၊ သွယ်သွယ့်စိတ်ထဲမှာ အဲဒါမျိုးတွေ ဘာမှမစဉ်းစားသေးဘူး။ သွယ်သွယ့်ကို သွားခွင့်ပြု”

စကားဖြတ်ကာ အိမ်ထဲသို့ ပြန်၍ဝင်ခဲ့တော့သည်။

သွယ်သွယ် အိမ်ထဲပြန်ဝင်ပြီး ကိုလတ်ဆွေ ကားနှင့် ထွက်သွားခဲ့သည်။ တစ်ခဏမျှအကြာတွင် မာလကာသီးတွေနှင့် ဆွေဆွေဦးနှင့် စိုးစိုးစံတို့ ပြန်ရောက်လာကြသည်။ သွယ်သွယ် မာလကာသီးကိုပင် မစားဟု ငြင်းခဲ့မိ၏။

ထို့နောက် ဟန်မပျက်နေခဲ့ကြပြီးမှ အိမ်သို့ ဖေဖေ နှင့် မေမေပါခေါ်ပြီး သွယ်သွယ် ပြန်ချလာခဲ့ပါ၏။

အင်းလျားလမ်းအိမ်ပြန်ရောက်တော့ ဖေဖေ့ရှေ့မှာ မို့ မေမေသည် ဘာမှမမေးခဲ့ပေ။ အိမ်ပြန်ရောက်ပြီး ဖေဖေအိပ်ခန်း သို့ဝင်သွားခဲ့သည်။ ထိုရောအခါမှ မေမေက မေးပါ၏။

“မိသွယ် ... မှန်မှန်ဖြေနော်။ မောင်လတ်ဆွေနဲ့ ဘာဖြစ်လာ သလဲ။ မိသွယ်ဖေဖေအိပ်တုန်း မေးရတာ”





သွယ်သွယ် ရုတ်တရက်တော့ မဖြေ။ မှန်ပြတင်း ပေါက်မှမြင်နေရသော ခြံဝင်းအတွင်းသို့ ငေးစိုက်ကြည့်မိပါလေ၏။

“ပြောလေ သမီး ... ”

“ကိုလတ်ဆွေက သမီးကို ချစ်နေပြီလို့ပြောလာတယ် မေမေ”

“အေး ... ထင်သားပဲ။ အဲဒါ သွယ်သွယ် ဘာပြန်ပြောလိုက် သလဲ”

“သွယ်သွယ် အဲဒါတွေကို စိတ်မဝင်စားသေးပါဘူးလို့ပဲ ပြော လိုက်တယ်မေမေ”

“နောက်ထပ် ဘာပြောသေးသလဲ”

“သူ ဘာမှမပြောခင် သွယ်သွယ် အိမ်ထဲပြန်ဝင်ခဲ့တယ် မေမေ”

မေမေသည် သွယ်သွယ့်ကို ပြုံးတစ်ဝက် မပြုံးတစ်ဝက် ကြည့်သည်။ သွယ်သွယ်၏ ရှက်သွေးကြောင့် နီမြန်းနေသော မျက်နှာလှလှကလေးကို စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သမီးဖြေလိုက်ပုံက သိက္ခာတရားအတွက်တော့ ထိန်းသိမ်းလိုက်ရရောက်ပါတယ်။ ဒါပေမဲ့ ကောင်လေးက သမီးအဖြေကြောင့် လက်လျှော့စိတ်ဝင်သွားနိုင်တယ်"

"မေမေ ဘာတွေပြောနေတာလဲဟင်"

"ဟဲ့ ... အခုတော့ စိတ်မဝင်စားသေးပါဘူး။ အချိန်တန်ခဲ့ရင်တော့ စဉ်းစားပေးနိုင်မှာပါဆိုတာမျိုး ဖြေသင့်တာပေါ့"

"ဒါဆိုရင် မေမေတို့က ကိုလတ်ဆွေနဲ့ သွယ်သွယ့်ကို ရည်ရွယ်ထားချင်တာလား ဟင်"

"ရှင်းရှင်းပြောရရင်တော့ အဲဒီသဘောပဲသမီး"

သွယ်သွယ်က ဇွေဗိုက်စွာမပြောတော့။ တည့်တည့်ကြီး ပြတ်သားစွာ မေမေ့ကို ပြောလိုက်တော့သည်။

"သွယ်သွယ် ကိုလတ်ဆွေကို မချစ်တတ်သေးဘူးမေမေ ချစ်လို့မရသေးဘူးဆိုပါတော့ မေမေ"

"ဟဲ့ ... "

"ဟုတ်တယ်မေမေ။ သွယ်သွယ့်အနေနဲ့ ချစ်နိုင်တဲ့သူလည်း





ဖြစ်ရမယ် မေမေနဲ့ ဖေဖေလည်း သဘောတူနိုင်ရမယ်။ အဲဒီလိုလူမျိုးကိုတွေ့ရင်တော့ ချစ်မိမလားမသိဘူး မေမေ။ အခုတော့ သွယ်သွယ် ပညာပဲဆက်သင်ချင်ပါသေးတယ်"

ထိုင်ရာမှထကာ သွယ်သွယ် ထွက်ခွာသွားသည်။

...င်နှင့် သမီးဖြစ်စေကာမူ သမီးဖြစ်သူက ဒီကိစ္စမျိုးကို စိတ်မဝင်...သေးပါဟု ဆိုလာလျှင် မိခင်အနေနှင့် ဆက်တိုးရန်မသင့်ပါလေ။

တချို့သားသမီးများဆိုလျှင် မိခင်က ငယ်ပါသေး...ည်ဟူ၍ တားမြစ်သည့်ကြားမှပင် သမီးချစ်သူကို လက်ထပ်ချင်ပါ...ဟု ဆိုလာတတ်သည်။ ထိုရောအခါ မိခင်ကပင် ပညာဆုံးခန်းတိုင်...င်ပါလေဦးဟု နားချရတတ်သည်က များပါ၏။

နောက်ဆုံးတော့ ဒေါ်သိန်းသိန်း ကျိတ်၍မှတ်ချက်...မိတော့၏။ သွယ်သွယ်က လိမ္မာတဲ့မိန်းကလေးဟူ၍ပဲ ဖြစ်ပါလေ...



www.burmeseclassic.com







## အခန်း (၁၂)

ဆွေဆွေဦးနှင့် စိုးစိုးစံတို့က သူတို့အမှားကို သွယ်သွယ့်အား တောင်းပန်သည်။

ဒီတော့လည်း အခင်အမင်မပျက်ရှိကြပါ၏။

သွယ်သွယ်သည် ဟန်မပျက်ပင် ခုင်မိမိကို ဝင်ကြို့ပြီး ပို့ခဲ့ပါ၏။ တစ်ခါတစ်ရံ ခင်မိမိကိုသွားကြို့ရာတွင် ကိုလတ်ဆွေတို့ တွေ့ရသည်။ တွေ့လေတိုင်း ကိုလတ်ဆွေက အပြုံးဖြင့် ဆက်တတ်သည်။

သွယ်သွယ်မှလည်း အပြုံးမပျက် နှုတ်ဆက်စမြဲပင်။ သို့သော်လည်း စကားတော့ မဆိုဖြစ်ခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဟွန်ဒါကားလေးဖြင့်အပြန် ခင်မိမိသည် မရဲကြည့်ကာ စကားစလာခဲ့သည်။

"ငါ နင့်ကို ပြောစရာရှိသေးတယ်။ မေးစရာလည်းရှိတယ် ငါပြောရင် နင် စိတ်ဆိုးမှာလား"

"ကဲ ... ပြော၊ ငါ စိတ်မဆိုးပါဘူး"

"ကိုကိုလတ်က ငါ့ကို စာစစ်ဆောင်ပေးထားတယ်။ စာကို သွယ်သွယ့်ကိုပေးပေးပါတဲ့"

"အိုကွာ ..."

"နင် စိတ်မဆိုးဘူးလို့ ငါ့ကို ကတိပေးထားတယ်နော် ကို ဒီစာပေးထားတာ တစ်လနီးပါးလောက်ရှိပြီ။ မှန် ပြောရရင် နင့်စိတ်ကို ငါသိပါတယ် သွယ်သွယ်။ နင့်ကို လတ်ကိုလည်း စိတ်မဝင်စားဘူး၊ တယ်သူ့ကိုမှလည်း စိတ် မဝင်စားသေးဘူးဆိုတာ ငါသိတယ်"

ဘာဖြစ်လို့မှန်းတော့မသိ။ ခင်မိမိ၏စကား တွင် သွယ်သွယ် မျက်စိထဲဝယ် ကိုစိုးအောင်နိုင်၏ပုံရိပ်များကို





လိုက်မိသည်။

ဘာကြောင့်များ ကိုစိုးအောင်နိုင်ကို သူမ သတိရနေ သလဲ။ ဒါကို ကာယကံရှင် သွယ်သွယ်မှလွဲပြီး တခြား ဘယ်သူ သိနိုင်ပါလေ။

"ပေး ... သွယ်သွယ်"

"ပြောလေဟယ် ... ငါနားထောင်နေသားပဲ"

"မသိဘူးလေ။ နင်က ငိုင်နေတော့ ငါပြောတာ ကြားမှ ကြားရဲ့လားလို့"

"ကြားပါတယ်။ ပြောပါ"

"ဒါဆိုရင် နင့်ကားကို ဘေးမှာရပ်လိုက်ပါလား သွယ် သွယ်။ နင် စိတ်ကောင်းဝင်ပြီး နားထောင်နေတုန်း ပြောပြ ချင်လို့ပါဟယ်"

"ကိုကိုလတ် အရက်တွေမူးလာတယ်။ ဖေဖေက ဘာပြော ကောင်းမလဲ။ ဘယ်ပြန်ညာပြန် နားရင်းပိတ်တီးပစ်လိုက် တာ နှာခေါင်းထဲက သွေးတွေကျလာတဲ့အထိပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြားရသောသတင်းအတွက် သွယ်သွယ် စိတ်ကောင်းဖြစ်မိသွားသည်။

"မေမေကတော့ ဖေဖေ့ကို မပြောရှာတော့ သတိလစ်သွားတဲ့အထိပေါ့။ ငါလည်း မျက်လုံးတွေပြာဝေတဲ့အထိ ငိုလိုက်မိပါတယ်။ ဖေဖေက အဲဒီပြဿနာကို ပြန်ဆက်တယ်။ မင်းတစ်သက်နဲ့တစ်ကိုယ် အရက်ကိုမသောက်ခဲ့ဖူးဘဲနဲ့ ဘာဖြစ်လို့သောက်ရတာလဲလို့ မေးခဲ့တယ်"

ဒုက္ခပါပဲဟု သွယ်သွယ် ရင်ထဲမှ ညည်းတွားမိသည်။ သွယ်သွယ်က သူချစ်ခွင့်တောင်းတာကို လက်မခံလို့ သောက်ခဲ့တာပါဆိုရင်တော့ ...

ထိုစဉ်မှာပဲ ခင်မိမိက စကားဆက်သည်။

"ကိုလတ်ခွေက ညာလိုက်ပါတယ်။ သူ့သူငယ်ချင်းတစ်ယောက် နိုင်ငံခြား ပညာတော်သင်သွားဖို့ နှုတ်ဆက်ပွဲကျင်းပကြတယ်။ အဲဒါကြောင့် သူသောက်ခဲ့ရပါတယ်လို့ပြောတော့ ဖေဖေက အေး ... ဒါ မလွှဲမရှောင်သာတဲ့ပွဲမို့ သောက်ရတာ။ သောက်ခဲ့ရင်လည်း ဝတ်ကျေတန်းကျေပဲသောက်။ ခွေးသောက်နွားသောက် မသောက်နဲ့တဲ့။ မင်းဟာ ဆရာဝန်လောင်းပါတဲ့။ ဒီတော့ ဒီထက်ပိုပြီး ငါ ဆက်မပြောချင်တော့ဘူးလို့ ပြောခဲ့တယ်။ ပြဿနာက ပြီးသွားခဲ့ပါတယ် သွယ်သွယ်"

"ဟူး ..."

သွယ်သွယ် သက်ပြင်းတစ်ခုမှုတ်ထုတ်မိလိုက်သည်။

"ဖေဖေကပြီးပေမယ့် ကိုကိုလတ်က မပြီးဘူးသွယ်သွယ်။ ငါ့ကိုဖွင့်ပြောခဲ့တယ်။ ဖေဖေနဲ့ မေမေကို ဖွင့်ပြောရင် စီစဉ်ပေးမှာပဲတဲ့။ ဒါမျိုးကိုတော့ သူ လက်မခံချင်ဘူး။ သွယ်သွယ်ကိုယ်တိုင်က ချစ်တာမျိုးကိုပဲ လိုချင်တာတဲ့"

"ပြောရမှာတော့ အားနာစရာပဲမိမိ။ ဘာဖြစ်လို့လဲဆိုတော့ မိမိရဲ့အစ်ကိုနဲ့ပတ်သက်ပြီး ငါ့ရဲ့နှလုံးသားက လုံးလုံးမလှုပ်ရှားလို့ပဲဆိုပါတော့ကွာ"

ခင်မိမိသည် ဖြည်းလေးစွာ ခေါင်းညိတ်မိသည်။







www.burmeseclassic.com

www.burmeseclassic.com



သူမ၏ကျောင်းလွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်၏။ ထိုစာအုပ်ကြားမှ စာအိတ်ကြည်ပြာရောင်လေးကို ထုတ်ယူလိုက်ပြန်၏။

"ရော့ သွယ်သွယ်။ ဒီစာကို ဖတ်ချင်သည်ဖြစ်စေ မဖတ်ချင်သည်ဖြစ်စေ ယူထားလိုက်ပါ။ သူနဲ့ငါဆိုရင် ပေးခဲ့ပြီးပါပြီ။ တဲ့အဖြေမျိုးကို ဖြေချင်လို့ပါ သွယ်သွယ်"

သွယ်သွယ်က ဘာမျှမပြောဘဲ ငေး၍သာကြည့်နေမိသည်။

စာအိတ်ပြာလေးကို ခင်မိမိက ဟွန်ဒါကားလေး၏ဒက်(ရှ်)ဘုတ်ပေါ်သို့ တင်ထားလိုက်သည်။

သွယ်သွယ် ကားကို ပြန်၍မောင်းလိုက်သည်။ ၎င်းနောက် ခြံရှေ့တွင်ရပ်ပေးလိုက်ပါ၏။

●●●





## အခန်း (၁၃)

နံနက်(၆)နာရီခန့်တွင် စိုးစိုးစံနှင့် သူမ၏မိခင်ကိုယ်တိုင် ကားနှင့်လာခေါ်ပါ၏။

သွယ်သွယ်က (၃)ရက်စာအဝတ်အစားထည့်ထားသော KLM ပလတ်စတစ်ဆွဲအိတ်တစ်လုံးပါသည်။ အိပ်ရာလိပ်တစ်ခုပါသည်။ သွယ်သွယ်လိုက်ပါရေးအတွက် စိုးစိုးစံရော သူမ၏မိခင်ကိုယ်တိုင် ဖေဖေဦးဘသစ်နှင့် မေမေသိန်းကို လာပြောရှာကြသည်။

ဖေဖေဦးဘသစ်က သွယ်သွယ်ကိုယ်တိုင် စိတ်ဆန္ဒပြင်းပြနေ၍လည်းကောင်း၊ ကြို့တောင့်ကြို့ခဲခရီးမို့ သမီးဖြစ်သူကို ဗဟုသုတရစေချင်၍ မငြင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့တစေ မေမေသိမ်းကတော့ သိပ်မထည့်ချင်။ ဆွေဆွေဦးနှင့် ခင်မိမိပါ လိုက်မည်ဆို၍ ခေါင်းညိတ်ခဲ့ပါ၏။

"ဦးအောင်သိုက်ရဲ့ဇနီး ဒေါ်ခင်စီကလည်း ဒေါ်သိန်းသိန်း လိုပါပဲရှင်၊ သူ့သမီး ခင်မိမိကို သိပ်ပြီးမလိုက်စေချင်ရှာဘူး။ နောက်ဆုံး သားတော်မောင် ကိုလတ်ဆွေက မေမေ ... သားလည်း ဒီခရီးကို ဗဟုသုတအဖြစ် စိတ်ဝင်စားပါတယ်။ သားလည်းပါနေပြီပဲ။ မေမေ့သမီးအတွက် စိတ်ချပါဆိုမှ ဒေါ်ခင်မိက ခေါင်းညိတ်တာ။ ကျွန်မတို့သဘောက အားလုံး တပျော်တပါးသွားစေချင်တဲ့ဆန္ဒပါ။ ကလေးတွေ ပျော်စေချင်တဲ့သဘောနဲ့ပါရှင်"

ထိုရောအခါတွင် သွယ်သွယ်သည် ကိုလတ်ဆွေပါ၍များ မေမေ ခေါင်းညိတ်လေသလားဟု ထင်မိသေးသည်။

ကိုလတ်ဆွေပါမည်မှန်း သူမ မသိခဲ့ရပေ။ ထို့ကြောင့် တမာတကောသို့လိုက်ပါနိုင်ရန် မေမေ့ကို သွယ်သွယ်ပင် ကြိုပြောထားခဲ့ရသည်။ စိုးစိုးစံနှင့် သူ့အမေလာပြောမှ ကိုလတ်ဆွေပါမည်





မှန်း သိလိုက်ရ၏။

ထူးထူးခြားခြားတော့ သွယ်သွယ့်စိတ်မှာ ဘာမှမခံစားရ။ ဒါကြောင့်ပဲ လိုက်ပါမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ လိုက်ဖြစ်ခဲ့ခြင်းပဲဖြစ်ပါလေ၏။

နန်းသီတာဆိပ်ကမ်း ဖောတ်တာသို့ဆင်းခဲ့ကြသည်။ ပစ္စည်းတွေအားလုံး တိုယိုတာဂျစ်ကားကြီးဖြင့် တင်ခဲ့သည်။ ပစ္စည်းတွေကို ဦးခင်မောင်ဆိုသူကကြီးမှူးပြီး ယူဘီသင်္ဘောအလုပ်သမားများဖြင့် ယူဘီသင်္ဘောပေါ်သို့ ချကြသည်။

ယူဘီသင်္ဘောသည် နှစ်ထပ်သင်္ဘောဟု ပြောရမည်ထက် တစ်ထပ်ခွဲသင်္ဘောဟုပင် ပြောရမည်ထင်သည်။ အောက်ထပ်ဦးခန်းတွင် ရေချိုးခန်း၊ ရေချိုးအိမ်သာရှိပြီး ထိုအခန်းတွင် လူနှစ်ယောက် ခြေဆန့်လက်ဆန့် လှဲအိပ်နားနေအောင် စီစဉ်ထားသည်။

ပြီးမှ ဆလင်ခန်း၊ ဆလင်ခန်းနောက်ပိုင်းတွင် စက်ခန်းတည်ဆောက်ပြီး တစ်ဆက်တည်းမှာပင် မီးဖိုခန်းပါရှိသည်။

သင်္ဘော၏ပဲ့ပိုင်းအစွန်တွင် လေးပေခန့်အမြင့်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်သာပိုင်းပိုင်းလေးတစ်ခုရှိသည်။ သဘော်သားများအတွက်ဆိုလျှင် မမှားပေ။

အထပ်တစ်ဝက်တွင် ညှိခန်းသဖွယ် တည်ဆောက်ထားသည်။ ခြောက်ယောက်စာ ထမင်းစားပွဲကြီးကို ခင်းထားပြီး ကုလားထိုင်တွေ စီစီရီရီချထားသည်လည်း ရှိသည်။

ယူဘီသင်္ဘောပေါ်တွင် ဆလင်တစ်ယောက်။ ဆီလောင်းနှစ်ယောက်နှင့် ထမင်းချက်တစ်ယောက်ခန့်ထားသည်။

နန်းသီတာဆိပ်ကမ်းမှ သင်္ဘောစထွက်သည်နှင့် နက်(စ)ကော်ဖီနဲ့ နံပြားနှင့်ပဲပြုတ်ဆီဆမ်း လာချပေးသည်။

စားပွဲကြီးထိပ်တွင် အင်ဂျင်နီယာကြီး ဦးစိုးမျိုးကျော်က နေရာယူသည်။ ကျန်သူများက မိမိဘာသာပဲ ဝိုင်းထိုင်လိုက်ကြသည်။

ကိုလတ်ဆွေနှင့် သွယ်သွယ်တို့မှာ မထင်မှတ်ဘဲ နီးကပ်စွာရှိသွားခဲ့ကြ၏။ ဒီခရီးတွင် စိုးစိုးစံ၏မိဘများကဦးဆောင်၍ အိမ်ရှင်သဖွယ် ဖြစ်နေခဲ့ကြသည်။





ပဲပြုတ်ဆီဆမ်းနှင့် နံပြားစားကြရာတွင် ကိုလတ်ဆွေက သွယ်သွယ့်အား ပဲပြုတ်ထည့်ပေး၊ နံပြားချပ်ကလေးများကို ယူပေးခဲ့သည်။

မယူပြန်က ရိုင်းသည်ထင်မည်။ ယူပြန်ကလည်း ကိုလတ်ဆွေအပေါ် လက်ခံလို၍ ယူမည်ထင်သည်စိုးရပြန်သည်။

ဒီတော့ သွယ်သွယ်က ကိုလတ်ဆွေပေးသမျှတွေကို အနီးအနားရှိ ဆွေဆွေဦးအား ထပ်ဆင့်ဝေခွဲပေးလိုက်သည်။

အားလုံးက ကိုလတ်ဆွေ၏သဘောထားကို ရိပ်မိကြသည်။

ဆွေဆွေဦးနှင့် စိုးစိုးစံတို့သည် ကိုလတ်ဆွေက စိတ်ဝင်စားသူမှာ သွယ်သွယ်ပဲဖြစ်လေမှန်း ရိပ်မိသိရှိသွားခဲ့ကြသည်။

အခု ယူဘီသင်္ဘောပေါ်တွင်လည်း ဆွေဆွေဦးနှင့် စိုးစိုးစံတို့သည် ကိုလတ်ဆွေနှင့် သွယ်သွယ်တို့၏ဆက်ဆံရေးကို တွေ့ရှိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေဦးရော စိုးစိုးစံရော အံ့သြမိသည်။

သွယ်သွယ်ဆိုသောမိန်းမငယ်လေးတစ်ယောက်သည် အဘယ်ကြောင့်များ ကိုလတ်ဆွေလိုလူအား လက်မခံချင်ပါလိမ့်ဟူ၍ ဖြစ်ပါလေတော့၏။





ဒီဘက်ကမ်းသည် ရန်ကုန်။

ဟိုဘက်ကမ်းသည် ဒလ။

ယူဘီသင်္ဘောလေးက ရန်ကုန်မြစ်အလယ်လောက်တွင် နေရာယူပြီး ခုတ်မောင်းနေခဲ့သည်။

သွယ်သွယ်သည် မြစ်ကြီး၏ဟိုမှာဘက် ဒီမှာဘက်တွင်ရှိသည့် ရှုခင်းများကို ငေးမောကြည့်ရှုနေပါလေ၏။

"မသွယ်သွယ် ... ဘာတွေစဉ်းစားနေတာလဲဟင်"

သွယ်သွယ်လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ဆွေဖြစ်နေပါ၏။

တစ်ဆက်တည်းပင် ခင်မိမိ၊ ဆွေဆွေဦးနှင့် စိုးစိုးစံ တို့ကို ရှာကြည့်မိ၏။

"သူတို့အားလုံး ဦးပိုင်းကိုသွားကြတယ် မသွယ်သွယ်"

သွယ်သွယ်က စိုးစိုးစံ၏မိဘများကို လှမ်းကြည့်မိပြန်သည်။ ကမ်းဘက်သို့မျက်နှာမူရင်း ဦးစိုးမျိုးကျော်သည် ဇနီးသည်အား ရှင်းပြပြောဆိုလျက် ရှိနေပါလေသည်။

"ကျွန်တော်မေးတာ ဖြေပါဦး မသွယ်သွယ်။ ဘာတွေစဉ်းစားနေလဲလို့"

"ဘာရယ်လို့မဟုတ်ပါဘူး။ သဘာဝရဲ့အလှတွေကို ငေးကြည့်နေတာပါ"

"အဲဒီသဘာဝရဲ့အလှတွေထဲမှာ ကျွန်တော်နဲ့ မသွယ်သွယ်ရဲ့ သဘာဝအလှတွေရော မစဉ်းစားဘူးလားဟင်။ မှန်တာပြောရရင် မသွယ်သွယ်လိုက်မယ်ဆိုတာသိရလို့ ကျွန်တော်လိုက်လာတာပါ"





သွယ်သွယ် မတုန့်လှုပ်ပါလေတော့။

"ကိုလတ်ဆွေပေးလိုက်တဲ့စာကို သွယ်သွယ် ဖတ်ကြည့်ပြီးပါပြီ။ သွယ်သွယ့်အသည်းနှလုံးဟာ အခုအထိ အိပ်မောကျနေ တုန်းပဲဆိုပါတော့။ ကိုလတ်ဆွေမှမဟုတ်ဘူး အခြားသူတစ် ယောက်ယောက်ဆိုရင်လည်း သွယ်သွယ့် အသဲနှလုံးက ဒီ အတိုင်းပဲရှိနေဦးမှာပဲ လားဆိုတာတော့ မပြောတတ်ဘူးပေါ့ လေ"

ကိုလတ်ဆွေ ထပ်မံစကားပြောရန် ပြင်လိုက်သည်။

သို့တစေ စကားဆက်ခွင့်မရှိပါလေတော့။

အကြောင်းမူ စိုးစိုးစံ၊ ဆွေဆွေဦးနှင့် ခင်မိမိတို့ ပြန်သည်ရောက်ရှိလာခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါလေ၏။

သင်္ဘောသည် တွံတေးတူးမြောင်းကို ဖြတ်နေပါ၏။

"ဟယ် ... ဆိတ်ကလေးတွေဟဲ့"

ဝါးခနဲ သွယ်သွယ့်ပြောပုံကို ဝိုင်းရယ်ကြသည်။ စိုးစိုးစံက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သွယ်သွယ် နှင် ရန်ကုန်မှာ ဆိတ်ကိုမမြင်ဖူးလို့လား"

"အဲဒါ နှင်တို့ အောက်တာပဲ စိုးစိုး။ ဆိတ်ကိုမမြင်ဖူးပဲရှိပါ မလား။ ဒီကမ်းပါးစောင်းကလူတွေ ပြုပြင်ထားတဲ့ကမ်းပါး စောင်းလေ။ ကမ်းပေါ်မှာ တဲလေးတွေလည်းရှိတယ်၊ နွား တွေလည်းရှိတယ်။ တကယ်ဆိုရင် ဆိတ်ဟာ ရေကူးတတ် တယ်ထား ရေကိုကြောက်တဲ့သတ္တဝါမျိုး။ ဒါနဲ့တောင် နွား တွေကမဆင်းဘဲ ဆိတ်တွေကဆင်းနေတာကို ငါက အထူး အဆန်းအနေနဲ့ပြောတာပါ။ နွားတွေ ရေမကြောက်ဘူး ရေ လည်းကူးတတ်တယ်လေ"

အားလုံး ငိုင်သွားကြသည်။

"ဟုတ်တယ်။ ဒီကိစ္စမှာ အန်ကယ်(လ်)လည်း သွယ်သွယ် ဘက်က ထောက်ခံတယ်"

အင်ဂျင်နီယာကြီး ဦးစိုးမျိုးကျော်ပင် ဝင်လာ သည်။ စကားဝိုင်း စိုပြည်လာခဲ့ပါ၏။

"ဒီတော့ သွယ်သွယ်ကပဲ ရှင်းပြကြည့်စမ်းပါဦး"





"လူတွေပြုပြင်ထားတဲ့ ကမ်းပါးက ချောမွေ့နေတယ်။ နွား ရဲ့ခွာတွေက ခြေကုတ်အားမခိုင်မာဘူး။ ဆိတ်တွေရဲ့ခွာက သေးပြီး ခြေကုတ်အားမြဲလို့ပဲလို့ထင်ပါတယ်။ သဘာဝအ တိုင်း မြေသားဆိုရင်တော့ ဆင်လိုသတ္တဝါကြီးတွေတောင် ဆင်းနိုင်ကြသေးတာပါပဲ။ တိရစ္ဆာန်တွေမှာ သဘာဝအသိရှိ ကြပါတယ်။ အဲဒါကြောင့် နွားက သူ့ခြေထောက်မမြဲနိုင်မှန်း သိလို့ မဆင်းတာလို့ ယူဆပါတယ် အန်ကယ်(လ်)"

"မှန်တယ်။ သွယ်သွယ်ရဲ့အဖြေဟာ Reasonable အဖြစ်ဆုံး၊ ကျိုးကြောင်းယုတ္တိအခိုင်လုံဆုံးလို့ အန်ကယ်(လ်)ယူဆ တယ်"

မည်သူမျှမငြင်းရဲကြ။ ကိုလတ်ခွေကပင် စတင် လက်ခုပ်တီးလိုက်သည်။ စကားဝိုင်းလေးက ပျော်ရွှင်စရာ၊ ဗဟုသု တဖြစ်ဖွယ်လေးပင် ဖြစ်ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁၄)

တွံတေးနှင့် တွံတေးဝကိုဖြတ်ကျော်ပြီးသည့်အခါ ...မြင်ကျယ်ကြီးကို ရောက်လာခဲ့သည်။

ရာသီဥတုသည် မိုးလဖြစ်သော်လည်း သာတောင့် ...သာရှိနေပါသည်။ မိုးကာလဖြစ်၍ ကောင်းကင်သည် တိမ်လိပ် ...ခိုင်များဖြင့် ပြည့်နေခဲ့သည်။ မီးခိုးရောင်တိမ်စိုင်များက ရွေ့ ...နေခဲ့ပါ၏။

လှုငယ်တွေဖြစ်၍ ကိုလတ်ဆွေက ဂစ်တာတီး ...။ ဆွေဆွေဦးတို့ အမျိုးသမီးများက ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်ကမူ သီချင်းမဆိုတတ်၍ နားထောင်ရုံ သက်သက်သာဖြစ်ပါလေ၏။

ဦးခင်မောင်သည် သဘော်အောက်ခန်းမှ အပေါ် ပိုင်း ညှိခန်းသို့တက်လာပြီး ဦးစိုးမျိုးကျော်ကို မေးမြန်းပါ၏။

"မနက်စာပြင်ရတော့မလား ဆရာ"

"မနက်စာစားချိန်ရောက်ပြီပဲ ကိုခင်မောင်။ ကလေးတွေ လည်း ဆာလှရောပေါ့။ ထမင်းပြင်တော့ဗျာ"

မနက်စာအတွက် ပြင်ဆင်ကြတော့သည်။

ထမင်းစားရာတွင်လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် သွယ်သွယ်နှင့် ကိုလတ်ဆွေက ဘေးတိုက်ကျနေပြန်ပါလေ၏။

ကိုလတ်ဆွေသည် သွယ်သွယ့်အား ကြက်သား ဟင်းဖတ်လေးတွေ ခပ်ထည့်ပေးတော့သည်။ ဘဲဥကြော် အစိတ် အပိုင်းလေးတွေ ထည့်ပေးပြန်သည်။ သွယ်သွယ် ခြင်းလေတော့ သွယ်သွယ့်မျက်နှာလေးက ရှက်စိတ်ဖြင့် ပန်းနုရော ရောင်တက်နေပါ၏။ ဦးစိုးမျိုးကျော်က ရိပ်မိသည်။ လူကြီးပီပီ





သိဟန်ဆောင်သည်။ ထိုသို့ဖြင့်ပင် ထမင်းဝိုင်းပြီးသွားပါလေ၏။

ထမင်းဝိုင်းပြီးသွားတော့ လူကြီးတွေရော ကလေး တွေပါ ဘာသာကိုယ်စီ လေညင်းခံနေကြပါ၏။ မိမိဘာသာ တွေး တောငေးမောကြတော့သည်။

မိုးတွင်းကြီးဖြစ်စေကာမူ ရာသီဥတုက သာသာယာ ယာရှိနေသည်ကပင် ကြည်နူးဖွယ်ရာပါပင်။ သင်္ဘောက ဆက်လက် ခုတ်မောင်းနေပါ၏။





www.burmeseclassic.com

www.burmeseclassic.com









## ▶ အခန်း (၁၅) ◀

တမာတကောဗိုလ်တဲသို့ ညနေ(၆)နာရီခန့်တွင် ရောက်သည်။ ဗိုလ်တဲအပေါ်ထပ်မှ လှမ်းကြည့်လျှင် အဆုံးမရှိ မိုးတုတ်စက်ဝိုင်းတစ်ဆုံးအထိ ကျယ်ပြောလှသော ပင်လယ်ပြင်ကြီးကို တွေ့ရပါ၏။

ပင်လယ်၏ ဤမှာဘက်ကမ်းစပ်ကို တုတ်ထားသော တာတမံကြီးကလည်း တစ်မျှော်တစ်ခေါ်ကြီးဖြစ်သည်။

ဗိုလ်တဲမှာ ရေပတ်လည်ဝိုင်းရံနေသော ကျွန်းလေးတစ်ကျွန်းပေါ်တွင် သီးသန့်အိမ်လေးတစ်လုံး ဆောက်ထားသည်နှင့် တူပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှုခင်းမှာ ပင်လယ်ရှုခင်းသာဖြစ်သည်။

ဒီဘက်မှာ ရေချိုး၊ ဟိုမှာဘက်တွင် ရေငန်။

ကြားတွင် တာတမံကြီးက ရေချိုနှင့် ရေငန်ကို ဆီးတားပိုင်းခြားထားသည်။

တမာတကောခရီးစဉ်မှာပင် ဒေးဒရဲမြစ်ကြီးမှ ကျောက်ပုံချောင်းထဲသို့ ယူဘီသင်္ဘောလေးဖြင့် ဝင်ခဲ့ရသည်။

ကမ်းခြေနှစ်ဖက်စလုံးတွင် အုပ်ဖွားနေသော သစ်ပင်တွေ၊ ထွားကြိုင်းမြင့်မားနေသော ဓနိဝင်တွေဖြင့် စိမ်းစိုထူထပ်နေခဲ့သည်။

ယူဘီသင်္ဘောလေးကို ကျောက်ပုံဆိပ် ပုစွန်ဖောင်စခန်းတွင်ပဲ ထားခဲ့ရသည်။

ပုစွန်ဖောင်စခန်းမှ တမာတကောသို့ ဆက်ရမည့်ခရီးလမ်းမှာ အလွန်ကျဉ်းမြောင်းပြီး အတွန့်အလိမ် အကောက်အကွေ့များ၍ တမာတကောသို့ စက်တပ်မော်တော်ဘုတ် အသေးစားလေးဖြင့် ခရီးဆက်ကြရပါ၏။





"အန်ကယ်(လ်) … ကျွန်တော်တို့ ယူဘီသင်္ဘောလေး ထားခဲ့တဲ့နေရာကို ကျောက်ပုံဆိပ်လို့ခေါ်တယ်နော်။ ဘာဖြစ်လို့ ကျောက်ပုံစခန်းလို့ ခေါ်တာလဲဟင်"

"အင်း … ကျောက်ပုံဆိပ်လို့ခေါ်ခဲ့တာ ဘယ်တုန်းကစပြီးခေါ်ခဲ့တယ်၊ ဒီနေရာလေးကို သူ့နဂိုက ဘယ်လိုကင်ပွန်းတပ်ခဲ့တာလဲဆိုတာတော့ မသိဘူး။ တမာတကောတာတမံကြီးကိုတော့ ဆရာစံသူပုန်ထပြီးနောက်ပိုင်းမှာ အင်္ဂလိပ်အစိုးရက တည်ဆောက်ပေးခဲ့တာပဲ"

ဦးစိုးမျိုးကျော်က ရှင်းပြခဲ့သည်။

မော်တော်ဘုတ်လေးက တော်ချိုက်ရွာကို ဖြတ်သန်းသွားခဲ့သည်။ တော်ချိုက်ရွာကလေးမှာ တစ်အိမ်နှင့်တစ်အိမ်သွားလိုလျှင် လှေနှင့်သွားကြရသည်။ ရွာလေးက စိုပြေလှသည်။ ရွာတွင် အိမ်ကြီးအိမ်ကောင်းများလှသည်။ တော်ချိုက်ကိုဖြတ်သန်းခဲ့ပြီးမှ မိုလ်တဲသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပါလာသည့် အင်ဂျင်မီးစက်ဖြင့် မီးထွန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တဲအပေါ်ထပ်တွင် အိပ်ခန်းနှစ်ခန်းရှိသည်။ တစ်ခန်းက ဦးစိုးမျိုးကျော်တို့ဇနီးမောင်နှံ၊ ကျန်တစ်ခန်းကို အပျိုမလေးတွေကယူပြီး ကိုလတ်ခွေက အပြင်ဘက်ရှိ ခုတင်တစ်လုံးတွင် နေရာယူပါ၏။

ထိုညတွင် ပျော်ပွဲရွှင်ပွဲလေးတွေ ကစားကြသည်။ ည(၁၂)နာရီတွင်မှ အိပ်ရာဝင်ခဲ့ကြသည်။

တနင်္ဂနွေနေ့မနက်ပိုင်းတွင် အင်ဂျင်နီယာကြီး ဦးစိုးမျိုးကျော်နှင့် လက်ထောက်အင်ဂျင်နီယာတို့သည် မော်တော်နှင့် တာတမံကြီးကို လိုက်လံစစ်ဆေးပြီးလာရင်း တာဝန်ကိုဆောင်ရွက်ခဲ့သည်။

တနင်္ဂနွေနေ့နံနက်စာတွင် ကြက်သားဟင်း၊ ပုစွန်ကြော်ဟင်းနှင့် ငါးဆားနယ်ကြော်တို့ပါဝင်သည်။ ဦးစိုးမျိုးကျော် ပြန်ရောက်လာတော့ ထမင်းဝိုင်းဖွဲ့စားကြသည်။

တစ်အောင့်တစ်ခဏနားပြီးနောက် ပင်လယ်ကမ်းစပ်သောင်ပြင်သို့ ထွက်လာခဲ့ကြသည်။ မော်တော်ဘုတ်ကလေးနှင့်





ပင် ပင်လယ်ကမ်းသို့ သွားကြခြင်းဖြစ်သည်။

တမာတကောတာကြီးကို ကျော်ဖြတ်ပြီး ပင်လယ်ကမ်းသို့ဆင်းခဲ့ကြသည်။

ထောင့်ပြန့်ဖြစ်သောကြောင့် ပင်လယ်ရေတွင် စိတ်ကြိုက်ကစားနိုင်သည်။

တပျော်တပါး ပင်လယ်လှိုင်းစီးကြသည်။

သွယ်သွယ်တို့တစ်သိုက် ရေကူးဝတ်စုံပဲ ဝတ်ကြပါလေ၏။ အကျီလေးတွေ ရေစိုသွားသည်နှင့် ရှေ့ရင်တင်မို့မို့နှင့် ဝိုင်းဝိုင်းလေးတွေကို ဘရာစီယာပုံအတိုင်း မြင်တွေ့ကြရသည်။ ဖြူသောသူဖြူ၍ ညိုသောသူညိုသော ပေါင်တံသွယ်သွယ်လှလှလေးတွေကိုလည်း မြင်ရပါလေသည်။ ဤလေးယောက်ထဲတွင် သွယ်သွယ်သည် အလှဆုံးပဲဖြစ်ပါလေ၏။

ကိုလတ်ခွေကတော့ ရေရှူးမလေးနှယ် ကမ်းစပ်တွင်သာ ရေကစားနေသော သွယ်သွယ့်ကို ငေးမောကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမကူးတတ်သူမို့ သွယ်သွယ် ရေနက်ပိုင်းကို ရှောင်ပါလေ၏။





## အခန်း (၁၆)

တနင်္လာနေ့နံနက် (၇)နာရီခန့်တွင် မိုလ်တဲအလုပ်သမားကြီးများ ကျွေးမွေးသော နံနက်စာကော်ဖီနှင့် ထမင်းကြော်၊ ကြက်ဥကြော်များစားသောက်ပြီးနောက် မော်တော်ကလေးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြတော့သည်။

ကျောက်ပုံဆိပ်ရောက်တော့ မော်တော်ဘုတ်ကလေးပေါ်မှ ယူဘီသင်္ဘောပေါ်သို့ ပြန်၍တက်ကြရသည်။

ကျောက်ပုံချောင်းအတိုင်း ယူဘီသင်္ဘောလေး ပြန်ထောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

သေနတ်သံတွေ တရစပ်ထွက်ပေါ်လာခဲ့သည်။ ကြမ္မာဆိုးဝင်လာခဲ့ပြီ။ ယူဘီသင်္ဘောလေးထဲသို့ တည့်မတ်စွာပစ်ခြင်းတော့မဟုတ် မိုးပေါ်သို့ ထောင်ပစ်ခြောက်လှန့်ခြင်းပဲဖြစ်သည်။

"ဟော့ ... ပစ်ထည့်လိုက်ရမလား။ ကပ်စမ်း ... ကမ်းကိုကပ်ကြ။ မကပ်ရင် အပေါ်ထပ်ကလူတွေကို ပစ်ထည့်လိုက်မယ်"

ကမ်းပေါ်တွင် လူ(၈)ဦးတိတိရှိသည်။ ကိုယ်စီကိုယ်ငှ လက်နက်ကိုယ်စီနှင့်ပဲဖြစ်သည်။ နှစ်ယောက်က ခြောက်လုံးပြူးများကိုကိုင်ထားပြီး ကျန်(၆)ဦးက ရိုင်ဖယ်တွေနှင့်ပဲ ဖြစ်ပါလေ၏။

မော်တော်မောင်းသူက ဦးစိုးမျိုးကျော်ကို လှမ်းကြည့်သည်။

"ကမ်းကပ်ပေးရမလားဆရာကြီး"

ဦးမျိုးကျော် အတော်ပင် စဉ်းစားချင့်ချိန်ရသည်။ နောက်ဆုံး ကပ်မပေးလျှင် မဖြစ်သောအခြေအနေမို့ ကပ်ပေးရန်





ဆုံးဖြတ်လိုက်ရ၏။

"ကပ်ပေးလိုက်ကွာ။ မသကာ ပစ္စည်းတွေယူရုံပေါ့။ ဓားပြတွေပဲကွာ"

ကမ်းကပ်ပေးလိုက်ရပါ၏။

မိန်းကလေးများနှင့် စိုးစိုးစံ၏မိခင်မှာ မကြည့်ရဲ၍ ခေါင်းငုံ့ထားခဲ့ကြသည်။

ကမ်းကပ်သည်နှင့် လက်နက်ကိုင်သူများ တက်လာကြသည်။

"လူတွေကိုတော့ အန္တရာယ်မပေးကြနဲ့ကွာ။ ပစ္စည်းတွေကိုတော့ ကြိုက်သလောက်ယူသွားကြ"

ဦးစိုးမျိုးကျော်က လှမ်းပြောလိုက်သည်.

"ဟဲ ... ဟဲ ... ဟဲ ... စိတ်ချ။ ပစ္စည်းရော လူပါ ယူရမှာပဲ"

"ဘာဗျ ..."

ကိုလတ်ဆွေက ခြောက်လုံးပြူးကိုင် ဗိုလ်လုပ်သူကို ဘာဗျဟု တုံ့ပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမာ ... ဒီကောင် တော်တော်အသံမာသားပဲ"

"ဖျန်း ... "

ခြောက်လုံးပြူးကိုင် ဗိုလ်လုပ်သူက သေနတ်ကိုင်မထားသော လက်ဝဲလက်ဖြင့် လက်နောက်ပြန်လွှဲရိုက်လိုက်သည်။

ကိုလတ်ဆွေက သူ့အား ရိုက်လိုက်သည့် ဗိုလ်လုပ်သူကို ထချရင်ဆိုင်လိုက်တော့သည်။

"ကလမ် ... "

သေနတ်မောင်းတင်သံကို ကြားလိုက်ကြရ၏။

ထိုစဉ်မှာပင် အံ့သြစရာကောင်းလှသော အခြင်းအရာတစ်ခု ဖျတ်ခနဲဖြစ်ပေါ်လာတော့သည်။

နောက်တစ်ယောက် ဗိုလ်ဖြစ်သူပင် ဖြစ်ဟန်တူသည်။ ထိုဒုတိယဗိုလ်ကလည်း လက်ထဲတွင် ခြောက်လုံးပြူးကိုင်ထားပြီး ကိုလတ်ဆွေနှင့် ပထမဗိုလ်၏အကြားသို့ ဝင်ရောက်ကာ မားမားကြီးရပ်ပစ်လိုက်သည်။

"ဒီမှာ ဗိုလ်ကျောက်ဖား မလိုလားအပ်တဲ့နေရာမှာ လူ





မသတ်နဲ့ဗျာ"

"ဒီကောင်က ငါ့ကိုတော်တော်စားတော့ဝါးတော့မလို ပြန်စုံချင်နေတာ မင်းအမြင်ပဲမဟုတ်လား စိုးအောင်နိုင်"

"ဒါတော့ဗျာ ခွေးကိုကန်ရင်တောင် ခွေးက ပြန်ကိုက်ဖို့ကြိုးစားမှာပဲပေါ့ ဗိုလ်ကျောက်ဖား။ ခင်ဗျားက သူ့ကို ဘာဖြစ်လို့ ပါးသွားရိုက်သလဲ။ ဒေါသစိတ်တော့ ရှိမှာပေါ့။ ဆိုလိုတာက မလိုလားအပ်တဲ့နေရာမှာ လူမသတ်မိဖို့ သတိပေးတာပဲ"

"မင်း ... မင်းက နေရာတကာမှာ ကန့်လန့်ဝင်ခံတာ များပြီ စိုးအောင်နိုင်"

"ဟုတ်လား။ ဒါဆိုလည်း ဆရာကြီးတွေကို ခင်ဗျားက ကျွန်တော့်အကြောင်း သတင်းပို့လိုက်ပေါ့ဗျာ။ အစီအရင်ခံလိုက်ပေါ့။ အခု ဒီမော်တော်ကို ကျွန်တော်တို့ စီးတယ်။ လူသတ်စရာမလိုဘူး။ အစီအစဉ်အတိုင်းဆက်လုပ်ဖို့ပဲပေါ့ ဗိုလ်ကျောက်ဖား"



www.burmeseclassic.com

www.burmeseclassic.com



မိုလ်လုပ်သူနှစ်ဦး၏ အကျိတ်အနယ်စကားများ
ကြားရပြီး မိုလ်ကျောက်ဖားဆိုသူက မိုလ်စိုးအောင်နိုင်ဟုခေါ်
ကြားရ၍ ဆွေဆွေဦးနှင့် သွယ်သွယ်တို့ ခေါင်းမော့ကာကြည့်မိ
တော့သည်။

သူ့ကို ကျောဖိုင်းမှသာ မြင်ရပါ၏။

ရှည်လျားသောအရပ်အမောင်းနှင့် နွမ်းကြေ
ပြတ်နေသော အစိမ်းရောင်အကျီနှင့် ဘောင်းဘီကို ဖရိုဖရဲဝတ်
ပြီး တွဲလောင်းချကိုင်ထားသော ခြောက်လုံးပြူးသေနတ်ကို
နေရသည်။ ဦးထုပ်အစိမ်းရောင်ကို ဆောင်းထားသည်။ သူ၏ဆံ
တွေက ကုတ်ပေါ်တွင် ဝဲကျနေခဲ့၏။

မျက်နှာကိုမူ မမြင်ရသေး။

ဆွေဆွေဦးက စဉ်းစားသည်။

သူတို့အိမ်မှထွက်သွားခဲ့သော ကိုစိုးအောင်နိုင်ပဲလား
ဒါမှမဟုတ် အမည်တူ စိုးအောင်နိုင်ပေလား။

သွယ်သွယ်လည်း ထပ်တူထပ်မျှပင် စဉ်းစားမိသည်





ခဲ့လှုသည် မိမိတို့နှင့် ကြုံတွေ့ခဲ့ရဖူးသည့် ကောက်ရ (ခေါ်) ကို
စိုးအောင်နိုင်ပေပဲလား။

မိုလ်ကျောက်ဖားနှင့် သူ့တပည့်များသည် ယူကီ
သသော်ပေါ်မှ သူတို့လိုချင်သမျှပစ္စည်းများကို မွှေနှောက်ယူခဲ့တော့
သည်။

မိုလ်ကျောက်ဖားလုပ်သမျှကို ဒုတိယမိုလ်သည်
သေနတ်ကို တွဲလောင်းချကိုင်ထားရင်း ကျောက်ရုပ်သဖွယ် ငေး
ကြည့်နေခဲ့၏။

ပစ္စည်းတွေသွယ်ချပြီးနောက် မိုလ်ကျောက်ဖားက
အမျိုးသမီးတွေဘက် လှည့်လိုက်တော့သည်။

"ကဲ ... အမျိုးသမီးတွေအားလုံး ထကြစမ်း"

ဘယ်သူမှမထရဲ။ ခေါင်းငုံ့ထားကြရုံမက ငိုသူတွေ
ငိုကြတော့၏။

"ထဆို ထကြတော့လေ"

မိုလ်ကျောက်ဖားက စိတ်မရှည်စွာပင် အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ဦးစိုးမျိုးကျော်မှ ...

"ကဲ ... မတ်တတ်ရပ်ပြလိုက်ကြ သမီးတို့။ သမီးတို့ဝ
ထားတဲ့ လက်ပတ်နာရီ၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွ
တွေဖြုတ်ပြီး ပေးလိုက်ကြ"

ခြောက်လုံးပြူး တွဲလောင်းချကိုင်ထားသော ဒု
ယဗိုလ်သည် အမျိုးသမီးများရှိရာသို့ ထိုအခါကျမှ လှည့်ကြည့်လေ
သည်။

သူ၏မျက်လုံးများက ဆွေဆွေဦးနှင့် သွယ်သွယ်
သို့ ရောက်ရှိသွားသည်။

"ဗိုလ်ကျောက်ဖား ... "

"ဘာလဲ ... "

"ဒီမိန်းကလေးတွေဆီက ရွှေတွေဘာတွေ ဖြုတ်ယူပြီး
သွားကြရအောင်"

"ဟ ... ဘယ်ဖြစ်မလဲ။ ဒီသဘော်ပေါ်ကပစ္စည်းရော သူ





ဆီကပစ္စည်းပါ ပေါင်းမှ ဘာမှမဖြစ်လောက်ဘူး။ ငါတို့မှန်း
ထားတာထက် နည်းနေတယ်။ မင်းလည်းသိသားပဲ"

"ဒါပေမဲ့ ပြန်လွှတ်လိုက်တော့ဗျာ ... "

"ဘာကွ စိုးအောင်နိုင်"

"ဟုတ်တယ်။ ဒီအထဲမှာ ကျွန်တော့်မိတ်ဆွေတွေ ပါနေ
တယ်။ မဆွေဆွေဦးရဲ့အဖေဟာ ကျွန်တော့်ကျေးဇူးရှင်ဖြစ်
ဖူးတယ်။ အစွန်းဆုံးဘေးက မဆွေဆွေဦးပဲ။ ဒီဘက်ကတစ်
ယောက်ခြားရပ်နေတာက သွယ်သွယ်တဲ့။ အဲဒါ ကျွန် ...
ကျွန်တော့်ရဲ့ သိပ်ခင်တဲ့မိတ်ဆွေပဲ။ ကျွန်တော် ဒီအ
ကြောင်းတွေ ဗိုလ်ကျောက်ဖားကို ပြောပြဖူးပါတယ်"

"သြော် ... သြော် ... "

ဟုပြောရင်း ဗိုလ်ကျောက်ဖားက သေနတ်ပြောင်း
ဖြင့် ဆွေဆွေဦး၏မေးစေ့ကို ပင့်တင်လိုက်သည်။

ဆွေဆွေဦးမှာ မျက်ရည်ကျရင်းမှ စိုးအောင်နိုင်နှင့်
မျက်နှာချင်းဆိုင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးအောင်နိုင် ... "

စိုးအောင်နိုင်အား ဆွေဆွေဦး မှတ်မိသွားကာ အားကိုးတကြီးခေါ်လိုက်တော့သည်။

ကြည့်ရှုံသာကြည့်ပြီး ဆွေဆွေဦးအား စိုးအောင်နိုင် ဘာမျှမပြော။

ဗိုလ်ကျောက်ဖားက သွယ်သွယ်ရှေ့ရပ်ကာ သူ၏လက်ဖြင့် မေးစေ့ကိုကိုင်ကာ ပင့်တင်လိုက်သည်။

"ဒါလား မင်းရွှေမင်းသမီးလေး သွယ်သွယ်။ မင်းနဲ့ တို့တစ်တွေ တောထဲမှာ ပုံပြင်လေးတွေပြောကြပြီဆိုရင် မင်းပုံပြင်လေးထဲမှာ အမြဲပါနေတတ်တဲ့ ရွှေမင်းသမီးလေးပေါ့။ ရွှေမင်းသမီးလေး မသွယ်သွယ်ဆိုတာ သူပဲပေါ့ ဟုတ်လား ဟား ... ဟား ... ဟား ... ဟား ... တိုက်ဆိုင်လိုက်တာကွာ။ တကယ်ပဲ တိုက်ဆိုင်လွန်းတယ် စိုးအောင်နိုင်"

"ဟုတ်တယ်။ ဒီတော့ သူတို့ဆီက လိုချင်သမျှယူပြီး ပြန်လွှတ်လိုက်ပါ"





"ဟာ ... ဘယ်ဖြစ်မှာလဲ။ ငါတို့မှန်းထားသလို မရနိုင်တဲ့အတွက် သူတို့ကို ပြန်ပေးဆွဲပြီးရင် ငွေကို တို့လိုသလောက်တောင်းရမယ်လေ။ ဒီအခွင့်အရေးကို လက်လွှတ်လို့ဖြစ်ပါ့မလား"

"ဒီအပြင်တိုစွတွေမှာ ကျွန်တော် စွန့်စွန့်စားစားလုပ်ခဲ့တာချည်းပဲ။ ဒါကို ခင်ဗျားအသိဆုံးပါ ဗိုလ်ကျောက်ဖား။ အခုပြန်လွှတ်ခိုင်းတာက ကျွန်တော့်မိတ်ဆွေတွေဖြစ်လို့ တောင်းပန်နေတာပါ"

"မှားသွားပြန်ပြီ စိုးအောင်နိုင်။ တို့တစ်တွေ နိုင်ငံရေးလုပ်တဲ့နေရာမှာ ပုဂ္ဂိုလ်ရေးကိစ္စ ထည့်မစဉ်းစားရဘူးလေ"

"တော်စမ်းပါ။ ဘာနိုင်ငံရေးလဲ။ လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲနေတာ နိုင်ငံရေးလား"

"ဟေ့ကောင် ... မင်း ... မင်းတော့ကွာ ... "

ဗိုလ်ကျောက်ဖား မျက်ထောင့်နီသည်။ သေနတ်ပြောင်းကို မြှောက်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နိုင်ကလည်း သေနတ်ကို တွဲလောင်းချ ထားရာမှ မတ်လာ၏။

"လုပ်လိုက်လေ ဗိုလ်ကျောက်ဖား။ လောကမှာ သေရမှာ မကြောက်တဲ့လူဟာ အမိုက်ဆုံးဘဝကို ရောက်စမြဲပဲ။ ကျွန် တော့်အကြောင်း ခင်ဗျားတို့အသိဆုံးပါ။ ခင်ဗျားတစ်ချက် ပစ်ရင် ကျုပ်က နှစ်ချက်ပစ်ပြီးသားပဲ"

ထိုစဉ်မှာပင် တတိယလူတစ်ယောက်သည် ဗိုလ် ကျောက်ဖားနှင့် စိုးအောင်နိုင်တို့အကြားသို့ ဝင်ရပ်လိုက်သည်။

"ခင်ဗျား မှားနေပြီ စိုးအောင်နိုင်။ ကမ်းပေါ်ကိုကြည့်လိုက် စမ်းပါ။ ဒါ ဗိုလ်ကျောက်ဖားရဲ့ဆန္ဒမဟုတ်ဘူး။ တစ်ဖွဲ့လုံးရဲ့ ဆန္ဒပါ။ ခင်ဗျားမှာ နှစ်ချက်ပစ်ဖို့ အခွင့်အရေးမရှိတော့ဘူး လေ"

စိုးအောင်နိုင်က ကမ်းပေါ် လှမ်းကြည့်လိုက်သည်။

တပည့်ငါးယောက်စလုံး၏ ရိုင်ဖယ်သေနတ်တွေက စိုးအောင်နိုင်ရှိရာသို့ ချိန်ရွယ်ထားကြသည်။





စိုးအောင်နိုင် ဘာမှမပြောလေတော့။ ခါးကြားသို့ သေနတ်ကို ပြန်ထိုးထည့်သည်။

ဗိုလ်ကျောက်ဖားက သူ့လုပ်ငန်းကို ဆက်၍အ ကောင်အထည်ဖော်ခဲ့တော့၏။

ဦးစိုးမျိုးကျော်ရော သူ၏ဇနီးနှင့် ကိုလတ်ခွေပါ ဗျာယိဗျာယာတွေ ဖြစ်သွားရပါ၏။

"ဦးလေးတောင်းပန်ပါတယ် ဗိုလ်ကျောက်ဖား။ မိန်းက လေးတွေကိုတော့ ခေါ်မသွားပါနဲ့။ ဒီမိန်းကလေးတွေထဲမှာ ဦးလေးကို ယုံကြည်စိတ်ချလို့ သူတို့မိဘတွေက ထည့်ပေး လိုက်တာ။ အခုလိုဖြစ်သွားရင် ဦးလေးတာဝန်တွေ ဖြစ် သွားပြီ ဗိုလ်ကျောက်ဖား"

"ဟုတ်ကဲ့။ ဦးလေးတာဝန်ဖြစ်သွားရင် ဦးလေးကပဲ နောက် ထပ် သူ့မိဘတွေနဲ့ညှိနိုင်းပြီး တာဝန်တစ်ခုထပ်ယူပါ။ မိန်း ကလေးတစ်ယောက်ကို ငါးသောင်းပဲ။ လေးယောက် အတွက်ဆိုတော့ ငွေနှစ်သိန်းပေါ့။ ဘယ်လိုဆက်သွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပေးရမယ်ဆိုတာ ကျွန်တော်တို့ မနက်ဖြန်မှာ ဦးလေးဆီကို တစ်နည်းနည်းနဲ့ ဆက်သွယ်ပါ့မယ်။ အခုတော့ ဒီမိန်းကလေး လေးယောက်ကို ကျွန်တော်တို့ ခေါ်သွားရမှာပါပဲ။ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဘယ့်နှယ်လုပ်ရမှာလဲ။ ကျွန်တော်တို့မှာ ရန်ပုံငွေလိုနေတာကိုး”

“ခင်မိမိ ... ခင်မိမိ ... ”

ကိုလတ်ဆွေသည် ဖွတ်ပင် နောက်ကလိုက်ရန် ပြင်လိုက်သည်။

သို့တစေ ...

စိုးအောင်နိုင်က အပြေးလိုက်ရန် ပြင်နေသော ကိုလတ်ဆွေအား သူ၏ခြေတစ်ဖက်ဖြင့် ကန့်လန့်ထိုးခံပေးလိုက်သည်။

ကိုလတ်ဆွေ ဝမ်းလျားထိုးမှောက်ကျသွားသည်။

စိုးအောင်နိုင်က ငုံ့ကြည့်ပြီး ...

“ခင်ဗျား ဘယ်သူဘယ်ဝါမှန်းတော့ ကျွန်တော်မသိဘူး





ဒါပေမဲ့ ဖွတ်မလုပ်နဲ့။ ခင်ဗျား ပြေးလိုက်သွားရင် မိုလ်ကျောက်ဖားတပည့်တွေက ပိုင်းပစ်တာနဲ့ ခင်ဗျား ခံရမှာပဲ”

စိုးအောင်နိုင်က ဦးစိုးမျိုးကျော်ကိုကြည့်၍ ပြောလိုက်သည်။

“ကျွန်တော်တို့အားလုံးသွားကြရင် အန်ကယ်(လ်)အနေနဲ့ ကျော်ပုံဆိပ်ရွာကို ပြန်ကွေ့မောင်းပါ။ အဲဒီမှာ ပြည်သူ့စစ်အဖွဲ့ရှိပါတယ်။ အဲဒီပြည်သူ့စစ်အဖွဲ့ကမှ နယ်မြေတကယ်ကျွမ်းကျင်တာ။ ဒေးဒရဲက ရဲတပ်ဖွဲ့မှာရော တပ်မတော်မှာပါ ဝင်ပြီးတိုင်ပါ။ ဒါဆိုရင် သိပ်ကောင်းမယ်။ သူတို့အားလုံး ပြည်သူ့စစ်နဲ့ပေါင်းမိကြမယ်။ အဲ ... ပြန်ပေးဆွဲခံရတဲ့မိန်းကလေးတွေအတွက် ကျွန်တော် အတတ်နိုင်ဆုံး ... ”

“ဟေး ... စိုးအောင်နိုင်၊ သွားမယ်ကွ ... ”

ကမ်းပေါ်သို့ ... မိုလ်ကျောက်ဖား လှမ်းအော်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နိုင်သည် စကားကိုပင် အဆုံးမသတ်နိုင်အဲ ယူဘီသင်္ဘောလေးဦးပိုင်းမှ ကမ်းပေါ်သို့ခုန်ချကာ သူ့အဖွဲ့ထဲသို့ ရောဝင်သွားခဲ့တော့၏။

✌





ဦးစိုးမျိုးကျော်သည် နောက်ဆုံး စိုးအောင်နိုင်ပြောသွားသောစကားတွေကို ယုံကြည်သည်။

သူ့နယ်မြေနှင့်သူမို့ ပြည်သူ့စစ်အဖွဲ့သည် နယ်မြေကို ကျွမ်းကျင်ကြသည်။ ပြည်သူ့စစ်ကို အကြောင်းကြားရန် ယူဘီသင်္ဘောလေးကို ကျောက်ပုံဆိပ်ရွာသို့ ပြန်လည်စေသည်။

စိုးစိုးစံ၏မိခင်သည် တရှုံ့ရှုံ့ငိုတော့သည်။

ကိုလတ်ဆွေကလည်း အံတကြိတ်ကြိတ်။

ပြည်သူ့စစ်စခန်းသို့ရောက်တော့ ပြည်သူ့စစ်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်က ဦးစိုးမျိုးကျော်ကို ကူညီရန် တက်တက်ကြွကြွရှိသည်။

"စိတ်ချဦးလေး။ ကျွန်တော်တို့အဖွဲ့ ချက်ချင်းခြေရာခံမယ်။ နှစ်ဖွဲ့ခွဲပြီးလိုက်မယ်။ ဗိုလ်ကျောက်ဖားတို့အဖွဲ့က လူရေအင်အားပါ တောင့်တင်းတယ်။ ကျွန်တော်တို့ပြည်သူ့စစ်အဖွဲ့ချည်းရှိတဲ့ အင်အားနဲ့ ရင်ဆိုင်ဖို့မလွယ်ဘူး"

"နေပါဦးကွဲ့။ ဒီနယ်မြေက အေးချမ်းနေတာကြာပါပြီ။ ဦးဆိုလိုတာက အသေးအဖွဲ့ဓားပြတိုက်တာလောက်တော့ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ ဗိုလ်ကျောက်ဖားပြောပုံက သူတို့အဖွဲ့ဟာ လက်နက်ကိုင် တောခိုသူပုန်အဖွဲ့လိုလို ဘာလိုလိုပြောသွားတယ်"

"ဒါက ဒီလိုဦးလေးရဲ့။ တွံတေးတောတန်းထဲမှာ တောခိုအဖွဲ့တစ်ဖွဲ့ရှိခဲ့တယ်။ အဲဒီတောကြီးတန်းထဲကအဖွဲ့ကိုတပ်မတော်က အတင်းဝင်တိုက်တာ ကစဉ့်ကလျားပြေးကြရင်းက ကျောက်ဖားတို့အဖွဲ့က သင်းကွဲအုပ်အဖြစ် ...





ဘက်ကိုလွင့်လာတာ။ တကယ်တော့လည်း ကျောက်ဖားတို့အဖွဲ့ဟာ နိုင်ငံရေးတောခိုအဖွဲ့ မဟုတ်တော့ပါဘူး။ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းအဖွဲ့ပါ။ တောထဲကို ဟင်းရွက်ခူး၊ ထင်းကောက်၊ ဝါးကောက်အမျိုးသမီးတွေကိုလည်း မတရားအနိုင်ကျင့်ပြီး သတ်ပစ်တာ နှစ်ကြိမ် သုံးကြိမ်ရှိပြီ"

"ဘုရား ... ဘုရား ..."

စိုးစိုးစံ၏မိခင် ငိုပြန်တော့သည်။

အကယ်၍သာ ...

ကျောက်ဖားတို့ယုတ်မာလျှင် ...

စဉ်းပင် မစဉ်းစားရဲပါလေတော့။

"သိပ်လည်းစိတ်မပူပါနဲ့အဒေါ်။ သူတို့အထဲမှာ ဒုတိယဗိုလ်လုပ်တဲ့အကောင် စိုးအောင်နိုင်ဆိုတာ အဖမ်းခံထားရတဲ့မိန်းကလေး ဖြစ်ခဲ့တယ်ဆိုတာ သိလိုက်ရတော့ စိုးအောင်နိုင်ဟာ မိန်းကလေးတွေကို ကာကွယ်ထားနိုင်သလောက် ကာကွယ်ထားမယ်လို့ မျှော်လင့်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သူ့စစ်ခေါင်းဆောင်က စိုးစိုးစံ၏မိခင်ကို အားပေးခဲ့သည်။

"ကဲ ... ဦးလေး ... အချိန်မဖြုန်းနဲ့တော့။ ကျွန်တော်တို့အဖွဲ့ သူတို့နောက်ကို ခြေရာခံပြီးလိုက်မယ်။ ရွာစောင့်အဖွဲ့တစ်ဖွဲ့တော့ ထားခဲ့မယ်။ ဦးလေး ဒေးဒရဲကိုစင်ပြီး ရဲအဖွဲ့နဲ့ တပ်မတော်ကို တိုင်ပါ။ တပ်မတော်နဲ့ ရဲအဖွဲ့လိုက်လာမှလည်း ကျောက်ဖားတို့ကို ရင်ဆိုင်လို့ဖြစ်မှာပါ"

"တစ်ခုတော့ရှိတယ်။ အဲဒီသတင်းကို ဘယ်လိုပေါက်ကြားသွားသလဲဆိုတာကတော့ သင်္ဘောအမှုထမ်းတွေဆီကပဲဖြစ်လိမ့်မယ်ထင်ပါတယ်"

ယင်းကိစ္စကိုစစ်မေးတော့မှ အဖြစ်မှန်ကိုသိရှိရသည်။

ကျောက်ပုံဆိပ် ဗုစွန်ဖောင်တွင် ယူဘီသင်္ဘောကိုထားခဲ့ကာ တမာတကောသို့ ခရီးဆက်ခဲ့ရသည်။

သင်္ဘောဝန်ထမ်းလေးဦးမှာ သောက်စားတတ်သူများဖြစ်၍ အမည်မသိလူတစ်ဦးနှင့် ခင်မင်ရင်းနှီးသွားခဲ့သည်။ ထိုသူနှင့် သောက်စားမိကြရာမှ ယူဘီသင်္ဘောပေါ်တွင် ပါလာသူများအကြောင်းကို ဗိုလ်ကျောက်ဖားတို့ သိရှိသွားခြင်းဖြစ်ပါ၏။







www.burmeseclassic.com

www.burmeseclassic.com









## ▸ အခန်း (၁၅) ◂

မိန်းကလေး လေးဦးစလုံး မောဟိုက်နေကြပြီ။ ဤ ကြမ်းတမ်းသောခရီးကို သူတို့လေးတွေ မလျှောက်ခဲ့ဖူးကြ။ ထို့ တက်မှ ဤသို့သော တောလမ်းခရီးကို ယောင်၍ပင် အိပ်မက် မက်ဖူးခဲ့ကြ။

သည်ကြားထဲ မိုးရွာလိုက် တိတ်လိုက်မို့ ပိုမိုအခက် ခဲတွေ့ကြသည်။ စိုရွှဲနေသော ကိုယ်ရှိအဝတ်အစားများက လေ သလပ်၍ ခြောက်သွားကြပြန်သည်။ တစ်ဖန် မိုးစိုပြန်တော့ စိုရွှဲရ ပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ မငိုနိုင်ကြတော့။ ဗိုလ်ကျောက်ဖား ရှေ့မှသွား၏။

တပည့်တွေက နောက်မှလိုက်ကြရသည်။

စိုးအောင်နိုင်က မိန်းကလေး လေးယောက်ဘေး အမြဲတစေ လိုက်ပါလာခဲ့သည်။

မိန်းကလေး(၄)ဦးမှာ ကျန်းမာသန်စွမ်းသူများ၊ ၍ ဆာလောင်မွတ်သိပ်လာခဲ့ကြသည်။

"ဆွေဆွေရေ ... နင် ဗိုက်မဆာဘူးလား။ နင်နဲ့ ကိုစိုးအောင် နိုင်က ခင်တော့ ပြောကြည့်ပါလား"

"ဟာ ... မပြောရဲဘူး မိမိရာ။ ငါ ဟိုလူကြီးကိုကြောက် တယ်"

ဗိုလ်ကျောက်ဖားကို ကြောက်သည်ဟုဆိုလိုခြင်း ဖြစ်သည်။

သွယ်သွယ်ကပင် ဤကိစ္စကို ဖြေရှင်းလိုက်ရ သည်။





"ကိုစိုးအောင်နိုင် ... "

"ဘာလဲ မသွယ်သွယ် ... "

"သွယ်သွယ်တို့ ထမင်းဆာနေကြပြီ။ မခံနိုင်တော့ဘူး"

ခဏတော့ ကိုစိုးအောင်နိုင် စဉ်းစားနေသေးသည်။ ပြီးမှ ...

"ဗိုလ်ကျောက်ဖား ... ဒီမှာခဏနားမယ်။ ရပ်လိုက်ပါ"

တစ်ဖွဲ့လုံး စိုးအောင်နိုင်အမိန့်ကြောင့် ရပ်နားလိုက် ကြသည်။

"ဘာဖြစ်လို့ရပ်ရမှာလဲ စိုးအောင်နိုင်။ ပြောစမ်းပါဦးကွ"

"ဒီမှာ ပြန်ပေးဆွဲတဲ့မိန်းကလေးတွေ ဆာနေကြပြီ။ ရပ်ပြီး စားသင့်တယ်။ သူတို့တင်မကဘူး ပစ္စည်းတွေသယ်လာကြရ တဲ့သူတွေလည်း မောနေကြပြီ။ ဆာလည်း ဆာနေကြ တော့ နားပြီး ထမင်းစားကြမှဖြစ်မယ်။ ဒါကြောင့် ရပ်ခိုင်း တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နိုင်ပြောသလိုပင် တစ်ဖွဲ့လုံး ဆာနေကြပြီ။

နံနက်စာကိုစားရန် အချိန်က လွန်တောင်လွန်နေပြီ။

"မဖြစ်ဘူးဟေ့။ ပြည်သူ့စစ်တွေ ရဲအဖွဲ့နဲ့ တပ်မတော်သားတွေ လိုက်မလာနိုင်ဘူးလို့ ဘယ်သူအာမခံမှာလဲ။ ဒီတော့ စခန်းအရောက် ဆက်သွားကြရမယ်။ ဒါ အမိန့်ပဲ"

ဗိုလ်ချောက်ဖားက အပြတ်ပြောလိုက်သည်။

"ခဏနားသင့်တယ် ဗိုလ်ကျောက်ဖား။ ခင်ဗျားပြောတော့ ဒီမိန်းကလေးတွေဟာ နှစ်သိန်းတန်တယ်ဆို။ လမ်းမှာဆာလို့ အားပြတ်သွားရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော်တို့အဖွဲ့ကတော့ ဒါမျိုးတွေ ရိုးနေပြီဆိုပေမယ့် သူတို့မှာ အတွေ့အကြုံမရှိဘူး။ ပြီးတော့ မိန်းကလေးတွေ"

"ဟေ့ကောင် စိုးအောင်နိုင်။ သူတို့ဘာသာ သေချင်သေပစေ"





"ဒီမှာ ငါအမိန့်ပေးတယ်။ ရပ်လိုက်၊ နားမယ်"

"မနားနဲ့၊ ဆက်သွား။ ဒီအဖွဲ့မှာ ငါ ကျောက်ဖားဆိုတဲ့လူ ခေါင်းဆောင်တယ်ဆိုတာ သဘောပေါက်ထားကြ"

"ဗိုလ်ကျောက်ဖား ... ကျွန်တော်လည်း ခေါင်းဆောင်ပါပဲ"

ဗိုလ်ကျောက်ဖားလက်က သေနတ်ဆီသို့ရောက်သွားသည်။

သူ့ခါးကြားမှ သေနတ်မထုတ်ရသေးခင်မှာပင် စိုးအောင်နိုင်က သေနတ်ထုတ်ပြီးသားဖြစ်ရုံမက မောင်းပင်တင်ပြီးသွား၏။

"ပစ်လေ ... ခင်ဗျားထက် ဘယ်သူပိုလျင်သလဲဆိုတာ သဘောပေါက်စမ်းပါ။ စိုးအောင်နိုင်က အပြောမဟုတ်ဘူးနော်"

"တောက် ... မင်းကိုယ်မင်း သေနတ်ဖစ်တော်တယ်ဆိုပြီး ဗိုလ်လုပ်ချင်နေတာလား စိုးအောင်နိုင်"

"ကြွားစရာမလိုပါဘူးဗျာ။ ခင်ဗျားကိုယ်တွေ့တွေ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဆရာကြီးတွေက ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင်အောင်းနိုင်းထားတာကိုး ..."

"ဟင်း ... ဟင်း ... ကောင်းပြီလေ။ မင်းနဲ့ငါ လက်ရုံးချင်းယှဉ်မယ်"

ထိုစဉ်မှာပင် သီဟဆိုသူက ကြားဝင်လာခဲ့သည်။

"အာစရိတွေကို ကျွန်တော် တောင်းပန်ပါရစေ။ အခုကိစ္စက ဘာမှဖြစ်လောက်တဲ့ကိစ္စလေးမှမဟုတ်တာ။ အဖွဲ့ကို ရပ်နား၊ ထမင်းစားခွင့်ပေးတာလေးပါ။ ဒါ လွယ်ပါတယ်။ မိုလ်ကျောက်ဖားအမိန့်အတိုင်း မရပ်နားဘူး၊ ခရီးဆက်လိုက်ရင်ပြီးသွားတာပဲ"

"ငါက ရပ်မိန့်ပေးထားတယ် သီဟ။ အခု ဒီမိန်းကလေးတွေ ခေါ်လာတယ်။ တို့ခေါ်လာတဲ့လူတွေကို ထမင်းကျွေးချိန်ကျွေးရမယ်။ ဒီမိန်းကလေးတွေဟာ ငွေနှစ်သိန်းတန်တယ်လို့ မိုလ်ကျောက်ဖားပဲ ပြောခဲ့တာ။ ချိုးဖောက်ရင် ချိုးမလေးတွေဆို စနစ်တကျမွေးရမယ်ကွ"





"ဟော့ ... ဒီကောင်က ပညာတတ်ကွ။ စကားလည်း သိပ်တတ်တယ်။ သူပြောနေတာတွေ ရှုပ်ကုန်ပြီ။ ငါကတော့ရှင်းတယ်။ ဒီကောင်နဲ့ ငါ ယှဉ်မယ်။ တို့သေနတ်တွေကို မင်းယူထားလိုက်သီဟ။ ငါရှုံးရင် ငါခံ၊ သူရှုံးရင် သူခံပဲ"

ဘာပြော၍ အကျိုးထူးတော့မည်နည်း။

"ရော ..."

မိုလ်ကျောက်ဖားက သေနတ်ဖြုတ်၍ သီဟလက်သို့အပ်သည်။

စိုးအောင်နိုင် မငြင်းသာပါလေတော့။

သူ့ခါးထဲမှသေနတ်ကိုထုတ်၍ သီဟလက်သို့ အပ်လိုက်ရ၏။

အသင့်ပြင်ထားသော မိုလ်ကျောက်ဖားက စိုးအောင်နိုင်ထံ ပြေးဝင်လာသည်။ လက်သီးတွေ တရစပ်ထိုးသွင်းလိုက်သည်။

မထိခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နိုင်က ကိုယ်တစောင်းလှည့်သည်။ ဦးခေါင်းကိုတိမ်း၍ ဘယ်ညာရှောင်သည်။

မိုလ်ကျောက်ဖားက ဗလအားကိုးသည်။ သူ၏သန်မာသောခွန်အားကို အသုံးပြု၍ စိုးအောင်နိုင်အား ဖက်လိုက်တော့သည်။

မိသွားသည်။

လှုခြင်းပူးသတ်ကာ အနိုင်ယူရန်ကြိုးစားခဲ့၏။

စိုးအောင်နိုင် အတော်ပင် ကသိကအောက်ဖြစ်ရသည်။

မိုလ်ကျောက်ဖားသည် ဗလကိုအားကိုးသည်မှာမဆန်း။

သူ့လက်တွေက သန်မာလှသည်။ စိုးအောင်နိုင်အသက်ရှူပင် ကျပ်လာတော့သည်။

စိုးအောင်နိုင်သည် သူ၏ညာလက်ချောင်းများကို တန်းနေအောင်ဆန့်ထုတ်လိုက်သည်။





ဆန့်ထုတ်လိုက်သော လက်ချောင်းကလေးများဖြင့် စိုးအောင်နိုင်သည် မိုလ်ကျောက်ဖား၏ ဝမ်းဗိုက်သားကို ထိုးထည့်လိုက်သည်။

"အား ... "

နာကျင်စွာအော်ဟစ်ပြီး မိုလ်ကျောက်ဖား၏လက်များက ညှစ်အားလျော့သွားပါလေတော့၏။

နောက်တစ်ချက် စိုးအောင်နိုင် ထိုးထည့်လိုက်ပြန်သည်။

မဟန်နိုင်တော့။

မိုလ်ကျောက်ဖား နောက်ဆုတ် ပေးလိုက်တော့သည်။

သူ၏ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် နှိပ်နေခဲ့တော့၏။

စိုးအောင်နိုင်က ညာခြေကိုဆန့်ကာ စီးထားသောတောစီးဖိနပ်ဖြင့် မိုလ်ကျောက်ဖား၏မေးစေ့ကို အားသုံးကာ ခတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တော့သည်။

ခွပ်ခနဲပင် မြည်သွားခဲ့၏။

ဗိုလ်ကျောက်ဖားရဲ့နှုတ်ခမ်းမှ သွေးများစီးကျလာခဲ့သည်။

ဒေါသများပေါက်ကွဲခြင်းနှင့်အတူ ဗိုလ်ကျောက်ဖားသည် သူ၏သန်မာသောဦးခေါင်းကို အရှိန်ဖြင့် ပြေးကာ စိုးအောင်နိုင်ကို ဝင်၍တိုက်လိုက်သည်။

မှားပြီ။

သန်မာခြင်းနှင့် ဗလတောင့်ခြင်းသည် ယှဉ်တိုက်ရာတွင် အထောက်အကူဖြစ်သော်လည်း၊ အဓိကမှာ ပညာသည်သာ အဓိကပဲဖြစ်ပါ၏။

စိုးအောင်နိုင်သည် ပြေးဝင်လာသော ဗိုလ်ကျောက်ဖား၏တိုက်ကွက်ကို ခြေတစ်လှမ်း နောက်သို့ဆုတ်ကာ ရှောင်ပေးလိုက်သည်။

ရှေ့သို့ကျွံသွားသည့် ဗိုလ်ကျောက်ဖား၏ လည်



ကုတ်ကို ခပ်ပြင်းပြင်း လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

"အား ..."

နာကျင်စွာအော်ဟစ်ရင်း ဗိုလ်ကျောက်ဖား ဝမ်းလျားထိုးမှောက်ကျသွားခဲ့သည်။ မထနိုင်ပါလေတော့။

"ရော့ ... အာစရိ"

သီဟက လက်ခံယူထားသည့် သေနတ်နှစ်လက်ကို စိုးအောင်နိုင်ထံသို့ အပ်လိုက်သည်။

"တို့ဆေးလွယ်အိတ်ထဲမှာ တေဇောပန်းနဲ့ ပရုတ်ဆီရှိတယ် သီဟ။ ဗိုလ်ကျောက်ဖားလည်ကုတ်ကို လိမ်းပေးလိုက်ပါ။ မင်းတို့ပြုစုပေးလိုက်ပါ"

သီဟက ယော်သားတစ်ဦးကို ဗိုလ်ကျောက်ဖားအား ပြုစုစေခဲ့သည်။

"ယူဘီသဘော်ပေါ်က ယူလာခဲ့တဲ့ ပေါင်မုန့်နဲ့ ငါးသေတ္တာဘူးတွေရှိတယ် အာစရိ"

"အဲဒါကိုပဲစားကြရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကျောက်ဖားက စခန်းရောက်မှ ငါးသေတ္တာကို ဖောက်ရမယ်တဲ့ အာစရိ"

"သီဟ … ဒီပွဲမှာ ငါနိုင်တယ်ကွာ။ မင်းရှုံးတယ်နော်"

"ဟုတ် … ဟုတ်ကဲ့ အာစရိ"

အဓိပ္ပာယ်ရှင်းပါ၏။ နိုင်သူသည် စခန်းရောက်သည့်အထိ ခေါင်းဆောင်ပဲဖြစ်ပါလေ၏။

"ဟော့ … ငါးသေတ္တာနဲ့ ပေါင်မုန့်ရှိသလောက် စားကြဟေ့ ဒီနေ့အဖို့ ပွဲကြီးပွဲကောင်းပဲ။ စခန်းရောက်ရင်တော့ မျှစ်ပြုတ်နဲ့ ဆံပြုတ်သောက်ကြ"

သီဟက အသံကျယ်ကျယ်နှင့်အော်တော့သည်။ ထမင်းကို ထောင်း၍ချက်ကြရသည်။ ပေါင်မုန့်နှင့် ငါးသေတ္တာက မလောက်။ ချက်ချိန်ပြုတ်ချိန်နှင့် အဝေါ်ကြာသွားသည်။ ကိစ္စမရှိ။ စိုးအောင်နိုင်သည် တမင်ပင် အချိန်ဆွဲထားခြင်းဖြစ်





ပါ၏။

"သွယ်သွယ် … ကိုစိုးအောင်နိုင်ကို ဒီကိုလှမ်းခေါ်လိုက်ပါလား"

ဆွေဆွေဦးက ပြောလိုက်သည်။

"နင်ခေါ်ပါလား ဆွေဆွေ။ သူက နင်နဲ့ဆိုရင် ပိုပြီးရင်းနှီးခဲ့တာပဲဟာ"

"နင်ပဲခေါ်လိုက်ပါ သွယ်သွယ် … "

သွယ်သွယ်က ရဲရဲတွာပင် ခေါ်လိုက်တော့သည်။

"ကိုစိုးအောင်နိုင် … ဒီမှာပိုနေလို့ လာပါလား … "

"သွားလေ အာစရိ။ ဟိုမှာ အာစရိသွားစားရင် ဒီမှာ အပိုထွက်တာပေါ့"

အရှုန်းအပြောင်ဆိုလည်းဟုတ်တယ်၊ အမှန်တကယ်ပြောခြင်းလည်း ဖြစ်ပါ၏။

သူတို့ယောကျ်ားသားများဝိုင်းတွင် လောက်ငှဖို့ပင် ထတ်ခဲ၍ ထမင်းပင်ကျူနေရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နိုင်သည် သွယ်သွယ်တို့ဝိုင်းသို့ ကူးလာခဲ့သည်။ သွယ်သွယ်တို့နှင့်အတူ ဝိုင်း၍စားသောက်ပါလေ၏။

ဗိုလ်ကျောက်ဖားသည် ငါးသေတ္တာဘူးခွံတွေကို ခြေထောက်ဖြင့်ကန်ထုတ်နေခဲ့သည်။

"အင်း ... မသွယ်သွယ်တို့အခြေအနေထက် ကျွန်တော့်အခြေအနေ ဘယ်လိုလဲဆိုတာ မခန့်မှန်းနိုင်သေးပါဘူး။ ဗိုလ်ကျောက်ဖားကို မသွယ်သွယ်တို့ကို မဖမ်းဖို့ ကန့်ကွက်ခဲ့တာရယ်။ အခု ထမင်းစားပြီး နားနေတာရယ် အဲဒီအတွက် ဆရာကြီးနှစ်ယောက်ကို တိုင်မှာ သေချာတယ်"

"အဲဒီလိုတိုင်တော့ ကိုစိုးအောင်နိုင်အတွက် ... "

သွယ်သွယ်က စိုးရိမ်ဟန်လေးဖြင့် မေးရှာပါ၏။

စိုးအောင်နိုင် ကျေနပ်စွာပြုံးလိုက်သည်။

"ကျွန်တော့်ကို အပြစ်ပေးမှာပေါ့။ အပေါ့ဆုံးက လက်နက်သိမ်းတယ်။ စခန်းကအကျဉ်းမှာ သုံးရက်၊ ငါးရက်အထိ ထမင်းမကျွေးဘဲထားတယ်။ ဒုတိယတန်းအပြစ်ဆိုရင်တော့





တိုင်မှာ ကြိုးတုပ်ပြီး ကျွန်တော့်ကို တစ်ယောက်တစ်ချက် ဝိုင်းရိုက်နိုင်းတယ်"

"သေရောပေါ့ ကိုစိုးအောင်နိုင်ရယ် ... "

"မသေပါဘူး မသွယ်သွယ်။ ဦးခေါင်းကိုတော့ ရိုက်ခွင့်မပြုဘူး။ ငယ်သားတွေရဲ့မေတ္တာထားမှုအပေါ်မှာလည်း မူတည်တယ် ... ကိုယ့်ကို မေတ္တာရှိတဲ့လူက ရိုက်ချက်မပြင်းဘူး... အဲ ... ဗိုလ်ကျောက်ဖားလိုလူဆိုရင်တော့ ရိုက်ချက်ပြင်းဖို့ သေချာတယ်"

"နောက်ဆုံးအပြစ်ဒဏ်ဆိုရင်တော့ သေဒဏ်ပဲလေ။ သေနတ်နဲ့ ပစ်အသတ်ခံရတာပဲပေါ့ မသွယ်သွယ်"

"ဘယ်အပြစ်မှ မသက်သာပါလား ကိုစိုးအောင်နိုင်ရယ်။ သွယ်သွယ်တို့အတွက် ကိုစိုးအောင်နိုင်ခံရမယ့်အတွက် သွယ်သွယ် တကယ့်ကို စိတ်မကောင်းပါဘူး"

ပြောရင်း သွယ်သွယ် မျက်ရည်တွေဝဲလာပါ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ မသွယ်သွယ်။ ကျွန်တော်က ဘာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကိုမှ မခံတော့မယ့်လူမို့ပါ"

"ရှင် ... "

သွယ်သွယ်က နားမလည်နိုင်စွာကြည့်သည်။

ရှင်းပြရန် စိုးအောင်နိုင် ကြိုးစားသေးသည်။ သို့သော် ရှင်းခွင့်မရပါလေတော့။

သီဟရောက်လာသည်။

"ဗိုလ်ကျောက်ဖားက ခရီးဆက်ဖို့ပြောနေပြီ အာစရိ။ ဒါ... နောက်လိုက်လာမယ့် ရန်သူတွေကို ခြေရာကောက် လို... ခွင့်ပေးနေတာပဲတဲ့"

"ကောင်းပြီ။ ခရီးဆက်မယ်။ ခြေရာလက်ရာမကျန်အော... လက်စလက်နတွေ ရှင်းလိုက်ဦး သီဟ"

"ဟုတ်ကဲ့။ ဒါပေမဲ့ ဗိုလ်ကျောက်ဖား ကန်ကြောက်လို... တဲ့ ငါးသေတ္တာဘူးခွံတွေကို လိုက်ကောက်ရဦးမယ်ဆို... အချိန်နည်းနည်းထပ်ပေးပါ အာစရိ"

စိုးအောင်နိုင် စဉ်းစားသေးသည်။ ပြီးမှ ယတိပြ...





...ဖြတ်လိုက်ပြီး ပြောလိုက်၏။

"ရှာမနေနဲ့ကွာ။ ခရီးဆက်မယ်"

တပည့်တွေက ရနိုင်သမျှတော့ လက်စလက်နဖျက်... ...သည်။

"ရှေ့ ... ဗိုလ်ကျောက်ဖား။ ခင်ဗျားလက်နက် ခင်ဗျားပြန် ကိုင်ပါ။ ခင်ဗျားပဲ ခေါင်းဆောင်ပါ။ ရန်သူဆိုတာ အချိန်မ ရွေးတွေ့နိုင်တဲ့အတွက် သေနတ်လိုနေမယ်"

"ဟား ... ဟား ... ဟား ... ဟား ... "

ဗိုလ်ကျောက်ဖားက သဘောကျစွာရယ်တော့ ...သည်။

"မင်း လူလည်မလုပ်နဲ့။ ငါ့ကို ချွေးမသိပ်နဲ့ စိုးအောင်နိုင်။ မင်းက ငါ့ကို ခေါင်းဆောင်လုပ်ခိုင်းပြီး ညဏ်ကစားတာ ပေါ့။ ငါ့ကို စားစာခံခိုင်တာလား။ မယူဘူး သေနတ်ပြန် မယူဘူး"

"ကောင်းပြီလေ။ ခင်ဗျား သေနတ်မယူချင်လည်းနေ။ သိ...



www.burmeseclassic.com

www.burmeseclassic.com



အယာတကြီးတဲ့လူပဲ။ ကဲ ... ခင်ဗျားရှေ့ကသွား။ ဒါ ကျွ

တော့်အမိန့်ပဲ"

ဗိုလ်ကျောက်ဖားမငြင်းနိုင်တော့။ သူရှေ့ဆုံးကပ

ထွက်ခွာလိုက်တော့သည်။ နောက်က စိုးအောင်နိုင်နှင့် အခြားသူ

များ လိုက်ပါခဲ့ကြပါ၏။

လျှောက်ကြရင်းက စိုးအောင်နိုင်နှင့် သွယ်သွယ်

အဖွဲ့၏နောက်ဆုံးတွင် ရှိနေခဲ့သည်။

"စောစောကပြောခဲ့တယ်နော်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်

မခံတော့ဘူးဆိုတာလေ"

"ရှင်းရှင်းလေးပါ မသွယ်သွယ်။ ကျွန်တော့်ဆီမှာ သေနတ်

နှစ်လက် ကျည်(၁၂)တောင့်ရှိတယ်။ နောက်ဆုံး ကျွ

တော့်ကို သူတို့အပြစ်ပေးရင် သူတို့အားလုံးကိုပစ်ပြီး ကျွ

တော့်အသက်နဲ့လဲလိုက်ရုံပဲပေါ့"

"အသေခံမယ်ဆိုတဲ့သဘောလား ကိုစိုးအောင်နိုင်"

"ဟုတ်တယ်။ ဘာအပြစ်ကိုမှ မခံချင်လို့ ကျွန်တော်ဟာ





ထွက်ပြေးခဲ့တာပဲလေ။ မန္တလေး ဂေါ်ဝိန်ဆိပ်မှာတွေ့ခဲ့တဲ့

အချိန်ကစပြီး ကျွန်တော် ရာဇဝတ်ဘေးက ရှောင်ပြေးနေခဲ့

တဲ့လူပဲ"

"အပြင်လောကမှ ကိုယ်ယောင်ဖျောက်ခဲ့လို့ရပေမယ့် ရဲနဲ့

ပြဿနာဖြစ်တဲ့အခါ ကျွန်တော် ထွက်ပြေးရတာပါပဲ မသွယ်

သွယ်။ ဒါကို မသွယ်သွယ် သိပြီးလောက်ပါပြီ"

ထိုစဉ်မှာပင် သွယ်သွယ်သည် စိုးအောင်နိုင်အား

စိတ်မကောင်းစွာကြည့်လိုက်မိကာ သူမရင်ထဲမှ သိချင်သောအ

ကြောင်းအရာများကို မေးပါလေတော့၏။

"နေဦး ကိုစိုးအောင်နိုင်။ သွယ်သွယ် သိပ်သိချင်လာပြီ။ ကို

စိုးအောင်နိုင်ဟာ ဘာတွေဖြစ်ခဲ့လို့ ကိုယ်ယောင်ဖျောက်

တိမ်းရှောင်နေခဲ့ရတာလဲဟင်"

"လူသတ်ခဲ့မိလို့ပဲပေါ့ မသွယ်သွယ်။ မိုးကုတ်မှာ ကျွန်တော်

လူတစ်ယောက်ကို သတ်ခဲ့တယ်လေ"

"အို ... ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



“လူသတ်တယ်ဆိုတာ အကြောင်းတစ်ခုခုတော့ ရှိစမြဲပေါ့ မသွယ်သွယ်။ မသွယ်သွယ်လို လှတဲ့မိန်းကလေးတစ်ယောက်ကို သေနတ်ထဲကျည်ဆန်မကုန်မချင်း ပစ်သတ်ခဲ့တာ”

“ဘုရား ... ဘုရား ... ကိုစိုးအောင်နိုင်ပြောပုံကြီးနဲ့ကို ကြောက်စရာလန့်စရာကြီးပါပဲလား”

“ရက်စက်လိုက်တာလို့ မပြောတော့ဘူးလား မသွယ်သွယ်”

သွယ်သွယ် ငြိမ်နေခဲ့သည်။

“ကျွန်တော်ဟာ သိပ်ကိုအစွဲအလမ်းကြီးသူဆိုပါတော့။ ကျွန်တော်သတ်ခဲ့တာ ကျွန်တော့်ရဲ့ချစ်ဦးသူပါ”

“ဩော် ... ”

“ကျွန်တော်တို့ အထက်တန်းကျောင်းမှာ ငယ်စဉ်ကတည်းက ကျောင်းနေဖော်ပေါ့။ ဆယ်တန်းဖြေတဲ့နှစ်မှာ သူကျတယ်။ ကျွန်တော် အောင်တယ်။ အဲဒီမှာပဲ သူနဲ့ ကျွန်တော် ချစ်သွားခဲ့ကြတယ်”





“အို ... ”

“အဲဒီတုန်းက ကျွန်တော်က ဆယ့်ခုနစ်နှစ်၊ သူက ဆယ့်ခြောက်နှစ်ပေါ့။ သူ့မိဘရော ကျွန်တော့်မိဘမှာ မိုးကုတ်မှာ သိပ်ချမ်းသာကြတယ်။ အဲဒီကတည်းက မိဘချင်း ပြောပြီး စေ့စပ်ရင် ရခဲ့ပါတယ်”

“ဘာဖြစ်လို့မစေ့စပ်ခဲ့ကြတာလဲ”

“ငယ်ကြသေးလို့ပေါ့လေ။ မိဘတွေက သိကြပါတယ်။ သူက ကျွန်တော့်ကို စက်မှုတက္ကသိုလ်တက်ခိုင်းတယ်။ ချမ်းသာတာထက် ဂုဏ်ရှိဖို့လည်းလိုပါတယ်တဲ့။ ကျွန်တော် ရန်ကုန်စက်မှုတက္ကသိုလ်မှာ တက်ခဲ့တယ်”

“ဒါဆိုရင် ကိုစိုးအောင်နိုင် ဘွဲ့ရတာပေါ့”

“သူများ အင်မတန်အယူနည်းတဲ့ အီလက်ထရောနစ်ဘာသာရပ်နဲ့ ဘီအီးဘွဲ့ ရခဲ့ပါတယ်။ ရန်ကုန်မှာ ကျွန်တော် ဘယ်သူ့မှ ချစ်သူမထားခဲ့ဘူး။ ခြောက်နှစ်ခွဲလုံးလုံး တေးဂီတ၊ အားကစား၊ ကိုယ်ခံပညာရပ်တွေသင်ပြီး စိတ်ကိုနစ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"သြော် ... ဒါပေမဲ့ သေနတ်ပစ်တတ်နေတာကရော ဟင်"

"ကျွန်တော် အလယ်တန်းကျောင်းသားဘဝကတည်းက ကလေးသေနတ်ပစ်ကျွမ်းကျင်နေပြီ။ လက်လည်းဖြောင့်တယ်။ ကျွန်တော့်အဖေက အမဲလိုက်ဝါသနာပါတယ်။ သေနတ်ပစ်ကျွမ်းကျင်တယ်။ အဖေနဲ့ တောထဲလိုက်ရင်း သေနတ်ပစ်ကျွမ်းကျင်လာတယ်။ စက်မှုတက္ကသိုလ်ရောက်တဲ့နှစ်မှာ သေနတ်ပစ်အသင်းကို ဝင်ခဲ့တယ်။ လေ့ကျင့်ခဲ့တယ်။ ဒါကြောင့် သေနတ်ပစ်ကျွမ်းကျင်နေတာပါ"

စကားရပ်ပြီး သူရယ်နေမိသည်။

"ဘာဖြစ်လို့ရယ်နေပြန်တာလဲ ကိုစိုးအောင်နိုင်"

"ရယ်ချင်တာက မဆုံဆည်းနိုင်တော့ဘူးလို့ တွက်ထားခဲ့တဲ့ မသွယ်သွယ်နဲ့ ပြန်ဆုံရတာရယ်၊ မသွယ်သွယ်အတွက် ရေးထားခဲ့တဲ့စာတွေကို ပေးနိုင်ပြီလို့ ကျွန်တော်ရဲ့ဘဝကံကြမ္မာကို တွေးမိပြီး ရယ်ဖြစ်တာလေ"





"စာတွေရေးထားတယ် ဟုတ်လား".

"ဟုတ်တယ် မသွယ်သွယ်။ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းတွေအကြောင်းပဲပေါ့။ ကျွန်တော့်ရဲ့ချစ်သူကို သတ်ခဲ့မိတာပါ ရေးထားမိပါတယ်။ ဒါကလည်း မသွယ်သွယ် သိစေချင်လွန်းလို့ပါ"

"အဲဒါ ပြောပြလို့ရမလားဟင်"

"ကျွန်တော် ကျောင်းပြီးလို့ မိုးကုတ်ပြန်သွားတဲ့အခါ ကျွန်တော့်အသည်း ဟက်တက်ကွဲခဲ့ရတာပါဂဲ။ ကျွန်တော့်ရဲ့ချစ်သူ ဖြူဖြူသန့်ဆိုတဲ့ ချစ်သူပေါ့ မသွယ်သွယ်။ ကျွန်တော် နောက်ဆုံးနှစ်ဖြစ်နေတဲ့အချိန်မှာ နိုင်ငံခြားသင်္ဘောအရာရှိတစ်ယောက်နဲ့ လက်ထပ်လိုက်သတဲ့။ အဲဒီမှာတင် ကလဲ့စားချေဖို့ စိတ်ပြင်းထန်ပြီး သူ့ကို လိုက်ရှာခဲ့တယ်။ နောက်ဆုံး သူ ရန်ကုန်ကနေ မိုးကုတ်ပြန်လာတဲ့အချိန်မှာ သူ့အိမ်ပေါ်တက်သွားပြီး သေနတ်နဲ့ မသေမချင်းပစ်သတ်ခဲ့မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါ သိပ်ချစ်လွန်းလို့လား ဟင်"

"မဟုတ်ဘူး။ သစ္စာမဲ့ပြီး ယောက်ျားလေးတွေကို ချစ်တမ်းကစားပြီး နာကြည်းအောင်လုပ်တဲ့ သူ့ကို ထိုက်တန်တဲ့အပြစ်ပေးခဲ့တာ။ အဲဒါ သိပ်မုန်းလွန်းလို့ ... မုန်းလွန်းလို့ပါ။ သိပ်ချစ်လွန်းလို့မထင်ပါနဲ့ မသွယ်သွယ်"

"တကယ်တော့ ကိုစိုးအောင်နိုင်အနေနဲ့ ဖြူဖြူသန့်ကို သတ်ခဲ့တာ ဘဝကိုလည်း ပစ်လိုက်ရတာပဲမဟုတ်လား ဟင်"

"ဟုတ်တယ် မသွယ်သွယ်။ ဘဝကိုလည်း ပစ်လိုက်ရတာပဲ။ မှားမှန်းကို အတွေ့အကြုံရင့်ကျက်လာတဲ့အချိန်မှာ သိလိုက်ရတယ်။ ဒါပေမဲ့ ပြင်မရတော့ဘူး။ သူ့ကိုသာ ကျွန်တော် မသတ်ခဲ့ရင် ခုချိန်လောက်မှာ ကျွန်တော့်ရင်ထဲက ဒုတိယအကြိမ်မြောက် ချစ်သူကိုချစ်တဲ့အကြောင်းတွေ ပြောပြခွင့်ရမှာပေါ့ မသွယ်သွယ်"





ကြေကွဲဖွယ်ဇာတ်လမ်းတွေကို သွယ်သွယ် ဆက်နားထောင်နိုင်စွမ်းမရှိပါလေတော့။

ထို့နောက် ဗိုလ်ကျော်ဖားတို့အဖွဲ့နှင့်အတူ ခရီးဆက်ခဲ့ရပါလေသည်သာ။

ဤ



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁၀)

စခန်းရောက်ပြီးနောက် ပြဿနာက စတော့သည်။

စိုးအောင်နိုင်နှင့်ပတ်သက်ပြီး ဗိုလ်ကျောက်ဖားက အင်ပြတော့သည်။

ဆရာကြီးနှစ်ဦးက နားထောင်ခဲ့သည်။

တရားစီရင်ရာတွင် အားလုံးရှေ့မှာပင် စီရင်ခဲ့သည်။

"စိုးအောင်နိုင် ... မင်းက အမျိုးသမီးလေးဦးကို လွှတ်ပေးဖို့ တောင်းဆိုခဲ့တာ ဟုတ်သလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ လွှတ်ခိုင်းတာလဲ"

"သူတို့ဟာ ကျွန်တော့်မိတ်ဆွေတွေဆိုလည်း ဟုတ်တယ်။ ကျေးဇူးရှင်တွေဆိုလည်း ဟုတ်တယ်။ ဒါကြောင့် တောင်းဆိုခဲ့တာ"

ဆရာကြီးနှစ်ဦး မေးပွတ်စဉ်းစားသည်။

"နောက်တစ်ချက်က တို့တစ်တွေဟာ လူသတ်၊ မုဒိမ်းကျင့်ပစ္စည်းလုနေတဲ့ ဓားပြအဖွဲ့လို့ မင်း စွပ်စွဲခဲ့တာကိုရော"

"ဟုတ်ပါတယ်။ ဒီအဖွဲ့ထဲ ကျွန်တော်ရောက်ကတည်းက ဒီအတိုင်းလုပ်နေလို့ ဒီအတိုင်းပဲပြောပါတယ်"

ဆရာကြီးတွေ စဉ်းစားပြန်၏။

"မင်းဟာ ရန်သူနောက်ကလိုက်လာရင် တမင်အချိန်ပေးတဲ့အနေနဲ့ မနက်စာစားမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ နားတယ်ဆိုတာ ဟုတ်သလား"

"အဲဒါ မဟုတ်ပါဘူး။ ထမင်းစားချိန် ထမင်းစားမှ ခရီးဆက်နိုင်မှာမို့ နားတာပဲရှိပါတယ်။ ကျန်တဲ့အချက်တွေကို ငြင်းပါ





တယ်"

"မင်းအနေနဲ့ ဘာငြင်းမလဲ။ ဘယ်လိုချေပချင်သလဲ"

"နိုင်ငံရေးကိုဘန်းပြပြီး တိုင်းပြည်အတွက်လုပ်ဆောင်တဲ့နေရာမှာ အုပ်မတောင်ဖို့ ဒီနည်းမျိုးကိုပဲသုံးရတာယ်ပြောပါတယ်။ ကျွန်တော် လက်မခံပါဘူး။ သားကွဲမယားကွဲ တိုင်းပြည်အတွက် ဆောင်ရွက်နေချိန်မို့ လင်ရှိမယားပဲဖြစ်ဖြစ် စိတ်အာဟာရအတွက် ဖြည့်တင်းရမှာပဲဆိုပြီး အရွယ်ရောက်သူမိန်းကလေးတိုင်းကို မုဒိမ်းကျင့်နေတာ ကျွန်တော့်မျက်မြင်ပဲ။ ဒါကြောင့် ထပ်ပြောစရာမလိုတော့ဘူးလို့ ထင်ပါတယ်"

ကိုစိုးအောင်နိုင်က ခပ်ပြတ်ပြတ်တိုတိုပဲ ပြောလိုက်သည်။

ဆီဟနှင့် ငယ်သားများ ပါးစပ်အဟောင်းသားဖြစ်ကုန်ကြသည်။ ဆရာကြီးတွေ မှဲ့ခနဲ့ဖြစ်ကြရ၏။

ဆရာကြီးနှစ်ဦး အပြန်အလှန်ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး အပြန်အလှန် ခေါင်းညိတ်ပြလိုက်သည်။

"အေး ... ဒီနေ့အဖို့ ခရီးလည်းပင်ပန်းလာကြတယ်။ နှစ်ဦးလုံးရဲ့ဖွင့်ပွဲချက် အပြန်အလှန်ချေပချက်တို့ကို ငါတို့ အသေးစိတ်စဉ်းစားသင့်တာတွေရှိတယ်။ ဒီတော့ မနက်ဖြန် မွန်းတည့်ကျမှ စီရင်ချက်ချမယ်။ အဆုံးအဖြတ်ပေးမယ်"

❀





ညစာထမင်းသည် ဆန်ပြုတ်။

ငါး၊ ပုစွန်ပေါသောဒေသမို့ ဆန်ပြုတ်သည် မဆိုးလှ။ ချိုနေပါသည်။

ခရီးပမ်းလာသည်မို့ လေးဦးစလုံး အိပ်ပျော်သွားမိကြသည်။ ဒုက္ခတောဆိုပေမယ့် အရှယ်ကောင်းသူများမို့ ခံနိုင်စွမ်းတော့ရှိပါလေသည်။

ဖျတ်ခနဲ လူတစ်ယောက်ခြေနင်းသံကိုကြားလိုက်ရ၍ သွယ်သွယ် အပြင်ဘက်သို့ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်တွင် ကိုစိုးအောင်နိုင်ကို တွေ့ရ
သည်မို့ သွယ်သွယ် အပြင်ထွက်ခဲ့မိသည်။

"အိပ်မပျော်ဘူးလား မသွယ်သွယ်"

"တစ်မေးတော့ရလိုက်တယ် ပြောရမှာပဲ ကိုစိုးအောင်နိုင်"

"ကျွန်တော့်ကို တစ်မျိုးများထင်နေမလားတော့ မသိဘူး
မအိပ်ရဲတာကြောင့် အိပ်မဖြစ်ခဲ့ဘူးလေ"

"ဘာဖြစ်လို့လဲ ကိုစိုးအောင်နိုင်"

"ကျွန်တော့်ကို လက်နက်လာသိမ်းကြတယ်။ မပေးလိုက်
ဘူး။ ပေးခဲ့ရင် ကျွန်တော် ထာဝရအိပ်စက်သွားရတော့မှာ
လေ မသွယ်သွယ်။ အိပ်တာနဲ့ သူတို့လုပ်ကြံကြမှာပဲ။ အ
တင်းအကျပ်မလုပ်တာက ကျွန်တော့်အကြောင်းသိလို့
မှာပါ။ မသွယ်သွယ့်ကို ပြောပြပြီးသားပဲ။ မသွယ်သွယ်
စိတ်မချတာလည်းပါပါတယ်။ ကျွန်တော့်ရင်ထဲက ပြော
ချင်တာတွေကို ဖွင့်ပြောပါရစေတော့ မသွယ်သွယ်။ ကျွန်
တော့်ဘဝက ဝရမ်းပြေးလူသတ်ကောင်ပါ။ မမျှော်လင့်





ဘူး။ ဒါပေမဲ့ ချစ်တာကိုတော့ ဖွင့်ပြောပါရစေတော့ မသွယ်
သွယ်"

"အို … ကိုစိုးအောင်နိုင်ရယ် … "

သွယ်သွယ် မျက်ရည်တွေကျမိသည်။

"ကျွန်တော် မသွယ်သွယ်ကို ချစ်တယ်"

"သွယ်သွယ်လေ ဘာကိုပြောရမှန်းမသိတော့ပါဘူးရှင်။ ရင်
ထဲမှာ ကြေကွဲတာရယ်၊ ငိုချင်တာရယ် အဲဒါမျိုးတွေပဲ ခံစား
နေရပါတယ် ကိုစိုးအောင်နိုင်"

သွယ်သွယ် သိမ့်သိမ့်တုန်အောင် ငိုပါလေသည်။

စိုးအောင်နိုင် လတ်တစ်ဖက်က သွယ်သွယ့်ကို သိုင်း
ဖက်လိုက်မိသည်။

ထိုစဉ်မှာပင် …

"သွား … သွား … မလိုက်ဘူး …
ရှင်တို့ လူယုတ်မာတွေ မလိုက်ဘူး"

ကျယ်လောင်စွာ အော်ဟစ်လိုက်သော ခွေခွေ၏



www.burmeseclassic.com

www.burmeseclassic.com



အသံက ညှို့ယံကို ထိုးထွင်းပုံ့လွင့်သွားခဲ့သည်။

"အိုး ... အမေ ... ကယ်ကြပါဦး ... ကယ်ကြပါ"

ဆွေဆွေဦး၊ ခင်မိမိ၊ စိုးစိုးစံတို့အော်သံတွေ ဆူညံစွာ ပေါ်ထွက်လာခဲ့တော့သည်။

"ဟော ... ကိုစိုးအောင်နိုင်"

သွယ်သွယ် ငိုရှိုက်ရာမှ ပြောလိုက်သည်။

"သွယ်သွယ် ဘယ်မှမသွားနဲ့တော့နော်။ ဒီမှာပဲ ဝမ်းလျှားထိုးနေခဲ့ပါ။ ကျွန်တော်ပြောတဲ့အတိုင်းနေပါနော်"

စိုးအောင်နိုင် ခါးကြားမှ သေနတ်နှစ်လက်ကိုဆွဲထုတ်ကာ လှစ်ခနဲပြေးထွက်သွားခဲ့ပါ၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ...
ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

သေနတ်သံတွေက ဆက်တိုက်ထွက်ပေါ်လာခဲ့သည်။

ဘယ်ကဘယ်လိုပေါ်လာခဲ့မှန်း သွယ်သွယ်မသိ။





ဝမ်းလျှားထိုးမှောက်ရင်းမှပဲ အသံကို နားစွင့်၍သာ သွယ်သွယ် နေခဲ့မိပါ၏။

သေနတ်သံတွေနှင့် မရှေးမနှောင်းမှာပင် အသံချဲ့စက်နှင့် အော်သံက ဟိန်းထွက်လာခဲ့သည်။

အားလုံးနားထောင်ပါ။

အားလုံးနားထောင်ပါ။

"ဆီးဖြူစခန်းကို တပ်မတော်နဲ့ ရဲအဖွဲ့၊ ပြည်သူ့စစ် ၏အဖွဲ့တွေ ဝိုင်းထားပြီးပြီ။ လက်နက်ချပါ။ မချတဲ့သူ၊ ခုခံတဲ့သူတွေကို ပစ်ရပါလိမ့်မယ်"

မသေဘဲကျန်ခဲ့သူများသည် စလိုက်မီးမောင်းအောက်မှ သေနတ်တွေကိုချကာ လက်နှစ်ဖက် ခေါင်းပေါ်တင်ကာ ထွက်လာခဲ့ကြပါ၏။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၉)

ရှုံးသွားကြပါပြီ။

သူပုန်ရှုံးသည်ဆိုရမှာလား စားပြဲတစ်သိုက် ရှုံးသည်ပဲ ဆိုရမည်လားမသိ။

ဆီးဖြူစခန်းကို တပ်မတော်၊ ရဲအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့က အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

မြင်သမျှတွေသည် အနိဋ္ဌာရုံတွေပဲဖြစ်ပါလေ၏။

ဒဏ်ရာရသူတွေ၊ ကျဆုံးသူတွေ၊ သွေးသံအရဲရဲပင်။

သွယ်သွယ် ဒဏ်ရာရသူတွေကို လိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော … ကိုစိုးအောင်နိုင်"

စိုးအောင်နိုင် ခွေလဲကျနေခဲ့သည်။ သွေးတွေက သူ့ခန္ဓာကိုယ်ပေါ်မှာ အလိမ်းလိမ်းပေကျံနေခဲ့သည်။

သွယ်သွယ် မရှက်နိုင်ပါလေတော့။

စိုးအောင်နိုင်ကို ပေါင်ပေါ်သို့ သူမ ဆွဲတင်သည်။

"ကိုစိုးအောင်နိုင် … "

သူ မြင်ရသေးဟန်တော့ တူသည်။ စိုးအောင်နိုင် ပါးစပ်လှုပ်သည်။ အသံမထွက်ရှာ။

သူ လက်မှသေနတ်ကို လွှတ်ချလိုက်သည်။

သွယ်သွယ် ငိုလိုက်မိသည်။

သူ့ရင်ဘတ်ထဲသို့ လက်အနှိုက်မှာ စာအုပ်တစ်အုပ်ပါလာခဲ့သည်။ သွယ်သွယ်အား သူ လှမ်းပေး၏။

စာအုပ်ကို သွယ်သွယ့်အား ပေးခဲ့သည်။ သွယ်သွယ် လှမ်းယူလိုက်ပါ၏။

စိုးအောင်နိုင်သည် နီရဲသောသွေးတွေ အန်ထွက်နေ





သည့်ကြားမှ သွားစွယ်လေးများပေါ်အောင် ပြုံးပြရှာသည်။

ထို့နောက် ကိုစိုးအောင်နိုင် တစ်ချက်တွန့်ကာ ငြိမ်သက်သွားပါလေပြီ။ သူ ဘဝတစ်ခုကို ကျော်ခိုင်းသွားခဲ့ပြီ။

သွယ်သွယ် ဝမ်းနည်းကြေကွဲစွာပင် ငိုကြွေးနေလိုက်မိတော့သည်။

စိုးစိုးစံ၊ ခင်မိမိ၊ ဆွေဆွေဦးတို့ ရောက်လာကြသည်။

"သွယ်သွယ်ရယ် … ဖြေလိုက်ပါနော်။ ကိုစိုးအောင်နိုင်ဟာ သူ့အသက်နဲ့လဲပြီး တို့ဘဝတွေကို ကယ်ကင်သွား … သွားတာပါ။ တို့လည်း ဘယ်လိုမှ ဒီတစ်သက် ဖြေနိုင်ဖို့မလွယ်တော့ပါဘူး သွယ်သွယ် … "

သွယ်သွယ်ကို ဆွဲထူကြရင်းမှ ပြောရှာကြသည်။

သွေးချင်းချင်းနီရဲနေသော စာအုပ်ကလေးက သွယ်သွယ်ရင်ခွင်ထဲမှာ ငြိမ်သက်စွာ လိုက်ပါလာခဲ့ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၂၀)

ယူဘီသဘော်လေးသည် မြစ်ပြင်ကို ဖြတ်သန်းခုတ်မောင်းနေခဲ့ပါသည်။ သေဆုံးသွားသူတွေ၏ ရုပ်အလောင်းတွေကို သယ်ဆောင်လာခဲ့သည်။ အေးဒရဲဆေးရုံသို့ သယ်ဆောင်လာခဲ့ခြင်းပဲဖြစ်သည်။

သွယ်သွယ် မငိုပါလေတော့။

သွယ်သွယ်က ဘေးပတ်ဝန်းကျင်ကိုကြည့်ကာ လိုက်ပါလာခဲ့သည်။ သွယ်သွယ်၏ခံစားချက်ကို နားလည်သော သူငယ်ချင်းများက ဘာမှမပြောကြ။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာပဲ လိုက်ပါလာခဲ့ကြသည်။

သွယ်သွယ်သည် သွေးချင်းချင်းရဲနေသော ကိုစိုးအောင်နိုင်၏ မှတ်တမ်းစာအုပ်ကလေးကို ထုတ်ယူလိုက်သည်။

နဂိုက အပြာရောင်ဖြစ်သော်လည်း ကျည်ရာနှင့်အတူ နီရဲသောသွေးစက်တွေက စွန်းထင်းနေခဲ့သည်။

ငယ်ငယ်က နီသလို ပြာသလိုလိုမှတ်တမ်းကို တုန်ယင်သောလက်အစုံဖြင့် ဖွင့်လိုက်သည်။

"မောင်အချစ်ဆုံးကမင်း ..."

တစ်ရွက်ပြီးတစ်ရွက် လှန်၍ဖတ်သည့်တိုင် စိုးအောင်နိုင်၏ပုံရိပ်တွေနှင့် ရေးထားသောခေါင်းစီးဖြစ်သည့် "မောင်အချစ်ဆုံးကမင်း" ဟူသော စာတမ်းများကိုသာ သွယ်သွယ် မြင်နေရပါလေ၏။

သွယ်သွယ် မျက်ဝန်းမှ မျက်ရည်ပေါက်များက မှတ်တမ်းပေါ်သို့ တစ်ပေါက်ပြီးတစ်ပေါက် ကျလာခဲ့သည်။

"မသွယ်သွယ် ..."





တခြား ဘယ်သူမှ သွယ်သွယ့်အနီးတွင်မရှိသော်လည်း ကိုလတ်ဆွေတစ်ဦးကတော့ ရှိနေခဲ့သည်။

သွယ်သွယ်က ကိုလတ်ဆွေကို လှည့်ကြည့်သည်။

ကိုလတ်ဆွေက သွယ်သွယ့်အား စူးရှထက်မြက်သော မျက်ဝန်းအစုံဖြင့် ကြည့်နေခဲ့သည်။

သွယ်သွယ်က ကိုလတ်ဆွေအား ပြန်ကြည့်ကာ ကိုလတ်ဆွေ မကြားနိုင်သော ရင်တွင်းမှဖြစ်ပေါ်လာသည့်စကားကို ရင်ထဲမှာပဲ ပြောနေမိသည်။

သွယ်သွယ့်တစ်သက်မှာ ဘယ်သူ့ကိုမှ သွယ်သွယ် ချစ်တတ်တော့မှာမဟုတ်ပါဘူး ကိုလတ်ဆွေရယ်ဟူ၍ပဲ ဖြစ်ပါလေသည်။

ပြီးပါပြီ။

တက္ကသိုလ်တင်မြင့်



www.burmeseclassic.com